# မောင်ချောနွယ် ကဗျာပြပွဲ



မြန်မာကျူးပစ်ဖိုရမ်တွင် ဂုဏ်ပြုခြင်းကျင်းသည်။

## ထုတ်ဝေမှုမှတ်တမ်း

| | | |
|---|---|---|
| မြန်မာကျူးပစ်စာစဉ် | း | ချစ်တဲ့ကဗျာ (၁) |
| ကဗျာပုဒ်ရေ | း | ၆၉ ပုဒ် |
| ထုတ်ဝေခြင်း | း | ပထမအကြိမ် |
| ထုတ်ဝေကာလ | း | ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | း | ကန့်သတ်မထား |
| စုစည်းသူ | း | မောင်ပို |
| စာအုပ်အပြင်အဆင် | း | ကိုထက် |
| အတွင်းပန်းချီ | း | မှတ်သုန် |

## စာအုပ်အညွှန်း

PDF ဖိုင်နှင့် ထုတ်ဝေ ထားသောကြောင့် ကွန်ပျူတာ၊ လက်ကိုင်ဖုန်း စသည်တို့တွင် Adobe Reader နှင့် ဖွင့်ဖတ်နိုင်သည်။

မာတိကာ မှ ကဗျာနာမည်ကို နှိပ်ပါက၊ သက်ဆိုင်ရာ ကဗျာသို့ ရောက်ရှိသွားမည် ဖြစ်ပြီး။ ကဗျာအဆုံးမှ 'မောင်ချောနွယ်' ဆိုသည့် နာမည်ကို နှိပ်ပါက 'မာတိကာ' သို့ ပြန်ရောက်လာပါမည်။

စက္ကူဆိုဒ်မှာ A5 ဖြစ်ပြီး၊ Adobe Reader မှ ပရင့်ထုတ်လိုပါက၊ A4 တစ်ရွက်လျှင် ၂ မျက်နှာ (Multi pages per sheet) ထား၍ ထုတ်ပါ။ စာရွက်ကိုအလယ်မှ ဖြတ်ပြီး ကဗျာစာအုပ်အရွယ် စာအုပ် ချုပ်နိုင်ပါသည်။

# မာတိကာ


| | | |
|---|---|---|
| (က) | မျက်နှာဖုံးရည်ညွှန်းချက် | ၇ |
| (ခ) | ကဗျာဆရာနဲ့ပင်လယ်စားပွဲ | ၈ |
| ၀၁။ | လူကြိုက်နည်းတဲ့ကောင် | ၁၁ |
| ၀၂။ | ကြယ်ပြာလေးနဲ့ ထမင်းစားပြီးတဲ့နောက် | ၁၈ |
| ၀၃။ | ကိုယ်လက်သန့်စင်ထားတဲ့နေ့ | ၂၃ |
| ၀၄။ | ပန်းသီး | ၂၄ |
| ၀၅။ | ပင်မှည့်တေး | ၂၅ |
| ၀၆။ | ရုပ်ရှင် | ၂၇ |
| ၀၇။ | မစဉ်းစားခြင်းသေတ္တာ | ၂၈ |
| ၀၈။ | ခရီးလမ်း | ၃၀ |
| ၀၉။ | ငါး | ၃၂ |
| ၁၀။ | ကန်နာဗာရိုရဲ့ဘောလုံးတွေ | ၃၃ |
| ၁၁။ | ခေါင်းထဲက ဝိညာဉ် | ၃၄ |
| ၁၂။ | မစ္စတာချာလီ ခင်ဗျားကို ကျုပ်ဆွတ်လိုက်ပြီ | ၃၇ |
| ၁၃။ | ဖြူး | ၃၉ |
| ၁၄။ | ဂျုံးနီ | ၄၀ |
| ၁၅။ | ဖျံဖမ်းသမား | ၄၄ |

| | | |
|---|---|---|
| ၁၆။ | ပန်းချီ | ၄၇ |
| ၁၇။ | စိတ်အန်ဖတ် | ၄၈ |
| ၁၈။ | အသံထွက်ညှံ့ညှံ့နဲ့ ကံကြမ္မာ | ၅၀ |
| ၁၉။ | မျက်ရည်စစ်စစ်တွေ | ၅၂ |
| ၂၀။ | အရိပ်ခွေသစ်ပင် | ၅၅ |
| ၂၁။ | ရန်သူမဲ့သော နေ့ရက်များ | ၅၇ |
| ၂၂။ | မမတင်ရဲ့ ကျောင်းကလေး | ၅၉ |
| ၂၃။ | မင်းမုန်းတဲ့နေ့ဟာ ငါအမုန်တရားကို တွေ့ရှိတဲ့နေ့ဖြစ်တယ် | ၆၁ |
| ၂၄။ | ကမ္ဘာကြီးအတွက် မောနင်းပက် | ၆၃ |
| ၂၅။ | ပေတိုး | ၆၅ |
| ၂၆။ | ရေထဲမြို့ | ၆၉ |
| ၂၇။ | မြို့သစ်မိုး | ၇၁ |
| ၂၈။ | ဂီတ | ၇၃ |
| ၂၉။ | စက်ချုပ်သမား ရန်ကုန် | ၇၄ |
| ၃၀။ | ပြည် | ၈၀ |
| ၃၁။ | တန်ဖိုး | ၈၁ |
| ၃၂။ | မုဆိုး | ၈၂ |
| ၃၃။ | ကြေကွဲမှုအရောင် | ၈၃ |
| ၃၄။ | အငွေ့ပျံနေ့ရက်များ | ၈၅ |
| ၃၅။ | နေ့ဟောင်းများ | ၈၆ |

၃၆။ နွေဦး သစ်သီးသစ်များ ၈၈
၃၇။ ညီမလေးမမြင့် ၉၀
၃၈။ ငါနေကောင်းသွားပြီပန်းကလေးရေ ၁၀၁
၃၉။ ဖြစ်ခဲ့တယ် ၁၀၂
၄၀။ ချစ်လှစွာသော လောကဓံတရား ၁၀၆
၄၁။ ဟိုတယ် ၁၀၈
၄၂။ ဝတ်မှုန်ကူးကြ ၁၀၉
၄၃။ မြို့တစ်မြို့က ဝှက်ထားတဲ့ဖဲချပ်များ ၁၁၁
၄၄။ အချစ်အကြောင်းပြောတဲ့ည ၁၁၃
၄၅။ မျှော်လင့်ခြင်းထမင်းသိုးများ ၁၁၇
၄၆။ လေးသည်တော်ဝီလျံတဲလ်၏မြားချက်များ ၁၂၂
၄၇။ ဆတ်သွား ၁၂၄
၄၈။ သစ္စာပန်းများနဲ့ မေလ ၁၂၉
၄၉။ မစ္စတာဒဗလျူကလက်ရဲ့မှတ်တမ်းအရ ၁၃၂
၅၀။ မောင်ချောနွယ်အတု ၁၃၄
၅၁။ နှလုံးသားထဲကို ရေမသွန်ပါနဲ့ ၁၃၇
၅၂။ အိမ် ၁၃၉
၅၃။ ဘုရားသခင်က ကြွေအန်မကစားခဲ့ဘူး ၁၄၀
ငါတို့တွေက ကြွေအန်ကစားခဲ့တယ်
၅၄။ သက်မဲ့သက်သေ ၁၄၁
၅၅။ ခေါက်ရှာငှက်ကလေးများ ၁၄၃

၅၆။ အနည်းလိုအများစားခြေ ၁၄၄
၅၇။ အခွန်တော်မဲ့ ရာသီဥတု ၁၄၇
၅၈။ ရထား ၁၅၅
၅၉။ ဆေးစစ်ခံတဲ့ည ၁၆၄
၆၀။ ငါ့ကို ကျားတံဆိပ်ဘီယာ မတိုက်တဲ့နေ့က ၁၆၆
၆၁။ ချန်ပီယံ ဒါပေမယ့် ချန်ပီယံ ၁၆၈
၆၂။ နတ်တို့ခိုးဝှက်ခြင်းခံရတဲ့ ကဗျာ ၁၇၀
၆၃။ ကြမ်းပိုးများတဲ့အိပ်ရာ ၁၈၀
၆၄။ အထက်တန်းကျတဲ့ရေ ၁၉၅
၆၅။ မြေကြီးပေါ်မှာ ၂၀၄
၆၆။ မောင်ချောနွယ်ရဲ့လက်ဆောင် ၁၀၅
၆၇။ လက်တစ်ဘက်တည်း ပညာရှိနေတဲ့ ညနေခင်း ၂၀၆
၆၈။ စစ်အတွင်းက ကွဲကွာသွားတဲ့ သူငယ်ချင်းညီအစ်ကိုတတွေ ပြန်တွေ့တဲ့နေ့ ၂၀၇
၆၉။ ပြီးပါပြီ ၂၂၅

(ဂ) ကျေးဇူးမှတ်တမ်း ၂၂၉

## မျက်နှာဖုံးရည်ညွှန်းချက်

လူ့ဘဝမှာ ပင်လယ်ဓားပြတစ်ယောက်လို
ကဗျာ ရတနာကျွန်းကို ရှာဖွေခဲ့
ကဗျာရတနာတွေ အမြောက်အများ တူးဖော်ခဲ့၊ ချန်ထားခဲ့ပြီး၊
နောက် ၁၅ ဘဝ
ကဗျာရတနာ ရှာပုံတော်ခရီး ဆက်ဖွင့်နေဦးမယ့်
ဆရာမောင်ချောနွယ် … သို့



## ကဗျာဆရာနဲ့ပင်လယ်စားပွဲ

ကမ္ဘာမြေပေါ်က တစ်နေရာရာမှာ တစ်စုံတစ်ခုဟာ အမြဲမှားယွင်းနေခဲ့ပါလိမ့်မယ်။ သဘော်ာပျက်တစ်စင်း ပေါ်က အိမ်မက်တွေကို ကျွန်တော်က စာနာဖို့သိခဲ့တယ်။ အဲဒီအတွက်တာ ကျွန်တော်ရဲ့ ပျော်ရွှင်ခြင်းတွေဟာ သောင်တင်သဘော်ာတစ်စင်း ဖြစ်ခဲ့ရတယ်။ မြောက်မြား လှစွာသော မှားယွင်းခွင့်များရှိခဲ့တဲ့အတွက်၊ ကျွန်တော်က၊ မောင်ချောနွယ်က၊ အသက်ရှင်ခြင်းတရားကို အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုက်ပါရစေ။

ဘာတစ်ခုမှ အဆင်မပြေတာကိုရော ၊ ကံဆိုးမှု အကြိမ်ကြိမ်ကျရောက်ရတာကိုရော၊ ရောဂါပိုးမွှားတွေ ထူထပ်သိပ်သည်း နေခဲ့တာကိုရော၊ တစိမ့်စိမ့် တမြေ့မြေ့နာကျင် ပြီး ဆာလောင် နေရတာကိုရော ၊ ကိုယ်က ချစ်လိုက်ပြီး ပြန်အချစ်ခံခွင့်ရတာ ကိုရော အမုန်းခံလိုက်ရတာကိုရော ၊ အစစ စုပေါင်းဖြစ်တည် ပျက်ယွင်းနေတဲ့ ဒီဘဝ တိုတိုဆိုတာလေးကို အထူးလှိုက်လှဲစွာ ကျေနပ်လှပါတယ်။

(လူသား တစ်ယောက်နဲ့ တစ်ယောက် နူးညံ့ခြင်း ပြိုင်ပွဲမရှိခဲ့တာကိုတော့ ကျွန်တော်က ရယ်သွမ်းသွေးလို ပါတယ်။)

ပျော်ချင်တဲ့အချိန်မှာ လူတစ်ယောက် ရသင့်တဲ့ ကိုယ်တာ လောက်ပဲ အခွင့်ရလိုလှပါတယ်။ အဲဒီလိုဆိုဖြင့် ခုလက်ရှိ ခန္ဓာကိုယ်နဲ့ ဘဝကိုရော၊ အသက်ရှင်ခြင်း တရားကိုရော၊ လူတွေရဲ့ကပ်ပါးပိုး ဆိုတာကိုရော၊ ကျွန်တော်က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက် ပါကြောင်း ။

အရက်၊ တရားဓမ္မ၊ အမှားအယွင်း၊ ကာမဂုဏ်၊ ရန်သူ၊ မိတ်ဆွေ၊ အမုန်တရား၊ ရိုးသားမှု၊ ချစ်ခြင်းမေတ္တာ၊ ကျွန်းသစ်၊ မြို့ရွာ၊ နိုင်ငံ၊ နေမင်းကြီး ၊ လမင်းဖြူဖြူ၊ ခိုပြာရောင် ကြယ်ကလေးများနဲ့၊

ငွေစံပါယ် ဆေးပေါ့လိပ်ကလေးများကိုလည်း အထူးပဲ ကျေးဇူးတင်ရှိလှပါတယ်။ ဆယ့်ခြောက်(၁၆)အောင်စ အလေးချိန်ရှိတဲ့ လူသားရဲ့ အသည်းနှလုံးဟာ တစ်နေ့ကို အကြိမ်ပေါင်းတစ်သိန်း တိတိ ခုန်ချက်ရှိတယ်လို့ ဆေးဘက်ဆိုင်ရာ ကျမ်းတွေကဆိုတယ်။ လူတစ်ယောက်ရဲ့ တစ်နေ့တာ နှလုံးခုန်ချက်ဟာ အကြိမ်တစ်သိန်း ခုန်ချက်ရှိပါတယ် ဆိုတဲ့ အထက်ပါ ဆိုလိုချက်ကို ကျွန်တော် လက်ခံပါတယ်။ ဒါပေမယ့် ကျွန်တော့် အလိုအရတော့ အကြိမ်တစ်သိန်းတိတိ ခုန်ချက်ဟာ ထိချက်တစ်ချက် မဖြစ်နိုင်ပါဘူး။ အခိုက်ခဏတ် တစ်ခု မဖြစ်နိုင်ပါဘူး။ ခိုက်ထိချက် တစ်ချက်မရနိုင်ဘူး၊ ပြီးတော့ ထိချက် တစ်ချက်ဟာလဲ မှော်သားခဏတ် မစေးကပ်နိုင်၊ မပါဝင်နိုင်ပြန်ဘူး။ အဖိတ်အစဉ် ရှိသလို မှော်သားအထူအပါးလဲ ကွဲသွားနိုင် ပါသေးတယ်။ ထားပါတော့၊ ထိချက် တစ်ချက်လဲ ဖြစ်ခဲ့ပြီ။ အခိုက် ခဏတ်လဲ ဖြစ်ခဲ့ပြီ၊ မှော်သားလဲ ပါဝင်ခဲ့ပြီဆိုရင်တော့ အဲဒါဟာ အနုပညာပဲ၊ကဗျာပဲ၊ အစစ်ရတနာပဲပေါ့၊ နီဝါပြာစိမ်းတွေ ကွဲနိုင်ပါရဲ့၊ အရောင်ကွဲပြားမှုကတော့ သူ့တန်ဖိုး အမျိုးအစား လိုက်ပေါ့။ ရှိပါစေ။

“လူဆိုတာ ဘုရားသခင်က ကိုယ့်ကို ဘာပေးလိုက်တယ် ဆိုတာ သိဖို့လိုတယ်လို့ ကျွန်တော် ခံယူထားတယ်။ ဘုရားသခင်က ကျွန်တော့်ကို အဲ့ဒါပေးခဲ့တယ်။ ကဗျာ။”

ကျွန်တော်က သေးသေးမွှားမွှား ဘဝတိုတိုလေးမှာပင် ကိုလံဘတ်စ် ဖြစ်ချင်တယ်။ နယ်သစ်ပယ်သစ်တွေ ရှာဖွေချင်တယ်။ ကျွန်းသစ် မြေသစ်တွေကို စိတ်ဝင်စား တယ်။ လူသားတစ်ယောက်ဟာ ဘယ်လောက် ဝပ်အား ပျော်ရွှင်လင်းထိန်နိုင် သလဲ။ ကျွန်တော်က မဒမ်ကျူရီလည်း ဖြစ်လိုက်ချင်သေးတယ်။ ပြီးတော့ အက်ဒီဆင်၊ ပြီးတော့ မိုက်ကယ်အင်ဂျလိုဖြူရှိနာတီ၊ ပြီးတော့ ကဗျာဆရာ အိုမာခရမ်လည်း ပါတယ်ပေါ့။ သူတို့လိုပဲ ဝိုင်မူးမူး၊ နက္ခတ်ဗေဒမှာ

ကျွမ်းကျင်သူ၊ ပြီးတော့ ပြက္ခဒိန်သစ်တွေ ဘာတွေ တီထွင်ချင်တယ်။ ကမ္ဘာကျော် အဆိုတော် တစ်ယောက်က သူ့သီချင်းအယ်လ်ဘမ်ကို ဟောဒီလို နာမည်ပေးခဲ့တယ်။

ပင်လယ်ဓားပြ နဲ့ ကဗျာဆရာ … တဲ့။

ညီမျှခြင်းတစ်ခုကို သူ့ရဲ့ရှုထောင့်ကနေ ဆွဲပြထားတဲ့ ဒီသီချင်းမှာ သူ့ဆိုလိုချက်က ပင်လယ်ဓားပြတွေကလည်း ရတနာကျွန်းကို ရှာဖွေခဲ့ကြတယ်။ ကဗျာဆရာတွေကလည်း ရတနာကျွန်းကို ရှာဖွေခဲ့ကြတဲ့ သူတွေဖြစ်ပါတယ်….တဲ့။

ကမ္ဘာမြေကြီးရဲ့ ရင်ခေါင်းထဲကို အနက်ရှိုင်းဆုံးတူးဆွလာတဲ့ မြေတူးသမားဟာ သူ့လက်ထဲက သံတူရွင်း တစ်ချက် အတူးမှားရင် ၊ တွေ့ထားတဲ့ ကျောက်မျက် ရတနာ ပဲ့ရွဲ့ပြီး တန်ဖိုးဆုံးရှုံးနိုင်သလို တစ်ချက် မှားယွင်းပြန်ရင်လည်း မြေကြီးတွေ ကိုယ်ပေါ်ပြိုကျပြီး အသက်ဆုံးရှုံး နိုင်ပါတယ်။

တကယ်တော့ ကဗျာဆရာဆိုတာ ကိုလံဘတ်စ်လည်းဖြစ်၊ မဒမ်ကျူရီလည်းဖြစ်၊ မာကိုနီလိုလည်း ဆောင်းတွင်းအိမ်မက်တွေနဲ့ ကမ္ဘာကို ဆက်သွယ်နိုင်သူ၊ ကမ္ဘာမြေကို လင်းထိန်စေသူနဲ့ အိုမာခရမ်လို ဝိုင်မူးမူး နဲ့ နှလုံးခုန်ချက် တစ်သိန်း ထဲက ထွက်လာတဲ့ ခုန်ထိချက် တစ်ချက်ကို မှော်သက်သွင်းပြီး ထိခိုက်ချက်နဲ့ ကမ္ဘာနဲ့ လူသားဆီကို ပေးပို့လိုက်တာက ခု … သင့်လက်သူကြွယ်မှာ ဝတ်ဆင်ထားတဲ့ မြလက်စွပ် ကလေးပါပဲ ။ ။

**မောင်ချောနွယ်**

(၁၉၈၅၊ မောင်ချောနွယ်အတု ကဗျာစာအုပ်မှ အမှာစာ )



## လူကြိုက်နည်းတဲ့ကောင်

ဈေးထဲမှာ ကိုယ်ထည်ပြည့်ပြည့် အရသာရှိရှိ
ရေချိုငါးသလောက်ကြီးက ၁၈ကျပ်တဲ့ ။
နာမည်လည်းဖျင်း အဆီအသားလည်းဖျင်းတဲ့
ငဖျင်းက ၂၈ကျပ် ဈေးတဲ့ ။
ဒါနဲ့ ဆိုင်ရှင်ကို မေးကြည့်မိတယ် ။
ဘာဖြစ်လို့များ အရသာလည်းရှိ ကိုယ်ထည်လည်းပြည့်တဲ့
ရေချိုငါးသလောက်က ဈေးနည်းနေရတာလဲလို့ ။
လူကြိုက်နည်းလို့တဲ့ ။
ငါးဖျင်းကတော့ လူကြိုက်များလို့ ဈေးကြီးတယ်တဲ့ ။

ဟုတ်ကဲ့ မောင်ချောနွယ်ဟာ
လူကြိုက်နည်းတဲ့ကောင် ။

မိုက်ရိုင်း ထွားကျိုင်းလှချည်ရဲ့
မတ်တပ်စာတောင် မဖူမလုံနဲ့ကောင်
တုံးလုံးစာ ဝေလာဝေးလို့ ခန္ဓာကိုယ်နဲ့ ကောင်လေ။

ဘယ်လိုလဲ ဆိုတော့ကာ
အင်မတန် သန်းများတဲ့ မိန်းမခေါင်းပေါ်
သန်းတွေ တရွရွ တစိစိ ပွတက်နေသလိုမျိုးလေ
ကဗျာတွေက သူ့ကိုယ်ပေါ်မှာ။

အပေါ်စား ရက်စတော့ရင့်တွေက
အလကားရတဲ့ ဆာဒါးဟင်းချိုရည်တွေနဲ့
သူ့ဘဝကို မတည်ဆောက်လိုဘူးတဲ့။
ဒါပေမယ့် ခက်ရပုံများ
စားပွဲပေါ်မှာ သည်ဟင်းချိုရည်တစ်ခွက်ပဲ
ပူပူနွေးနွေး ရှိလေတာ။

နွမ်းပါးတဲ့ အောက်ခြေ လူတန်းစားတွေနဲ့
ဒူးတင်ပေါင်တင် တစ်တန်းတည်း နေပေမယ့်
ဘုံဆန်တဲ့ အိမ်သာမျိုးကျ
သင်းက မကြိုက်ပြန်ဘူးတဲ့။

အရက်ဖြူကို ယဉ်ကျေးမှု မြှင့်သောက်တတ်သေး
ဖိမ်ခံရကောင်းမှန်း သိတတ်သေး
အသုံးချ သောက်ရမည်မှန်း သိတတ်သေး
မူးလာရင် ထကဖို့
ဘယ်တော့မှ မမေ့တတ်တဲ့ကောင်လေ
ဘဝမှာ
သံအမတ်ကလည်း ဖြစ်ခဲ့ချင်သေးသတဲ့။

စကားပြောရာမှာ
အထက်တန်းကျအောင်
တော်ဝင်အောင် ပြောတတ် ပြောနိုင်ပေမယ့်
သူတစ်ဖက်လူကို အမှန်တကယ် ပြောခဲ့တာနဲ့
သူပြန်ပြောပြတဲ့အခါ
ပိုပြောတတ်တဲ့ ဉာဉ်ကလည်း ရှိသေး။

ပါးတဲ့နေရာမှာ ခြင်ထောင်ဇာထက် ပါးပေမယ့်
တကယ့်လက်တွေ့မှာ မကျင့်သုံးဖြစ်လို့
လူတွေက ထူတယ်လို့
အထင်ခံရမြဲ ကောင်လေ။

တစ်ခါတစ်ရံတော့လည်း
ဂျစ်ကားပေါ်မှာ
ပေါင်သားအလှ ပေါ်လွင်အောင်
အချိုးကျကျ ထိုင်တတ်တဲ့
အရွယ်ရှိရှိ အရာရှိကတော် တစ်ယောက်လိုလေ
အဲသည့် ကဗျာဆရာဆိုတဲ့ ကောင်ဟာ
နေထိုင်တတ်သေးတယ်။

သူ့သွေးကြောထဲမှာ ဂြိုဟ်တွေ
ကဗျာဆိုတဲ့ ပါပဂြိုဟ်တွေ
စူးဝင်စီးဝင်လို့
မောင်ချောနွယ် ဆိုတဲ့ကောင်ဟာ
ကမ္ဘာပတ် လမ်းကြောင်းထဲမှာ နေတာလို့
ကြက်ရင်အုပ်လောက်သာရှိတဲ့ သူ့ရင်အုံကို
ကော့ကော့ပြတတ်သေး။

သွေးစိမ်း တစ်ပေါက်ပေါက်နဲ့
တည်ဆောက်ခဲ့ရတဲ့ သူ့ဘဝခရီး
ဂီယာကုန် လီဗာကုန်မောင်းနှင်ခဲ့
သူ့ဘဝကို သားရေတစ်ပြားစာယူ
ခင်းကျင်းကြည့်လိုက်ရင်
မြို့တစ်မြို့ တည်နိုင်တယ်
မြစ်တစ်မြစ် စီးဆင်းသွားနိုင်ပေရဲ့။

ဒီကောင်က အသည်းက ခပ်ငယ်ငယ်ရယ်လို့
သူ့မွေးသမိခင်က ခဏခဏ
လူကြားထဲ ပြောခံရတဲ့ကောင်ပေါ့
ဘဝကို ရင်ခုန်သလို အရင်းအတိုင်းနေခဲ့။

နာကျင်တဲ့အခါ မအော်ဘဲ
ပျော်ရွှင်တဲ့အခါ ရယ်မောဖို့ နောက်မကျခဲ့ဘူး
သူ့အတိဒုက္ခကို တစ်ဖက်လူက
သိရှိလက်ခံပေမယ့်
သူက သူ့ဒုက္ခအပေါ်
ကိုယ်ဖော့ဖော့ နေတတ်လွန်းလို့
တစ်ဝက်ကူညီစာနာမှုသာ ရရှိခဲ့သူပေါ့။

ကုသိုလ်ကံ လိုက်ပံ့ကလည်း
ပါးစပ်နဲ့ ကူညီပြီး လက်မပါတဲ့ မိတ်ဆွေ
ပေါပြည့်လှတဲ့ကောင်ပေပဲ။

ခုံးထ ကမ္ဘာမြေကြီး
အခိုးအငွေ့ သစ်ကိုင်းနဲ့
အဲသည်သစ်ကိုင်းပေါ်က ယောင်ကိုင်းပြည်တည်နာ
မြစ်နဲ့ကမ္ဘာဦးကို တူးဆွလာတဲ့လက်
အမှန်တရားကတော့ လူတွေလိုပါပဲ
အောင်စ နည်းနည်းရယ်ပါ
သာမန်လူနဲ့ မတူတဲ့အရာဆိုလို့
ဒါတွေပဲ သူ့မှာ ရှိရဲ့။

ကျန်တာတွေကတော့
သာမန်လူတွေဆောင်ကြဉ်းနိုင်တဲ့စွမ်းရည်
သူ့မှာ ခပ်နည်းနည်းရယ်
ဥပမာ
မြို့မျက်နှာဖုံး သူဌေးမဖြစ်ခဲ့ဖူးဘူး
အရာရှိ မဖြစ်ခဲ့ဖူးဘူးပေါ့။

တစ်ခုခုကိုမြင်ရင်
သွားရေတများများနဲ့ ဖြစ်တာမျိုးကို
သိပ်ရွံရှာတဲ့ကောင်
ငယ်ငယ်က ဟိုဝါဒသည်ဝါဒတွေကို နည်းနည်းမြည်းစမ်းဖူး။

ခုတော့
မင်္ဂလာတရားနဲ့ အညီလေ
ငါးအပုပ်စားရပေမယ့်
ဗြဟ္မစိုရ်တရား လက်ကိုင်ထားလို့
ဘယ်သူတွေများ ငါးပုပ်စားရလို့
ဗြဟ္မစိုရ်တရား လက်ကိုင်ထားနိုင်ခဲ့လို့လည်း။

အဆုတ်မကောင်း
အသက်ရှူပြွန်တွေက မကောင်းလှပေမယ့်
မြေအောင်းနှစ်ချို့ဝိုင်ကောင်းကို ကြိုက်သေး
ဗာဂျီနီးယားကောင်းတဲ့ စီးကရက်ကို ကြိုက်သေး
အရက်ကလေးထွေထွေနဲ့ သူ့မိတ်ဆွေသူငယ်ချင်းတွေအပေါ်
သူ့ပေါင်းသင်းနေထိုင်ခဲ့ပုံက မယားတစ်ယောက်လိုလေ။

ဘာသာစကားအမျိုးမျိုး ပြောင်းမပြောတတ်လို့
ဖိနပ်အမျိုးမျိုး ပြောင်းမစီးတတ်လို့
ခဏခဏ အပြစ်တင်ခံရတဲ့ကောင်ပေါ့
ကိုယ့်သားအရွယ် ညီအရွယ်ကောင်တွေက
လိမ်တာညာတာကို လိမ်တာမှန်းသိသိနဲ့ ခံပြီး
သာယာနေတတ်တဲ့ကောင်လေ။

အပေါင်းအသင်း သူငယ်ချင်းတွေအပေါ်
လင်ကိုလုပ်ကျွေးတဲ့ မယားကောင်းလို ပေါင်းခဲ့ပေမယ့်
နှစ်ပေါင်းလေးဆယ်လုံးလုံး
သူ့ဘဝ သူ့ခန္ဓာအပေါ်ကျ မကောင်းခဲ့တဲ့သူလေ
မလည်မဝယ်နဲ့ အနေအထိုင်မတတ်ဘူးလို့
ရင်ဘတ်ဆွဲကြိုးနဲ့ ကောင်တွေရဲ့ အဝေဖန်ခံရလှပေါ့။

သူ့ကံလိုက်ပုံကလည်း
လူပါမက နတ်ပါမှုန်းအောင် ပြောတတ်တဲ့
ပါးစပ်ကြီးနဲ့ အဆွေခင်ပွန်း ဖြစ်ခဲ့ရသေး
အဲသည်ပါးစပ်ကြီးရဲ့ စကားပင်လယ်မှာ
အသက်လေးဆယ်နား ကပ်နေတာတောင်
အနေအထိုင် မတတ်သေးဘူးလို့
ရေနစ်နစ် နေရသေး။

တကယ်တော့
ဒါ သူ့မိမွေးတိုင်း ဖမွေးတိုင်းပါ
သူ့နူးညံ့သိမ်မွေ့မှုပါ
သူ့ယဉ်ကျေးတဲ့ သွေးကြောပါ
နတ်ဆိုးတို့ပါးစပ်မှာ
ပလပ်ခံရတဲ့
သူ့ကိုယ်ပိုင်အတွင်းသားပါ။

မောင်ချောနွယ်

(၁၉၈၉၊ ဟန်သစ်မဂ္ဂဇင်း အမှတ် – ၁)

## ကြယ်ပြာလေးနဲ့ ထမင်းစားပြီးတဲ့နောက်

ဟိုး ခပ်ဝေးဝေး
ကြိုးကောင်စဝင်စ အသံလေးမှာ
ပြန်စရာအိမ် မရှိရှာပါဘူး အမေရယ်
ကမ္ဘာမြေကြီးပေါ်မှာ
အကုသိုလ်ပန်းတွေဝေပုံကလည်း
အဖူးပေါ် အညွန့်တက်လို့
တပ်မက်စရာပါလား အမေ
သံသရာလေးတေးချင်းတွေက စီစီ
ပုရစ်ကလေးလို သားကမြည်လို့ပေါ့
တစ်ခါတစ်ရံတော့ အမေရယ်
သားဘဝဟာ
မြေငွေ့ပျံ ညလေးတစ်ည ဖြစ်ခဲ့ရတယ် ။

သားလေ
သူ့ကိုယ်ပိုင် အသီးတွေ
ညွတ်အိလေးလံနေအောင် ထမ်းပိုးထားရပေမယ့်
ပျော်ရှာတဲ့
ကုန်ထမ်းသမား သလဲပင်ကလေးကို
အားကျမိတယ် ။

အမေရယ်
လေတွေထန်နေလေလေ
သားမှာ ကြေကွဲရလေလေပါပဲ
မိုးဦးအကျစောမယ်ဆိုတာလည်း
တကယ်တော့
လောကဓံတရားပါလား
အိပ်စရာမရှိတဲ့ ညတွေမှာ
မိုးတွေသိပ်ရွာတာပဲ အမေရယ် ။

အမှောင်နဲ့ စိုစွတ်
မိုးရေတွေ ရွဲရွဲနစ်လို့
အသံတွေတောင် ၄တ်နေခဲ့ပါပြီ အမေ ။

ဆုံးရှုံးမှု သစ်ရွက်တွေ မရှုမလှနဲ့
ကံဆိုးမိုးမှောင် တောင်ကုန်းပေါ်မှာ
သားဘဝရဲ့ အပိုင်းအစတွေတဲ့လား
သားငြင်းဆန်တယ် အမေ
အမေ မသိဘူးလား
အမေ့သားက ကဗျာဆရာလေ
အမေရဲ့။

တကယ်တော့လည်း အမေရယ်
ကဗျာဆရာဆိုတာ
ဒဏ်ခံကြိုးလေးတစ်ချောင်းပါဗျာ ။
အမေရယ်
ဟောဒီ ကမ္ဘာလောကကြီးမှာ
အမေ့သား ကဗျာဆရာဖြစ်လာတာ
အပြစ်ရှိပါသလား အမေ
သားရဲ့ အချစ်မှာလေ
ဟောဒီ ကမ္ဘာကြီးနစ်ခဲ့ရင်တောင်
စစ်ဖြစ်ဖို့ မသေချာတော့ပါဘူး အမေရယ် ။

ခုတော့
တခြားသူတွေ မမြင်မိတဲ့ အသံကလေးကို
ခေါင်းအုံးအိပ်မိလို့
အကြင်နာအမဲ့ဆုံး ဆုလဒ်ကို သားရခဲ့ပါတယ် ။
အမေမသိဘူးလား
လူတွေရဲ့ အပြုံးမှာ
ကုန်ဈေးနှုန်းတွေပါတယ် အမေရဲ့ ။

ညှော်ခန်းနဲ့ အကျီကောင်းမှ
ဆက်ဆံတတ်တဲ့လူတွေရဲ့ သဘောထားကို
သား တူးတူးခါးခါး မုန်းတယ်အမေ ။

အမေရယ်
တခြားသူတွေ အတွက်တော့
အရာရာဟာ
လက်တစ်ပစ်စာရယ်ပါ ။
သားမှာတော့
ယူဇနာသန်းပေါင်းများစွာ ဝေးကွာလို့
သားလေ
ရေရောထားတဲ့ ညရယ်လို့ မရခဲ့ဖူးဘူး ။

သားရဲ့ ‘ ဘီး ’ ကလေးဟာလေ
ဘယ်လောက်တောင် ပါးလှပ်နေသလဲဆိုတော့
ဆံခြည်မျှင်လေးတစ်မျှင် နင်းမိရင်တောင်
ဘီးက ထပေါက်သွားနိုင်ပါတယ် အမေ ။

အလျှံညီးညီး မီးတောက်မီးလျှံကြီးထဲ
နေ့စဉ် ခုန်ခုန်ချနေရတဲ့ ဘဝခရီး
အခမဲ့ညတွေ သိပ်ပြီး သိပ်သည်းလွန်းလှ
အမေရယ်
လွတ်လွတ်ကျွတ်ကျွတ်ကြီး ကန်သွင်းခံရ
ကျနော် ဘယ်လောက်မှားယွင်းမိလို့လဲ အမေ
အဆုတ်က ကြပ်ခိုးစွဲမီးဖိုချောင်
ချောင်းဆိုးလိုက်တိုင်း ချောင်းဆိုးလိုက်တိုင်း
ရင်ခေါင်းကြီးထဲ မီးထ ထတောက်တာမြင်ရ
အမေရယ်
အတွင်းလူမမာ တစ်ယောက်ပါ ။

ဒါပေမယ့်
သစ်သားဘတ်စ်ကားအိုအိုကြီး ခိုစီးလို့
ကဗျာဆရာ မာယာကော့စကီးဆိုတဲ့ လူလည်းပါတယ်လေ
လူနဲ့သူနဲ့ မတူတဲ့လူလို့
လူတွေသူတွေ ပြောခံရတဲ့ သားမိတ်ဆွေပေါ့
ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာပြိုလဲခဲ့ပါသလဲ
ဘယ်တော့များမှ သမ္မဒေဝတွေလက်ထဲ ရောက်မှာတဲ့လဲ
တစ်ယောက်ကို တစ်ယောက် မေးရင်းပေါ့
မျက်စေ့တစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ
သောမဂြိုဟ်တွေ ချောင်းကောဖြစ်သွား
ဘဝကို ဖြစ်ညှစ်ကြည့်လိုက်တော့
လိမ္မော်သီးကလေးမှာ
အချိုရည် ကျန်သေးတယ်
အို . . .
အသည်းနှလုံးထဲမှာ
ပန်းတွေ အရမ်းပွင့်တာပဲ အမေရယ် ။

ကုတ်အင်္ကျီဝတ်ချင်တဲ့ ဆောင်းရာသီရယ်
မီးလျှံကင်းမဲ့တဲ့ မီးလင်းဖိုကြီးရယ်
နှင်းစက်တွေကို
အသေခံသောက်ချင်တဲ့ မြက်ပင်ကလေးရယ်
လမင်းကို
ပြည့်ပြည့်ဝဝ တိုက်ရိုက်မမြင်ချင်တဲ့ အပြုံးရယ်
အနေအထိုင်မတတ်တဲ့ ရေပန်းတိုင်ကလေးရယ်
မိုက်တွင်းနက်နက် ကဗျာပေါ် အချစ်ရယ်
မကြာခဏ
လူလိမ်ခံရတဲ့
ရင်ထဲက ကြယ်ပြာလေးရယ်

နက္ခတ်မိမိ ပျော်ချင်ရှာတဲ့
အပျော်လေးရယ်
သားလက်ဖဝါးထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်ထားလို့
တဆတ်ဆတ်တုန်နေတဲ့ သားဘဝလေးရယ်
အမေ့သားမှာ ပိုင်ဆိုင်ပါတယ် ။

ထမင်းစစ်စစ် စားချင်တယ် အမေရယ်
အိမ်နဲ့မွှေးတဲ့ အိပ်ရာစစ်စစ်မှာ အိပ်ချင်တယ်
ခြေထောက်တွေကို မီးဖိုအငွေ့ပေးချင်တယ်
ဗမာ ပရဆေးသန့်သန့် သောက်ချင်တယ်
ပြီးတော့ ဟောဒီလို
အမေ့မျက်လုံးအရောင်ကို မှတ်သိပ်ပါတယ်
တေပေလေလွင့်ပြီး ပြန်လာတဲ့သားကို
ကရုဏာသက်မြဲသက်တဲ့ အမေ့အကြည့်လေ

အမေရယ်
အမေ့ဆိပ်ကမ်း မကပ်တာ ကြာပြီဖြစ်တဲ့
သားသင်္ဘောလေ အမေရဲ့ ။
ကျနော် ရှုံးသွားခဲ့ပါတယ် အမေ
ဤသို့ပင် ပွဲတင်ပါလိမ့်မယ် ။ ။

မောင်ချော့နွယ်

## ကိုယ်လက်သန့်စင်ထားတဲ့နေ့

ဒီမှာ
စာမဟုတ်တဲ့ စာတစ်စောင်
အော်သံတစ်ခု
ပင်လယ်နက်နက်ထဲက
လူတွေမမြင်သာတဲ့ ပင်လယ်နက်နက်ထဲကလာတာ
ဒါဟာ
သတင်းပို့ချက်တစ်ခု
သို့မဟုတ်
ရတနာကျွန်းရှိရာ ပြည့်ညွှန်မြေပုံတစ်ခု
အိမ်မက်တစ်ထောင်ညတွေ ပါတယ်
အမြဲစိမ်းသစ်တောတစ်ခု ပါတယ်
ဆယ်ဘဝစာ အမောမီးခိုး ပါတယ်
ရွှေသားမီးလျှံတစ်ခုလည်း ပါတယ်
ရေကန်လေးတစ်ကန်သာ တောင့်တတဲ့
ငန်းဖြူတစ်ကောင်ရဲ့
ဆန္ဒအပူတွေ ပါတယ်
တစ်ဝက်မှိုတက်ခံရတဲ့
နှပ်ျုမှုတွေပါတယ်
လက်ခံပါ
ဘာတစ်ခုမှ မပြန်ကြားရင်နေပါ
ဘာတစ်ခုမှ ဆောင်ကျဉ်းမပေးရင်နေပါ
ခေတ္တလောက်တော့
နားဆင်ကြည့်လိုက်စမ်းပါ
သင့်ရဲ့ လူ့အဖြစ်ကို
အံ့သြထိတ်လန့်ဖွယ်ရာ
သင် ... ... တွေ့ရှိရမှာ ဖြစ်ပါတယ်။ မောင်ချောနွယ်

## ပန်းသီး

တစ်နေ့မှာ
ငါဟာ ငါ့ကိုယ်ငါ
ငါးရှဉ့်စူးတိုးသလို
အသေအချာ အမိအရ ထိုးစိုက်ဖမ်းကြည့်လိုက်တော့
ငါဟာ လူနည်းနည်းသာ တန်ဖိုးသိပြီးစားသုံးတဲ့
ပန်းသီးဖြစ်နေတယ်။

မောင်ချောနွယ်

## ပင်မှည့်တေး

လူတစ်ယောက်ရဲ့ အခိပ္ပါယ်ကို
လာ လာ မစွက်ဖက်နဲ့
ကိုယ့်အခိပ္ပါယ်နဲ့ ကိုယ်နေ
ဆုံးရှုံးခဲ့တယ်ဆိုတာပဲ
သေချာပလေ့စေ ။

လူတစ်ယောက်ယောက်ကို
လက်သီးနဲ့ ထိုးဖို့ဆိုတာက
ကိုယ့်မှာ မေးရိုးရှိရတယ် တဲ့ ၊
ငါ့လက်သီးတွေက
မင်းဆီသက်ရောက်ဖို့
ငါ့မှာ မေးရိုးရှိတယ် ။

ခုတော့ မင်းမှာ မေးရိုးမရှိဘဲ
မင့် လက်သီးတွေ
ငါ့အပေါ် လာလာသက်ရောက်နေတာ
အမှန်တရားရေ
မင်း တရားလွန်လွန်းပြီ ။

ဘဝမှာ
လေး ငါး ခြောက်ခု မလိုပါဘူး
နှစ်ခုပဲ
ချစ်သူစစ်စစ်နဲ့ ရန်သူစစ်စစ်
ဒီ နှစ်ခုပဲ ။

လူစိမ်းနဲ့တွေနဲ့ အသက်ရှင်နေရတဲ့
သူငယ်ချင်း မောင်စမ်းအေးရေ
မြို့တွေကို မာကြူရီမဆင်ရပါဘူး
ဘာကြောင့်လဲဆိုတော့
မြို့တွေကိုယ်တိုင်က
မာကြူရီနဲ့ လုပ်ထားလို့ပဲ ။

ဟောဟို စားပွဲနံပါတ်တစ်မှာ
ကိုယ့်ဘဝကိုယ် ကျကျနန စီရင်ချက်ချ
အခိုင်အမာထိုင်နေတဲ့
ငါ့ သူငယ်ချင်းအောင်ချိမ့်ဟာ
ထွန်းကားတဲ့ မြို့ကြီးတစ်မြို့ပေါ့ ။

ပွန်ပီးလို
ချော်ရည်တွေအောက်ရောက်ခဲ့ရပေမယ့်လဲ
‘ ဖော်ဝေး ’ ဆိုတဲ့ ကဗျာဆရာဟာ
ထွန်းကားတဲ့ မြို့ကြီးတစ်မြို့ပေါ့ ။

ဘယ်သူဟာ
ကမ္ဘာမြေတစ်ခုလုံးလုံး
ဆုံးရှုံးခဲ့ဖူးသလဲ
ကမ္ဘာမြေတစ်ခုလုံး ဆုံးရှုံးသူသာ
ကမ္ဘာကို ပြန်ရပေလိမ့် ။

ဘောလုံးသမား မာရာဒိုနာဟာ
ဂိုးတွေကို မှော်နဲ့သွင်းခဲ့တာပေါ့ကွာ ။ ။

မောင်ချောနွယ်

## ရုပ်ရှင်

အသည်းနှလုံးကို အလည်ထွက်မိလိုက်တော့
ကိုယ့်အိမ်မှာ
ကိုယ်နေစရာမရှိတာကြုံရ
သချိုင်းကုန်းကို ခေါင်းအုံးအိပ်တဲ့ညက
ညကိုမုန်းတယ်လို့ စကားဆို
နှုတ်ဆက်ပြီး
ညဟာညက
နိုက်ကလပ်ကို ထွက်သွားပြီ။

မောင်ချောနွယ်

## မစဉ်းစားခြင်းသေတ္တာ

ကမ္ဘာမြေပေါ်မှာ
ကိုယ့်ကိုချစ်တဲ့လူဟာ
ဘောလုံးအသင်းတစ်သင်းစာလောက်မှ ရှိရဲ့လား
မစဉ်းစားတော့ပါဘူး .. .. တဲ့။

ဘယ်သူဟာ
ပန်းသီးတစ်လုံးကို စားပြီး
နယူတန်လို တွေးခေါ်မိပါသလဲ
မစဉ်းစားတော့ပါဘူး .. .. တဲ့။

သီချင်းတစ်ပုဒ်ကို နားထောင်ရင်း
ဘယ်သူဟာ
ကမ္ဘာသစ်စေမယ့် သီအိုရီရှာဖူးလို့လဲ
မစဉ်းစားတော့ပါဘူး .. .. တဲ့။

တစ်ကိုယ်လုံး တစ်ဘဝလုံး စုတ်ယူ
ကိုယ့်ကိုမသေရုံ မွေးမြူထားတဲ့လူတွေ
ရှိနေပြီ
မစဉ်းစားတော့ပါဘူး .. .. တဲ့။

မည်သူမဆိုပေါ့
အရာအားလုံးကို မစွမ်းဆောင်နိုင်ဘူး
တစ်ခုခု လွဲချော်နေတဲ့အကြောင်း
ပြောပြချင်တယ်
မစဉ်းစားတော့ပါဘူး .. .. တဲ့။

ကမ္ဘာပေါ်မှာ
ဘယ်အရာကိုမဆို ညာလို့ရပေမယ့်
အစာအိမ်ကို ညာလို့မရတဲ့အကြောင်း
ပြောပြချင်တယ်
မစဉ်းစားတော့ပါဘူး .. .. တဲ့။

လူတိုင်းလူတိုင်းရဲ့ ရင်ထဲမှာ
ပင်လယ်ရှိတယ်
လူတွေဟာ
ဒီပင်လယ်ကို ကျယ်ပြန့်အောင်
နက်ရှိုင်းလှပအောင်
မစီးဆင်းတတ်ကြဘူး
မစဉ်းစားတော့ပါဘူး .. .. တဲ့။

မစဉ်းစားခြင်းသေတ္တာတစ်လုံးရှိခဲ့တယ်
ဘာကိုမှ မစဉ်းစားတော့ပါဘူးတဲ့
ဂျင်းဘောင်းဘီအိတ်ထဲကို လက်နှိုက်
မစဉ်းစားခြင်း သေတ္တာဟာ .. ...
လေချွန်ပြီးနေလေရဲ့ .. .. .. ။ ။

မောင်ချောနွယ်

## ခရီးလမ်း

(၁)
ငှက်ကလေးရေ
တို့လည်း မင်းလိုပဲ လေကိုဆန်ပျံသူတွေပါပဲ ။

(၂)
ရွှေဝါးပင်ဝါးရုံရိပ်လေးအောက် ကျွန်တော်ရောက်ခဲ့တယ် ။
ရွှေရောင်ဝင်းဝါနေတဲ့ ဝါးပင်တွေ ကိုကြည့်ရင်း
ကျွန်တော်လည်း အဲဒီလို ရှားရှားပါးပါး ရွှေဝါးပင်ကလေး
ဖြစ်ချင်ခဲ့ပါတယ်။ ဖြစ်များဖြစ်နေသလား
ကျွန်တော့်ကိုယ် ကျွန်တော် စမ်းသပ်ခဲ့ပါတယ် ။
ရွှေဝါးပင်ကလေးဟာ ကဗျာဆရာ ဖြစ်နေတာ ကျွန်တော်
တွေ့ရှိရပါတယ် ။

(၃)
ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ အသည်းနှလုံးတွေကို
ထိန်းသိမ်းခဲ့ရပါတယ်။
ဝမ်းနည်းဖွယ် အချက်အလက်တွေချည်းပါပဲ ။
ကျွန်တော် တို့ရဲ့ နေ့စဉ် နေ့စဉ် ရက်များဟာ
ဒဏ်ရာနဲ့ရက်များချည်းပါပဲ။
ချစ်ခြင်းမေတ္တာရဲ့ ဟိုဘက်မှာ ဘာများရှိပါသလဲ ။
ကျွန်တော်တို့ဟာ ဘုတ်လိုလည်း တအီအီနဲ့ အီခဲ့ရပါတယ် ။
ကျွန်တော်တို့ဟာ ချိုးကလေးလိုလည်း
တကူးကူးအော်မြည်ခဲ့ရပါတယ်။
ကျွန်တော်တို့ဟာ ကျွန်တော်တို့ ဘဝကို စူးထိုးစိုက်ပျိုးခဲ့ရပါတယ်
ဆုံးဖြတ်ချက်ချရန် ခက်ခဲတဲ့အချက်အလက်အကြောင်း မြောက်များစွာ
ကျွန်တော်တို့ရရှိခဲ့ပါတယ် ။
စူးရှနက်ရှိုင်းမှုတစ်ခုပေါ်မှာ ကျွန်တော်တို့ ရပ်ခဲ့မိပြန်သေးတယ် ။

ကျွန်တော်တို့ဟာ ကျွန်တော်တို့ ဘဝတွေကို ကျောက်စိမ်းကွမ်သလို
ကွမ်နေခဲ့ရပြန်ပါသေးတယ်။
လန်းလန်းဆန်းဆန်း ပန်းကလေးတွေ ပွင့်လန်း ။ ဒါကိုလည်း
ကျွန်တော်တို့ ကြည့်ရှု ကြည်နူးခဲ့ရပါသေးတယ် ။

နေ့တိုင်း နေ့တိုင်း ကျွန်တော်တို့ နက်ရှိုင်းခဲ့ကြရပါတယ် ။
နေ့တိုင်း နေ့တိုင်း ကျွန်တော်တို့ လှိုင်းထခဲ့ရပါတယ် ။
မြက်ကိုတစ်ပင်ချင်း ဆွဲတက်ရတဲ့ တောင်တက်လမ်းကို
ကျွန်တော်တို့ ရွေးချယ်မိခဲ့ကြပါတယ်။

(၄)
ကလေးဘဝက တောလမ်းကွေ့ကလေးမှာ ဆွေးဖွယ်ပန်းများ
လွှမ်းခဲ့ပါပြီ။
အဝေးရပ်ကိုမျှော်ကြည့်လိုက်တော့
အနေအထားမှားတဲ့ သက်တံ တံတားအောက်မှာ
ကျွန်တော်တို့ ရဲ့ အသက်ရှင်ခြင်းတွေဟာ
မီးခိုပြာငွေ့တစ်ငွေ့လို ပျောက်ပြယ်ပြီး ပါးလျားသွားခဲ့ပါပြီ ။
ပင်လယ်ပြာအေး မှာ ခြေဆေးပါရစေ
ရွှေနေခြည်ရေ ။
ပတ္တမြားတိမ်အုပ်ကို ဆုပ်ကိုင်ပါရစေ
ရွှေနေခြည်ရေ ။
ငှက်မွေးတောအုပ်ကို လှုပ်ကစားပါရစေ
ရွှေနေခြည်ရေ ။
ချည်ကြိုးမှာ သီလာခဲ့
ဖြည်ကြိုးမှာ ပြေပါလှည့်
တို့အိမ်ရာ ဘယ်မှာရှိတယ်
ပို့ခဲ့ပါကဗျာလေးတွေရယ် ။ ။ မောင်ချောနွယ်

## ငါး

တစ်ဘဝလုံးလိုလို
ငါးရယ်လို့ တစ်ကောင်တစ်လေမှ မမိ
ကြည့်
မိမယ့်မိတော့ စကြာဝဠာကြီး
အပေါ်ဆွဲတင်လိုက်တော့
ငါ့ငါးမျှားတံဟာ ကိုင်းညွတ်ပြီး
သက်တန့် ဖြစ်သွား
ငါ့ကို ပြန်မျှားခဲ့ပေါ့။ ။

မောင်ချောနွယ်

## ကန်နာဗာရိုရဲ့ဘောလုံးတွေ

ငါတို့ဟာ
အလှဆုံး ထိုးဖောက်မှုတွေနဲ့
တစ်ဖက်အသင်းကို ထိုးဖောက်နိုင်ခဲ့ကြတယ်။
မိမိရရ ကန်ချက်တွေနဲ့
တစ်ဖက်အသင်းရဲ့ ထိုးစစ်တွေကို
ခုခံနိုင်ခဲ့ကြတယ်။
တချိန်လုံး တစ်ဖက်အသင်းကို ဖိကစားနိုင်ခဲ့ကြတယ်
ဒါပေမယ့် ...
တစ်ဖက်အသင်းရဲ့ ထောင့်ကန်ဘောတွေဟာ
ကြောက်ခမန်းလိလိ
တစ်ဖက်အသင်းရဲ့ ထောင့်ဖြတ်ဘောတွေ
လျှပ်တစ်ပြက် ထိုးစစ်တွေကလည်း
အသည်းကို အေးအေးသွားရအောင်ပါပဲ
ငါတို့တွေ
ဘဝနဲ့ရင်းပြီး အသေအလဲ ကစားခဲ့ရတယ်
ထိုးစစ်အရှင် ခံစစ်အရှင်တွေနဲ့
အမျိုးမျိုးပြောင်းလဲပြီး
အလဲလဲအပြိုပြို ကစားခဲ့ရတယ်
အခု ... အချိန်ပို ကစားရလို့ ရေနက်ပိုင်းကို ရောက်ခဲ့ပြီ။

"ကန်နာဗာရိုရေ
မင်းအကောင်းဆုံး ကစားခဲ့ပေမယ့်
မင်း ဂိုးမရခဲ့ဘူး မဟုတ်လား
အေး ... ငါတို့လည်း မင်းလိုပဲ
ဂိုးမရခဲ့ကြဘူးလေ
သူတပါးရဲ့ ခြေကြိုခြေကြားက
ဘောလုံးတွေ
ငါတို့တွေ ဖြစ်ခဲ့ကြလို့နေမှာပါကွာ" ။ မောင်ချောနွယ်

## ခေါင်းထဲက ဝိညာဉ်

ခေါင်းထဲမှာ ဝိညာဉ်တခုပဲ လုံးလုံးရှိတယ်
ခေါင်းထဲမှာ အလောင်းမရှိဘူး
အလောင်းက သေခြင်းတရားနဲ့ စားသောက်နေလေရဲ့။

ကြက်ကင်တွေ
ဒိန်ခဲတွေ နိုင်းချင်း
ဒန်းဘလက် အမန်းညက် ဘရန်ဒီ
ကမ္ဘာကျော် စီးကရက်တွေနဲ့ ဝိုင်းကောင်းလို့။

သူတို့အပါးမှာ စားပွဲထိုး ၉၆ ယောက်ကလည်း
လိုလေးသေးမရှိအောင် ပြုစုလို့ပေါ့။

သေခြင်းတရားက ဟောဒီလို စကားစပြောတယ်
“ဟောဒီလောကကြီးမှာ
မြက်လျှောလို လင်းမြွေလို လမ်းလျှောက်တဲ့ သူတွေကို
ငါသိပ်အထင်သေးတယ်”

အလောင်းက ဒီစကားကို ထောက်ခံတယ်
“ဟုတ်တယ် ...
ဒီကောင်တွေက ဘဝတစ်လျှောက်လုံးလုံးချည်း
ကာယိန္ဒြေမရှိတဲ့ ကောင်စားတွေ

ပြီးတော့လည်း
ရှေ့ခုနှစ်ဘဝ နောက်ခုနှစ်ဘဝ
အနုပညာမရတဲ့ ကောင်တွေ
အနုပညာသည်ယောင်ယောင် ကောင်စားတွေ
တကယ်ပြောတာ
ရှေ့ခုနှစ်ဘဝ နောက်ခုနှစ်ဘဝ
အနုပညာမရတာ သိပ်သေချာတဲ့ ကောင်စားတွေ"

အလောင်းက အရက်ခွက်ကို မော့ချလိုက်တဲ့အခါ
သေခြင်းတရားက ပြောတယ်
"ဟုတ်တယ် ...
အဲဒီကောင်တွေဟာ
ပုစွန်ခြောက်သုပ်လောက်မှ
စားမကောင်းတဲ့ ကောင်တွေပါကွာ
ဘုရားသခင်က သူတို့ဦးနှောက်ကို နှစ်ဇွန်းလောက် ခပ်ယူပြီးမှ
လူ့ဘဝ လွှတ်လိုက်တာ
ဒါတွေ ဒင်းတို့က သိတဲ့ကောင်တွေ မဟုတ်ဘူး
ဟား ဟား ဟား ...
စားပွဲထိုးတွေကပါ ဝိုင်းရယ်လိုက်ကြလို့
တခန်းလုံး အသံတွေလျှံပြီး အခန်းကြီး ပွင့်သွားလေရဲ့။

အလောင်းက ...
"ဟုတ်တယ် ဒီငနဲတွေက
အတုတွေကို လိုက်လိုက်တုနေရတဲ့ ငနဲတွေကွ
သူတို့မှာ အမှားအမှန် မလိုဘူး
သွေးပူနေတဲ့ အချိန်မှာ ကိုက်မယ်
ပြီးတော့ လိုချင်တာ အကုန်ပူဆာတတ်တဲ့ ကောင်တွေကွ"

သိလား ဟုတ်လား
အာလေးလျှာလေးနဲ့
အလောင်းရော သေခြင်းတရားပါ မူးနေကြပြီ
သေခြင်းတရားက မူးရင် သွေးဆိုးတယ်လေ
"ဘာလဲ မင်းက ငါ့ကို ပူဆာတဲ့ ကောင်လို့ ပြောတာလား
ဟော ဟိုမှာ ဝိညာဉ်ရှိတယ်
မင်းကဘာလဲ"

အဲဒီလိုကနေ သေခြင်းတရားနဲ့ အလောင်း ရန်ဖြစ်ကြတယ်
အလောင်းက သေခြင်းတရားကို လက်သီးနဲ့ ထိုးပစ်လိုက်တယ်
ရွှံ့စေးမြေ ပျော့ဖတ်ကြီးထဲ
သေခြင်းတရား ထိုးကျသွားတယ်
အလောင်းက ရင့်ကျက်သူ မျက်နှာနဲ့
သေခြင်းတရားကို လက်ပိုက်ပြီး စိမ်းစိမ်းကြည့်နေ
ဒီအချိန်မှာ ခေါင်းထဲက ဝိညာဉ် ခုန်ထလာ
အရက်တလုံးကို ဖောက်ပြီးသောက်
ဟေ့ ...
ဒါတွေအားလုံးဟာ
(ဒီအဖြစ်အပျက်အားလုံးကို ဆိုလိုချင်ဟန်)
သောကြာနေ့က သောက်ထားတဲ့
လက်ကျန်အရက်တွေ မဟုတ်ဘူးလို့ ပြောလိုက်တယ်။

အဲဒီအခါမှာ
အလောင်းရော သေခြင်းတရားပါ သေဆုံးသွားပါလေရော။ ။

မောင်ချောနွယ်

## မစ္စတာချာလီ ခင်ဗျားကို ကျုပ်ဆွတ်လိုက်ပြီ

မစ္စတာချာလီ
ခင်ဗျားကို ကျုပ်ဆွတ်လိုက်ပြီ။

ထပ်ပြောပါရစေ
မစ္စတာချာလီ
ခင်ဗျားကို ကျုပ်ဆွတ်လိုက်ပြီ။

ဒီမှာ ကျုပ်အဆွတ်ခံ မစ္စတာချာလီ
တော်တော်များများဟာ ခင်ဗျားပေါ်မှာ တည်မှီပြီး
ကျုပ်ဆွတ်ခွင့်ရလိုက်တော့
ခင်ဗျားဟာ
တော်တော်များများ ဆွတ်ထားတဲ့လူလို့
ကျုပ်သိလိုက်ရ။

ကျန်တချို့ တော်တော်များများဟာလည်း
ခင်ဗျားအဆွတ်ခံဖို့ စောင့်နေကြမှန်း
ကျုပ်သိထားတာထက် ပိုသိလိုက်ရ
ကျုပ်မသိချင်တာတွေကိုလည်း သိလိုက်ရ

ဒီမှာ ...
မစ္စတာချာလီ
ခင်ဗျားဟာ ဒီလို မဆွတ်တတ်ခင်ကတည်းက
လူလည်လုပ်နည်းကို အရင်တတ်ခဲ့
ခင်ဗျားဟာ
သင်စုန်း မဟုတ်ဘူး
ခင်ဗျားဟာ ဝမ်းတွင်းစုန်းဆိုတာ
ကျုပ်သိလိုက်ရမှုက
သံတုံးသံခဲတွေ ဖြစ်ခဲ့ပေါ့။

ဒီမှာ ...
မစ္စတာချာလီ
သံတုံးသံခဲတွေမှာ သွေးသားမရှိဘူး
ခင်ဗျားရဲ့ ခူးဆွတ်ထားမှု
ခင်ဗျားရဲ့ ဆွတ်ဖျန်းထားမှုတွေကို
ကျုပ်ဆွတ်လိုက်ပြီ
ထပ်ပြောလိုက်ပါရစေ
မစ္စတာချာလီ
ခင်ဗျားကို ကျုပ်ဆွတ်လိုက်ပြီ။ ။

မောင်ချောနွယ်



# ဖြူး

ပဋ္ဌသန္ဓေ တားဆေးစားပြီး ဝဖီးသူမိန်းမလို
အဝေးပြေးကားကြီးတွေ
ချစ်မှုတစ်ခုခုဆီ စုန်စုန်သွားကြ
ကုန်စည်အသစ်အသစ်တွေဆီ ဆန်ဆန်သွားကြ
ထွေးပွေ့လိုက်စမ်းပါ
ထွေးပွေ့လိုက်စမ်းပါ ဆိုဆိုပြီး
ရထား
ဝင်ချလာ
မြို့တွေကို ဖြူးချလိုက်ပါပေါ့
ဖြူး .. ။

မောင်ချောနွယ်

## ဂျုံးနီ

ဂျုံးနီ
ငါအရက်မူး ပြန်လာတိုင်း ပြန်လာတိုင်း
ငါ့အရက်နံ့ကို မင်းကြိုဆိုနေကျ၊
လူတွေဟာ
သူတို့သောက်တဲ့ ရေကို သူတို့နှာခေါင်းရှုံ့နေကျ၊
လူတွေဟာ
သူတို့ဆောက်တဲ့ အဆောက်အအုံကို သူတို့သည်းညည်းမခံနိုင်ကြဘူး
မင်း ငါ့အရက်နံ့ကို ပျူပျူငှာငှာ လက်ခံနေကျ၊
အရက်သမား ငါ့ကို အသိအမှတ်ပြုနေကျ။

ဂျုံးနီ
ငါ စိတ်အခန့်မသင့်ရင်လေ
မင်းကိုယ်ပေါ်
ငါ့ခြေထောက်တွေ ရောက်နေကျ၊
ငါ့ဒေါသက
ဘာမှမဆိုင်တဲ့ မင်းကိုယ်ပေါ်
ငါ့ခြေထောက်တွေ ရောက်နေကျ၊
နာလွန်းလို့ မင်းအော်လိုက်ရင်တောင်
မင်း
ငါ့ခြေထောက်တွေကို အားနာနေကျ။

ဂျုံးနီ
မင်းအင်အားကုန်သုံးပြီး ခုန်ပေါက်ပြေးဝင်လာ
အမြဲတမ်း ငါ့ကိုကြိုတာ
တာဝန်အရလို့ မင်းစိတ်မှာ မထားမရှိတာ
ငါမြင်ရ
ငါရခဲ့တယ်။

ဂျုံးနီ
ငါ မင်းကို အသားကောင်းကောင်း မကျွေးခဲ့ဘူး
တစ်ခါတစ်ရံတော့
ငါ့စိတ်ကောင်းဝင်နေမှုဟာ
ချောကလက်ကလေးတွေအဖြစ် မင်းစားရပါတယ်။

ဂျုံးနီ
ငါမှတ်မိတယ်
မင်းမြေကြီးကို တူးတူးပြီး ဆော့တတ်တာလေ
ငါသိပ်ကြည်နူးတဲ့ ရှုခင်းလေးပေါ့
ငါက မင်းရှေ့ကိုကျော်ပြီး ခဲလုံးလေးတွေ ပစ်တယ်လေ။

ဂျုံးနီ
လေတဟူးဟူး ထန်နေတုန်းက
မင့်နှုတ်သီးကို ရှေ့ပစ်ပြီး
တအူးအူး တအုအုနဲ့ မင်းအူးမြူးနေတာ
ငါတုတ်နဲ့ လိုက်ရိုက်တော့
မင်းကြောက်ဟန်ဆောင်ပြီး ထွက်ပြေးတာ

ဂျုံးနီ
မင်းကိုယ် ဝဝဖီးဖီးကြီးကြီးနဲ့
ငါ့ကို ဆောင့်ဆောင့် တိုးဝှေ့နေကျလေ
ငါလက်ဖျောက်တစ်ဖျစ်တီးလိုက်ရင်
မင်းလိုက်လိုက် ဟီဟီနေကျ၊
ငါက မာန်မဲလိုက်တဲ့အခါ
မင်းလျှာကြီးနဲ့ ငါ့ကို မြန်မြန်လျက်တယ်
ငါက လိုလားတဲ့အခါ
မင်းကျောတွေကို ပွတ်ပွတ်ပေးနေကျ။

ဂျုံးနီ
ငါ အခုခါ
အဲလိုမျိုး မာန်မဲအရသာခံချင်တယ်။

ဂျုံးနီ
မင်းမျက်လုံးမှာ
ငါ့မေတ္တာကို မွတ်သိပ်ကြောင်း ပြနေကျအရောင်
ငါအခု ဒါကို မင်းလိုမွတ်သိပ်ရပြီ။

ဂျုံးနီ
မင်းမှာ အသည်းနှလုံးရှိတာ ငါသိပါပြီ။

ဂျုံးနီ
ငါ ဘယ်လောက်ရက်စက်သလဲကွာ
မုန့်ပဲသရေစာလေး မင်းကို ကျွေးတာတောင်
မုန့်ကလေး မင်းကို မြှောက်ပြ
ပြီး ...
ဖုန်ထဲပစ်ချလိုက်တာ
ဖုန်ထဲကျနေတဲ့ မုန့်ကလေးကို
မင်း စိတ်မာနမထားဘဲ
မင်းနှုတ်သီးနဲ့ ထိုးဟပ်ပစ်လိုက်တာ
(တကယ်တော့
မေတ္တာဆိုတာ ဖုန်ထဲက မုန့်ကလေးပါလားလို့
ငါ မသိလိုက်ခဲ့ဘူးကွယ်)။

ဂျုံးနီ
မင်း နေကောင်းရဲ့လားကွယ်။

ဂျုံးနီ
အိပ်ရာပေါ်မှာ
ဘာမှမလှုပ်နိုင်တဲ့ မင်းသခင်
နောက်ဆုံးထွက်သက်နဲ့ပေါ့
မင်းကို နှုတ်ဆက်ချင်ရဲ့
ငါ့နောက်ဆုံးထွက်သက်နဲ့ပါ
ဂျုံးနီရယ် ။ ။

မောင်ချောနွယ်

## ဖျံဖမ်းသမား

ဘာမှမဟုတ်ပါဘူး
ဘာမှမဟုတ်တဲ့ အလကားကောင်ပါ
ဘဝမှာ မဖြစ်ချင်တာတွေ ခပ်များများနဲ့ကောင်ပါ
ဖို့(ဒ်)ကားကုမ္ပဏီပိုင်ရှင်လည်း မဖြစ်ချင်ဘူး
သဗျစ်ခြံပိုင်ရှင်လည်း မဖြစ်ချင်ဘူး
ဂေါက်သီးသမား အားနိုးပါးမားလည်း မဖြစ်ချင်ဘူး
ဝါရင်ဘီတီလည်း မဖြစ်ချင်ဘူး
ဖြစ်ချင်တာက တစ်ခုတည်းရယ်ပါ
ဖျံဖမ်းသမားပဲ ဖြစ်ချင်တယ်
ဒါနဲ့ပဲ
ဖျံတွေကိုဖမ်းဖို့ လိုက်ရှာခဲ့တယ်
ဖျံတွေက ဘယ်နေရာတွေမှာ
ဘယ်လိုကျက်စားကြသလဲ
ဖျံတွေရဲ့ အသွားအလာတွေက
ဘယ်အချိန်တွေမှာ ဘယ်လိုတဲ့လဲ ...
ခု ...
သူတို့တွေက
လီဗာပူးအသင်းနဲ့ မန်ချက်စတာအသင်းတွေမှာ
ဝင်ကစားနေကြတယ်ဆိုပဲ
ဟုတ်လား ...
ဒါဆိုရင်သွားမယ်
သွားဖမ်းမယ်
မရှိကြတော့ဘူးတဲ့
အလန်ရှီးယား ခြေထောက်ကိုဝယ်ပြီး
ထွက်သွားကြပြီ ... တဲ့။

ဒါဆိုရင်
ဘရာဇီးက ကော်ဖီခင်းတွေမှာ
ကျက်စားနေကြတာဖြစ်မှာ
ဟောာ ... မရှိကြပြန်ဘူး
မြေထဲပင်လယ်ဘက်ကို ထွက်သွားကြပြီတဲ့
အဲဒီမှာ ...
ကာရေဗီယန် ငါးဥကျော်တွေ စားသောက်လို့တဲ့။
ဟောာ ... မဟုတ်ပြန်ဘူးတဲ့
ဟော်တယ်ကာလီဖိုးနီးယားမှာ
ဟော်တယ်ကာလီဖိုးနီးယားသီချင်းနဲ့
ကခုန်နေကြပြန်ပြီတဲ့။
ကြည့် ... မရှိပြန်ဘူး
ခက်ပီ၊
သတင်းထွက်လာတာက
ဘော့စ်ဘောလုံး သွားကစားနေကြပြန်ပြီတဲ့။
ဟောာ ... မဟုတ်ရပြန်ဘူး
နိုင်ရာဂါ ရေတံခွန်ဆီသွားပြီး
ရေတံခွန်အလှကို ရှုစားရင်း
ဒင်းတို့ ဇိမ်ခံနေကြပြန်ပြီတဲ့
လိုက်သွားတော့ လန်ဒန်ဈေးရစ်မှာ
ရွှေသွားဝယ်ကြတယ် ... တဲ့
ဟောာ ... မဟုတ်ရပြန်ဘူးတဲ့
ဒင်းတို့က မက်ဒိုနာနဲ့ ပလူးပလဲ ဖြစ်နေကြပြန်သတဲ့
ခက်ပြီ
ကာစပါးရော့နဲ့လဲ ချက်ကစားပြန်ပြီတဲ့
ခက်ပြီ
ဒီကောင်တွေ
တော်တော်ဖျံကျတဲ့ ကောင်တွေပါလား
အေးလေ ... ဒီကောင်တစ်တွေက ဖျံတွေပဲကိုး

ဒါနဲ့ငါလေ
လိုက်မောရှာမော အမောကျောပိုးအိတ်နဲ့
ရထားစီးပြီး မြို့ပြန်ခဲ့တယ်။
ဟာ ... ကြည့်စမ်း
တွေ့ပြီ တွေ့ပြီ
ဒက်ထိကို တွေ့တော့တာပဲကိုး
ကြည့်စမ်း ... တွေ့မယ့်တွေ့တော့
ခေါင်းမွေးစုတ်ဖွားနဲ့ လယ်ဝေးပျဉ်းမနားက
ပျော်ဘွယ်ကြံခင်းထဲမှာ
ဇပ် ဇပ် ဇပ် ဇပ်
ဂတ် ဂတ် ဂတ် ဂတ်နဲ့
ဘဲတွေ မစင်နင်းသလိုနင်းပြီး
နှုတ်သီးချွန်ချွန်ကလေးပေါ်မှာ
ဘောလုံးကို မြှောက်မြှောက်ပြီး ကစားလို့
အား ပါး ပါး
ဒီလိုပါ
ဖျံဖမ်းသမား အောင်မြင်ခဲ့တယ်ဆိုတာ
ပြောပြတာပါ။ ။

မောင်ချောနွယ်

## ပန်းချီ

ငါ့အူတွေက ခွေးလို သံရှည်ဆွဲအူလို့
ငါ့အစာအိမ်က စစ်လမ်းကြောင်းကျတဲ့ ရွာလေးတစ်ရွာလို။

ငါ့ကျောက်ကပ်တွေက
တဗွမ်းဗွမ်း ရေတွေလျှံလို့။

ငါ့အဆုတ်တွေက
ဖွတ်ချက် ဖွတ်ချက်နဲ့ မီးခိုးတအူအူ
ဘယ်လိုမှ စားသုံးလို့ မရတော့။

ငါ့အရိုးအဆစ်တွေ ဂျိုင်းထားတဲ့ ဂျိုင်းနတ်တွေပြန်းပေါ့
ငါ့ခန္ဓာ တာဘိုအင်ဂျင် သူ့ရဲကောင်းကြီးလေ ...
သူရဲကောင်းကြီးတဲ့
ဘယ်လိုမှ ဆုတံဆိပ်တွေ မမျှော်မှန်း
ဘာဆုတံဆိပ်တွေမှ မရခဲ့တဲ့ သူရဲကောင်းကြီးပေါ့။

ငါ ဘယ်တော့မှ လက်နက်မချနိုင်ဘူးတဲ့
ဘာကြောင့်လဲဆိုတော့
ငါ့မှာ ချစရာ လက်နက်မရှိလို့ပါကွယ်တဲ့ ။ ။

မောင်ချောနွယ်

## စိတ်အန်ဖတ်

“ကျား” မီးခြစ်ကို
တအားကြီး ဖိခြစ်ပစ်လိုက်တယ်
လက်ဖက်ရည်ခွက်ထဲက
ကမ္ဘာကြီးကို
ငါသိပ်စိတ်မတွေ့ဘူး။

သတိထားကြ
ထမင်းပန်းကန်ထဲက အမှန်တရား
ငါ စားပစ်လိုက်ပြီ။

တစ်ခြမ်းက မှည့်ရွှမ်းအရသာရှိပြီး
တစ်ခြမ်းက စိမ်းနေသေးတဲ့ ကမ္ဘာကြီးဟာ
ငါပုံကြမ်းလောင်းထားတဲ့ ပန်းပုရုပ်ကလေးပေါ့။

ဝိညာဉ်တွေကို ဖိနပ်လုပ်ပြီး စီးပစ်မယ်
လူတွေမျက်နှာပေါ်က
ကမ္ဘာကြီးကို ငါမယုံဘူး။

အငမ်းမရ သောက်ခြင်းမျိုးနဲ့
လမင်းကို ငါသောက်ပစ်လိုက်ပြီ
တေးဂီတအားလုံးကို ငါသောက်ပစ်လိုက်ပြီ
မုန်တိုင်းတွေကို ငါသောက်ပစ်လိုက်ပြီ
ကမ္ဘာကြီးကိုလည်း ငါသောက်ပစ်လိုက်ပြီ
လေထဲမှာ
ကဗျာဆန်ဆန် ဝဲနေတဲ့
ဗာဒံရွက်တွေကိုလည်း ငါသောက်ပစ်လိုက်ပြီပေါ့။

ဟောဟိုက
ခုံဖိနပ် တခွပ်ခွပ်နဲ့ လမ်းလျှောက်လာတာ
ငါ့အာရုံပေါ့။

တွေ့လား
အပင်ပေါ်မှာ ညွတ်အောင်သီးနေတဲ့
ဝင်းဖန့်ဖန့် လိမ္မော်သီးတွေကလည်း
ငါ့အာရုံပေါ့။

ဟိုကတ္တီပါ မြက်ခင်းလေးရယ်
ဟိုကောင်မလေး ဆိုးထားတဲ့ နှုတ်ခမ်းနီရယ်
ငါ့အာရုံတွေပေါ့။

ငါ ငါ့လက်ထဲမှာ
ငါ့ဘဝလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး
ငါ
ဦးနှောက်က ထွက်ခဲ့ပြီ
နှလုံးသားအိမ်က ထွက်ခဲ့ပြီ
အာရုံကဖီးက ထွက်ခဲ့ပြီ
အချစ်ရေ ...
နှလုံးသားကိုလေ
ထဘီအဆင်လှလှလေး ရက်ပေးမယ်
လောကဓံတရားတွေကိုတော့
ဖန်ခွက်ထဲမှာ အရက်နဲ့ရောပြီး
"ကိုကို" မော့ထည့်လိုက်ပြီကွာ ။ ။

မောင်ချောနွယ်

## အသံထွက်ညှံ့ညှံ့နဲ့ ကံကြမ္မာ

တည်ငြိမ်တဲ့ နေ့နံတွေမဟုတ်
စိတ္တကာရကဂြိုဟ်ဆိုတဲ့ ငနဲကလည်း
ချေးကျရာပျော်
ဘာတွေကိုများ
အချင်းချင်း ခေါ်ထူးနေကြတာလဲ
ဘာလဲ
ပွဲတော်တွေကို ထားခဲ့ရမှာလား
ဘာလဲ
ဂျက်လန်ဒန်ကို ထားခဲ့ရမှာလား
ဘာလဲ
အနန္တသူရိယရဲ့ ကဗျာကို ထားခဲ့ရမှာလား
ဘာလဲ
မျက်ရည်စစ်စစ်တွေကို ထားခဲ့ရမှာလား
သွားစမ်းပါ၊
သေခြင်းတရားကလွဲပြီး ဘာမှမဆန်းတဲ့
ဒီကမ္ဘာလောကဆိုတဲ့ သေတ္တာကြီးထဲမှာ
လူ့ဘဝဆိုတာကလည်း
ကြည့်လေ ...
ဥ(အု)ကနေပဲ ပေါက်ဖွား ပေါက်ဖွား
အပေါက်ကနေပဲ ပေါက်ဖွား ပေါက်ဖွား
အညစ်အကြေးတွေနဲ့ အိုင်းအနာကြီးပါ
တီရှပ်ထွေး ဝက်စာကျင်းထဲ ဝက်တွေပျော်
အားလုံးဟာ
တွန့်လိမ်ရှုပ်ထွေးပြီး ကောက်ကွေ့
ညစ်ပေပျော်ရွှင် သံဝေဂ ဝတ်ကောင်းစားလှနဲ့

သေခြင်းတရားကလွဲပြီး ဘာမှမဆန်းတဲ့
ဒီကမ္ဘာလောကဆိုတဲ့ သေတ္တာကြီးထဲမှာ
ဦးနှောက်ကို ဖောက်ချပေးလိုက်ပေမယ့်
ဘာမှမရ
မိမိကိုယ်မိမိ လိမ်ညာတဲ့ ပုံဖမ်းကြ
ယုတ်မာကြ
ယုတ်မာခြင်းကို သင်ကြားကြ
အရာအားလုံး တွန့်လိမ်ကောက်ကွေ့ပြီး
အုတ်အရောရော ကျောက်အရောရော
နံနံစော်စော်တွေချည်းပဲ
ထိုင်နေရင်း ဒုံးပြေးထားရသလိုမော့
မောပြီရင်း မောနေရ အမောကြီးနဲ့
ဘဝကို မအေးခဲလွန်းအောင် ပုံပြုရတာကိုက
နှစ်ပေါင်းလေးဆယ်လောက် ကြာမယ်
အသည်းနှလုံးနဲ့ နှုတ်ခမ်းကလည်း
မိုင်လေးဆယ်လောက် ဝေးကွာတယ်
လွတ်လွတ်လပ်လပ်ကြီးကိုပဲ
မတ်တပ်က ပြိုပြိုလဲလိုက်လာနေ
လောကခံ ဒန်းလော့မွေ့ရာပေါ်
ကံကြမ္မာတွေ အပျော်မယားနဲ့ နှောကြလို့မို့
သောတာရုံတွေ သားစပ်ခံရ
ဘဝပြည်တည်နာတွေသာ
ဒါစွမ်းနိုင်ရဲ့
အရေခွံတွေ ဖျားယောင်းခံလိုက်ရပြီ
အနာဂတ်တစ်ခုခုကို ရမလားလို့
နိုးကြားနေရှာသူ
အိုးမဲ့ အိမ်မဲ့ ညနေရီကျွန်းကလေးရေ ။ ။

မောင်ချောနွယ်



## မျက်ရည်စစ်စစ်တွေ

ငါတို့အရိပ်တွေ တိုတိုလာခဲ့
ဟောဒီ
ကမ္ဘာမြေပေါ်
အရိပ်ကလေးတစ်ရိပ် ဖိတ်စဉ်မှာတောင်
ကြည်ကြည်လင်လင် မစီးခဲ့ရချေဘူး
ရှုံးလိုက်တာ။

လောကကြီးမှာ
သူ့နေရာနဲ့သူ စားရမယ့် အစားအစာ
ရှိကြရမှာကိုပဲ
သူ့နေရာ သူ့အစာ
ရှိကြတာကိုပဲ
ခုတော့ ... ဒီမှာ
ငါ့ပေါင်မုန့်တွေကို လာလာပြီး လုနေကြ
ဘယ်သူတွေတုန်း ...
ဘယ်ဂြိုဟ်က ဂြိုဟ်သားတွေတဲ့တုန်း
ဘယ်ချောင်က ထွက်ထွက်လာနေတဲ့
နီတိအဆုံးအမတွေတဲ့တုန်း
ဘယ်လိုကံဇာတာဝတ်စုံတွေတုန်း
ဘယ်ဘုံကလာတဲ့ နတ်သားတွေတဲ့တုန်း
ဘယ်လိုမကောင်းဆိုးဝါးတွေတဲ့တုန်း။
ဘာလဲ
ဥက္ကလာပဟိုးမားက အိုးမဲ့အိမ်မဲ့တွေလာ
ဟော်လန်က နို့ချက်သမားတွေလား
ဘာလဲ
စကော့တလန်က အရက်ချက်သမားတွေလား
ဘာလဲ
အမရပူရက ရက်ကန်းသမားတွေလား
ဘာလဲ
ငါးတန်ချောင်းက ငါးဖမ်းသမားတွေလား
ဘာလဲ
မကျီးပင်သုံးခွက ဆားချက်သမားတွေလား
ငါ့မှာဖြင့် ဆုံးရှုံးလိုက်ရတဲ့ ငါ့ပေါင်မုန့်တွေ။

မဟုတ်ဘူး
ဘယ်နတ်ဒေဝတာမှ လာမလုဘူး
မဟုတ်ဘူး
ဘယ်ဂြိုဟ်သားမှ လာမလုဘူး
မဟုတ်ဘူး
ဘယ်စုန်း ပြိတ္တာ တစ္ဆေ ဖုတ်ဘီလူးမှ လာမလုဘူး
လူလူချင်းသာ လာလုယက်နေကြတာ။

ဒီအမှု
ဒီအမှုသာ
ဆေးသားရေးခြယ် စီကုံးလို့ရရင်
ဒီအမှုသာ ဆင်ဖိုနီလည်ဆွဲဖြစ်ခဲ့ရင်
ငါဆုံးရှုံးခဲ့ရ ငါ့ပေါင်မုန့်တွေ
ဟုတ်တယ်
ငါဆုံးရှုံးခဲ့ရ ငါ့ပေါင်မုန့်တွေ
အလုခံရတဲ့ ငါ့ပေါင်မုန့်တွေ
ငါဘာလို့များ နမျောပေးတော့မှာလဲလေ။
ခုတော့ဖြင့်
ငါ့ တူရာသီမှာ မီးလာလာတောက်တောက်နေတယ်
ခုတော့ဖြင့်
ငါ့ ကန်ရာသီမှာ ကြာတွေ လာလာပေါက်နေတယ်
ခုတော့ဖြင့်
ငါ့ သိဟ်ရာသီမှာ ခြသေ့်လာလာဟောက်ဟောက်နေတယ်
လုလိုက်တာ
သုခမနှယ်မြောက်လိုက်တာ
ငါ့ပေါင်မုန့်တွေ ပျောက်ပြီးရင်း ပျောက်ပျောက်နေတော့ရဲ့ ။ ။

မောင်ချောနွယ်

## အရိပ်ခွေသစ်ပင်

အရိပ်ခွေသစ်ပင်ဟာ
ကမ္ဘာပေါ်မှာ တစ်ပင်တည်းရှိတယ်

အရိပ်ခွေသစ်ပင်ဟာ
သစ်ရိပ်တွေ မခွေဘူး
အရိပ်တွေသာ ခွေခွေချပေးနေတယ်

သူခွေချတဲ့ အရိပ်ထဲမှာ
ဆန်းသစ်တဲ့ နေ့ရက်တွေပါတယ်
ပန်းသစ်ဝေဝေ မနက်ခင်းတွေပါတယ်
ရွှန်းလက်ဝင်းပတဲ့ သစ်သီးတွေပါတယ်
ပြန်ကျမိုးစက်တွေပါတယ်

ဘာဖြစ်လို့များ
သူက အရိပ်တွေ ခွေလိုက်တိုင်း
အဲဒါတွေက ပါဝင်နေရတာလဲ
ငါစဉ်းစား
ငါ့မှာ စဉ်းစားခြင်းဘူတာ
ဆိုက်ကပ်ကပ်နေမိ
ငါ့မှာ
ထထ ပျံ့ဝဲနေမိ
ငါ့မှာ
သီချင်းထထ အော်ဟစ်ဆိုမိ
ဘာဖြစ်လို့ပါလိမ့်
ငါစဉ်းစား
ငါတွေးကြည့်
ငါသိချင်မိ
ထူးဆန်းလှရဲ့
ဒီအရိပ်ခွေသစ်ပင်အကြောင်း
သူကတော့ ဘာသိဘာသာပဲ
အရိပ်တွေပဲ ခွေခွေချပေးနေ
ငါစူးစမ်း
ငါမနေနိုင်တော့ဘူး
ဒါနဲ့ ငါဟာ အရိပ်ခွေသစ်ပင်ဆီသွားကာ
သွားကိုင်တွယ်ကြည့်မိ
ငါသိလိုက်ရပြီ
သူ့တကိုယ်လုံးမှာ
ကြီးပေါင်းတက် ဒဏ်ရာတွေချည်း နိုင်းချင်း
ကမ္ဘာပေါ်မှာ ဒဏ်ရာရ သစ်ပင်တွေလောက်လှတာ
ဒဏ်ရာရ သစ်ပင်ပဲရှိ
သြော် ...
ဒါကြောင့် သူက အရိပ်တွေ ခွေပေးနိုင်တာကိုး ။ ။

မောင်ချောနွယ်



## ရန်သူမဲ့သော နေ့ရက်များ

မနက် မျက်နှာသစ်ဖို့ပြင်တိုင်း
သွားတိုက်တံပေါ်မှာ လွဲချော်မှုကို တွေ့ရ
မွှေးရနံ့တွေ ကြေကွဲ
ရာသီဥတုက ခြေပြတ်လက်ပြတ် အနေအထား
အရက်ဆိုင်မှာတောင် လူပါးသတဲ့
နွား ဆေးလိပ်တစ်လိပ်နဲ့ ခုခံထားရင်
ခံသာမယ် ထင်တယ်။

သွေ့ခြောက်ခြောက် သစ်ရိပ်စိမ်း ... တဲ့
ဒါဟာ ပျက်ချော်မှုတစ်ခုပါ
မွတ်မွတ်သိပ်သိပ် ငြင်းဆန်ရဲ့
မြောက်မြားစွာ လမ်းချော်ပြီးခဲ့ပါပြီ။

တနင်္ဂနွေများ
အဖန်တလဲလဲ တနင်္ဂနွေများ
နာတာရှည် တနင်္ဂနွေများ
စေးနဲ့သူသာ အစီးအနင်းများ
ညည်းညူသံများ
ရှင်လန်းဝမ်းမြောက်ကြပါစေ။

ဒီလိုနဲ့
ကွန်းခို လွမ်းခဲ့
ကာလရေကြည်တစ်စက်မှာ
အသက်ရှူသံတွေ အငွေ့ပျံ
အသက်ခွက်ထဲ ဘဝကို ရေခံကြည့်သောအခါ
အသက်ရှင်ခွင့်ကလွဲပြီး
အားလုံး ဖိတ်စင်ကွဲရှခဲ့ပေပြီ။

ညီမလေး မမြင့်ရေ ...
တို့နှလုံးသားတွေနဲ့သာ ထုဆစ်ခဲ့ကြတာပေါ့ကွယ်
(တို့နှလုံးသားတွေနဲ့သာ တို့ခေတ်ကို ထုဆစ်ခဲ့ကြတာပေါ့ကွယ်)
သေချာလွန်းတာက
မပြတဲ့ အနိစ္စတရားက မြဲလွန်း
တို့တွေ ရှုံးလွန်းလှတယ်ကွယ်။ ။

မောင်ချောနွယ်

## မမတင်ရဲ့ ကျောင်းကလေး

နေတဖွေးဖွေး လေတဖွေးဖွေး
မမတင်ရဲ့ ကျောင်းကလေး။
သဲတဖွေးဖွေး ဖုံတဖွေးဖွေး
မမတင်ရဲ့ ကျောင်းကလေး။

မမတင်ရဲ့ ကျောင်းကလေးမှာ
ထန်းပင်တွေကလည်း လက်ပိုက်ပြီး တန်းစီရပ်လို့
တစ်ဘဝလုံးပဲ မမတင်ကျောင်းက မထွက်တော့ဘူးတဲ့၊
တစ်သက်လုံးပဲ မမတင်ရဲ့ ကျောင်းမှာ ကျောင်းတက်မတဲ့။

ထန်းသီးတွေကလည်း အပွတ်လိုက် အခိုင်လိုက်
သီးလို့၊
မမတင်ရဲ့ ကျောင်းမှာလည်း
ကျောင်းသားတွေက အပွတ်လိုက် အခိုင်လိုက်
သီးလို့၊
ယာကွက်ကလေး တစ်ကွက်ကလည်း
မမတင်ရဲ့ ကျောင်းမှာ ကျောင်းတက်လို့
မြေပဲနဲ့ ပဲစဉ်းငုံတွေကလည်း
မမတင်ရဲ့ ကျောင်းမှာ ကျောင်းလာတက်လို့၊
ဟိုတောင်ဘက်က ဂေါင်းနီတောင်ကလည်း
မမတင်ကျောင်းကို တက်ချင်ရက် မတက်ရလို့
တစ်ဘဝလုံး တစ်သက်လုံး ဆွေးနေရပါပြီ ... တဲ့။
မမတင်ရဲ့ ကျောင်းကလေးကို
လှမ်းမျှော်ငေးလို့။

ပုပ္ပါးတောင်ကြီးကတော့
မမတင်ရဲ့ ကျောင်းထွက်ကြီးပေါ့
မမတင်ရဲ့ ကျောင်းသားဟောင်းကြီးပေါ့

ခုလည်း မမတင်ကျောင်းကို ေးကြည့်
တစ်ဘဝလုံး ပီတိတွေနဲ့
မမတင်ကျောင်းကလေးကို
မြိန်မြိန်ကြီးငေးလို့။

မမတင် ကျောင်းလာရင်
သူများမိန်းကလေးတွေလို
ရွှေတွေ ငွေတွေ ဖိတ်လက်နေအောင် ဝတ်စားမလာဘူး။

စေတနာရယ်
ဝါသနာရယ်
အနစ်နာရယ်
နာသုံးနာကို
ဖိတ်လက်ရွှန်းတောက်နေအောင် ဝတ်စားလာတယ်။

မမတင်ဟာ ကျောင်းအုပ်ဆရာမကြီးပေါ့
မမတင်က
လင်မယူ သားမမွေး
အနာဂတ်သစ်တွေကို မွေးတယ်
စာကျက်သံ စာအံသံ တညံညံတွေကို မွေးတယ်
အဝေးပြေး အသံသစ်တွေကို မွေးတယ်။

မမတင်ရဲ့ ကျောင်းကလေး မြောက်ဘက်မှာ
သချိုင်းထဲက အုတ်ဂူတွေဟာ
အဝေးပြေး ကားဂိတ်ထဲမှာ
ကားတွေ တန်းစီဂိတ်ထိုးသလိုပဲ
မမတင်ကျောင်းကလေးမှာတော့
အဝေးပြေးတေးသံတွေ ဆော့ကစား ပျော်ပါးလို့ပေါ့ ။

မောင်ချော‌နွယ်

## မင်းမုန်းတဲ့နေ့ဟာ ငါအမှန်တရားကို တွေ့ရှိတဲ့နေ့ဖြစ်တယ်

မင်းရက်စက်မှုဟာ ကမ္ဘာမှာ မရှိခဲ့ပါဘူး
ငါဟာ နာကျင်ကျိုးကြေပြီး
အိပ်ရာပေါ်မှာ အလူးလူး အလိမ့်လိမ့်
ဘာမှလည်း မတွေးခေါ်နိုင်
ဘာမှလည်း မခံစားပေးနိုင်
ပွဲတော်တွေနဲ့ ကင်းဝေးလို့
ပြကျမသွားရုံ အသက်ငွေ့ငွေ့ကလေးနဲ့
မင်းပက်စက်လိုက်တာကွယ်လို့တောင်မှ
ငါ့မှာ အသံမထွက်နိုင်ခဲ့ပါဘူး။

နေထွက်နေဝင်ချိန်တွေလည်း
ငါ့မှာ မသိတော့ပါ ...
ငါ့အနုပညာ အရင်းအမြစ်ကလေးလည်း
ဘယ်ဆီဘယ်ဝယ်မှာလဲ
ငါမသိတော့ပါ ...
ငါ့အဘိဓမ္မာတွေလည်း
ငါ့မှာ မဆုပ်မိ မကိုင်မိတော့ပါ။

ငါဟာ
ဝိမုတ္တိ ကိုသာ ငေးမျှော်ရင်း
ခပ်မျှင်းမျှင်း အသက်ရှူခဲ့ရတယ်
တနင်္ဂနွေတစ်ရက် ထင်ပါရဲ့
စကြဝဠာကြီးရယ်
ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ငါ့ဆီရောက်လာတယ်
အင်မတန် ပူနွေးလှတဲ့ သူ့လက်ကြီးနဲ့
လက်ဆွဲနှုတ်ဆက်တယ်
ပန်းသီး ချယ်ရီပန်းနဲ့ ရွှေရောင်ကလောင်တံတစ်ချောင်း
လက်ဆောင်ပေးတယ်။
ပြီးတော့ ...
"မိတ်ဆွေကြီး ခရီးသစ်ထွက်တော့တဲ့"
အဲဒီလို ပြောအပြီးမှာ
စွတ်ဖားလှည်းကလေးစီးကာ ထွက်သွားတော့တယ်။

ငါဟာ
ပန်းသီး ချယ်ရီပန်း
ရွှေရောင်ကလောင်တံနဲ့
ငါ့ရောင်ကလောင်တံနဲ့
ငါ့အမှန်တရားဝတ်စုံကို ဝတ်ဆင်ကာ ။ ။

မောင်ချောနွယ်



## ကမ္ဘာကြီးအတွက် မောနင်းပက်

မနက်လင်းပြီဆိုတော့ ...
ကမ္ဘာကြီးနဲ့အတူ အိပ်ရာထ
ကမ္ဘာကြီးနဲ့အတူ မျက်နှာသစ်
ကမ္ဘာကြီးနဲ့အတူ လမ်းလျှောက်ထွက်ခဲ့တယ်ပေါ့။

ကမ္ဘာကြီးက မနက်ခင်းကိုကြည့်
ကမ္ဘာကြီးက သူ့ကမ္ဘာကြီးကို သူကြည့်
ငါကတော့
ကမ္ဘာကြီးကိုကော သူ့ကမ္ဘာကြီးကိုကော ကြည့်ရင်းပေါ့။
ကမ္ဘာကြီးက မနက်ခင်းအတွက် ကော်ဖီတစ်ခွက်တဲ့။
ကမ္ဘာကြီးက ကော်ဖီသောက်တယ်။
ငါကတော့ ကမ္ဘာကြီးအတွက် မောနင်းပက်ပေါ့။

ကမ္ဘာကြီးအတွက် မောနင်းပက်ကို
စီးကရက်တစ်လိပ်နဲ့ စတင်
ငါတို့တွေ အောင်မြင်ပျော်ရွှင် ရယ်မောဖို့
အသံထွက်ခပ်ညှံ့ညှံ့နဲ့ ကံကြမ္မာ
တစ်နေ့ထက်တစ်နေ့ သစ်လွင်လာတဲ့
သစ်သစ်လွင်လွင် ဒဏ်ရာတွေ
ဘယ်လောက် စုဆောင်းမိပြီလဲ၊
ဘဝက စီးကရက်ခိုးငွေ့တွေ ပွတ်သပ်မိရင်း
ဟုတ်တယ် ...
ငါတို့တတွေ ...
ကမ္ဘာကြီးအတွက် မောနင်းပက်တွေ သောက်သင့်တယ်
ဒီလိုမျိုး ...
ကမ္ဘာကြီးအတွက် မောနင်းပက် သောက်တယ်ဆိုတာ
သိပ်ကောင်းမြတ်တဲ့ အချက်အလက်တစ်ခုလို့
ငါတို့တွေ သိခဲ့တာအတွက်လည်း
ကမ္ဘာကြီးက ကျေးဇူးတင်မဆုံး ရှိနေမှာပါ။
ဟုတ်တယ် ...။
ကမ္ဘာကြီးအတွက် မောနင်းပက်တွေ သောက်ရမယ်
ဘာကြောင့်လဲ သိလား
ငါတို့တွေဟာ အကောင်းဆုံး အချက်အလက်တွေသိတဲ့
အမျိုးကောင်းသားတွေဖြစ်လို့
ဒါပေမယ့် အမျိုးကောင်းတွေဟာ
အမျိုးကောင်းရုံကလွဲပြီး
ဘာမှမကျန်တော့ဘူးဆိုတာ ကမ္ဘာကြီး မသိစေနဲ့။ ။

မောင်ချောနွယ်

## ပေတိုး

ဘယ်ကလေးတစ်ယောက်ဆီက
ကျခဲ့မှန်းမသိတဲ့
အကျ်ီထည် ဂါဝန်ပွပွကြီးနဲ့
အဲဒီ အကျ်ီထည် ဂါဝန်ကြီးကို
ထပ်မံစပ်ဟပ် ဖာထေးထားသေး
အဲဒီ အဆီအငေါ်မတည့်တဲ့ ဂါဝန်ပွပွကြီး ဝတ်လို့
ပေတိုး။

နှုတ်ခမ်းတစ်ခြား ဆေးတစ်ခြား
အပေါ်စား နှုတ်ခမ်းနီနီကြီးလည်း
နီနီရဲရဲကြီး ဆိုးထားခံရသေး
ပေတိုး။

အပေါ်စားပေါင်ဒါလည်း
မျက်နှာပေါ် တဖုန်းဖုန်း ရိုက်ခံထားရ
လူပုံအလယ်မှာ
မျက်နှာကြီး ဖွေးဖုံလို့
ပေတိုး။

ဆံပင်အရှည် မရှိလို့သာပေါ့
နို့မို့ဆို
ကော့စမက်တစ်တွေ၊ ဘယ်ရီကရိမ်းတွေ
တလေ့ကြီး လိမ်းခံရဦးမှာ
ကျိုချွဲချွဲကြီးနဲ့ နေဦးမှာ
ဒါပေမယ့် (မလွတ်ပါဘူး)
ခုလည်း ဘယ်သက်သာလို့လဲ
ခေါင်းရမ်းပန်းရိုင်းပွင့်ကြီး တကားကား
ခေါင်းမှာ ပန်ထားခြင်းခံရသေး
ပေတိုး
မျောက်ကလေး ပေတိုး။

မျောက်ဆိုတာနဲ့ လုံလောက်ခဲ့ရဲ့သားနဲ့
ပေတိုးလို့ နာမည်မှည့်ခြင်းလည်း ခံရသေးတဲ့
ပေတိုး ပေတိုး
မျောက်ကလေး ပေတိုး။

သူ့မျောက်ဆရာက ကြိမ်လုံးလေး တစ်ချက်ဝင့်
ဟဲ့ ပေတိုး ရှေ့ဂျွမ်း(ကျွမ်း)ဆိုရင်
ပေတိုးခမျာ
ရှေ့ဂျွမ်း။

ဟဲ့ ပေတိုး
နောက်ဂျွမ်းဆိုရင်
ပေတိုးခမျာ
နောက်ဂျွမ်းတွေ တသွင်သွင် ထိုးလိုက်ရ

ဟဲ့ ပေတိုး
ရှေ့ဂျွမ်းဆိုရင်
ပေတိုးခများ
ရှေ့ဂျွမ်းတွေ တသွင်သွင် ထိုးလိုက်ရ။

မျောက်ဆရာက
ကြိမ်လုံးကလေး ဝင့်ဝင့်ပြလိုက်တိုင်း
မျောက်ကလေး ပေတိုးခများ
ဂါဝန်ကြီး တဖားဖား
ပေါင်ဒါကြီး တဖွေးဖွေး
နှုတ်ခမ်းနီကြီး တရဲရဲ
ပန်းပွင့်နီကြီး တကားကားနဲ့
လူလယ်ခေါင်ကြီးမှာ
အမြီးငေါက်တောက်နဲ့
ပေတိုးခများ
ကခုန်ရ ဂျွမ်းတွေ ဂျွမ်းတွေ
ထိုးထိုးပြရ
သူငယ်ချင်း လီကီရေ ..
ငါတို့တွေမလဲ
ဆိုကြပါစို့
လောကခံ မျောက်ဆရာက
ကြိမ်ကလေး ဝင့်ပြလိုက်တဲ့အခါ
ပေတိုးပဲ မဟုတ်ဘူးလား။

ဒါပေမယ့်
တို့တွေ
ပေတိုးလိုပဲ ကံကောင်းတယ်
တို့က
ရှုမျှော်နေကြရတယ်
ပေတိုးခများ
ကျောပေါ်ကျတဲ့ ကြိမ်ချက်ကမှ
သက်သာလိမ့်ဦးမယ့်လို့
မသိခဲ့ရှာဘူးကိုး။

ခုတော့ ..
အမြီးငေါက်တောက်ကြီးနဲ့
ခများမှာ
ဂါဝန်ကြီး တဖားဖား
နှုတ်ခမ်းနီကြီး တရဲရဲ
ပေါင်ဒါကြီး တဖွေးဖွေးနဲ့
လူလယ်ခေါင်ကြီးမှာ
ပေတိုး
မျောက်ကလေး ပေတိုး။ ။

မောင်ချောနွယ်

## ရေထဲမြို့

ဟောဒီမှာ မြို့လေးတစ်မြို့လေ …
ကဗျာဆရာ မာလာမေ မြင်မသွားခဲ့ဘူးတဲ့မြို့
မြို့လေးတစ်မြို့လေ …

သူ့လယ်ကွင်းရင်ဘတ်ထဲမှာက သော်ကဘုရားရယ်
သူ့နှလုံးသားရင်ဘတ်ထဲ ..
ဝင်ဝင်ခွေ့တတ်တဲ့ မြောက်ပြန်လေရယ်
အဲဒီမြောက်ပြန်လေက ပွေ့ပွေ့လာတဲ့
စပါးပင်ပျိုကလေးရဲ့ ကိုယ်နံ့လေးရယ်
လမုပင် အုပ်ကလေးနဲ့ ချစ်ကြိုးသွယ်နေသူ
သရွတ်သွပ် ချောင်းကလေးရယ်
အရက်မမူးသူ အရက်ချက်စက်ရုံကလေးရယ်
ဇာတ်ပွဲကသလို ကပြနေသူ ဆန်စက်ကလေးတွေရယ်
ဘဝဝမ်းစာ ဖွေရှာမောသူ လှေမျှောလေးတွေရယ်
မွှေးရနံ့ ကန်ထရိုက်တာ သနပ်ခါးစက်ရုံကလေးရယ်
ဟော ကြာဆန်စက်ရုံကလေးကလည်း ရပ်ရှိလို့
စပါးရယ်၊ ဗရွှရယ်၊ ငါးရယ်၊ ကြာဆန်ရယ်
သနပ်ခါးရယ်၊ ရေရယ်
မကြေပါစေလင့်လို့ ဆုတောင်းရင်း
အတွက်နဲ့ မွှေးရေ
ရေထဲမြို့ကလေးဟာ ရင်ထဲမြို့ ဖြစ်ခဲ့ပေါ့။

အတွတ်နဲ့ မွှေးရေ
ကြည့်ကွယ် ...
မြို့ညကောင်းကင်ထဲ
နှစ်သစ်ကြိုတေးတွေ သီကာထွန်းလင်းလို့
ပြီး နှစ်သစ်တေးတွေ ကော်ဖီလာသောက်ကြ
ခရစ္စမတ် အကြိုညလို ဝေဆာလှပလို့
ဘယ်လိုမှ မထင်မှတ်ဘဲ
ဗင်းနစ်မြို့ အရသာမျိုးရခဲ့ရ
ရေနဲ့ ပဋိသန္ဓေပြုသော မြို့လေး
ချောင်းပေါက်ကလေးက
ချောင်းပေါက်ကလေးထဲဝင်ကာ
မြို့အလှကို မြို့ကချောင်းကြည့်နေရသော ရေထဲမြို့ပါလား ။ ။

မောင်ချောနွယ်

## မြို့သစ်မိုး

ငှက်တွေက လေထဲမှာ နားနေကြ
ကန်စွန်းပင်တွေက ရေထဲမှာ နားနေကြ
ဆောက်ပြီးစ တိုက်တွေလိုလို
ဆောက်လက်စ အိမ်ကလေးတွေလိုလို
မှိုနတို ကနဖော့တွေလည်း စီပြီး
ပေါ့ပေါ့ပါးပါး စကားတွေ ဆိုကြလို့
"ဘယ်လိုမှ မအောက်မေ့နဲ့နော်
ကိုယ့်အရပ် ကိုယ့်အခြေမို့ မစွန့်လွှတ်နိုင်ဘူး" တဲ့
ကန်သင်းရိုးကနေ မြေနီလမ်းဖြစ်သွားတဲ့
ကန်သင်းရိုး မြေနီလမ်းတွေကလေ
ငယ်ဘဝတွေကို လွမ်းရင်းနဲ့ပျော်
ကန်စွန်းခင်းနဲ့ အဖွဲ့လေးဖွဲ့နေထိုင်
မှိုနတို ကနဖော့ ဘဝကနေ
ဘဝမပြောင်းလဲဘဲ နေထိုင်ကာမျှော်ကြည့်
အလှပျက်ခဲ့ပေမယ့် အလှမဖျက်အောင်ပေါ့။
ဘဝပျက်ခဲ့ပေမယ့် ဘဝမဖျက်အောင်ပေါ့။

ကောင်မလေး မောင်းလာတဲ့ ဆီဒင်ကားက
ဓာတ်ဆီနံ့လေး ရှူရှိုက်ရင်းလေ
မြို့သစ်ဖြစ်စေ မြို့သစ်မှာ
ဟိုတုန်းက လူဟောင်း လူကောင်း
လေရိုင်းတွေကို လှမ်းနှုတ်ဆက်ရင်း
ဝင်းပနေစ ဘဝတွေ
မြို့သစ်ဖြစ်ဖို့
အသစ်စက်စက်မြို့တွေ မြို့ဖြစ်ဖို့

မိုးကလေ ...
အသစ်စက်စက်မြို့မှာ
မိုးကလေ ...
သူ့လယ်ကွက်တွေ မြို့ဖြစ်သွားတာ
သူမသိပေမယ့်
မိုးကလေ ...
သူ့လယ်ကွက်တွေ သူရေပေးဖို့ပဲ
သူသိ၊
မိုးကလေ ...
သူ့ဘဝတစ်လျှောက်လုံး မြတ်နိုးခဲ့တဲ့ လယ်ကွက်တွေ
သူရေပေးမယ့်
သူ့မြတ်နိုးမှုက ရေတွေကမ်းဖို့ပဲ
ဒီအသိတစ်ခုတည်း သူ့မှာရှိ၊
ခဏခဏရွာ
တော်ကြာရင်းရွာ
တော်နေကြာရွာ
တဖြန်းဖြန်းရွာ
ကွန်ကရစ်ဖျော်စက်တစ်ခုလို
တအုန်းအုန်း အသံပေး
ရွာချ၊

မိုးကလေ ...
အသစ်စက်စက်မြို့မှာ
အညာဖုန်လုံးကြီးတွေလို
တလိပ်လိပ်နဲ့
လိမ့်လိမ့်ပြီးရွာ ။ ။

မောင်ချောနွယ်

## ဂီတ

လမ်းဘေးမှာ အေးအေးဆေးဆေး အိပ်နေတဲ့ခွေး
ရုတ်တရက်ကြီး ကားဖြတ်နင်းခံရ
ခြေထောက်နှစ်ချောင်းသွင်သွင်ကျိုး
နားလွန်းလို့ ခမျာမှာ
ဘယ်လိုအော်ရမှန်းမသိ
သူ့အသက်ရှူ ရေငင်ပုံးကလေး
ရေတွင်းနက်နက်ကြီးထဲ
ငင်ငင်နေတာ မြင်ရ။

မောင်ချောနွယ်

## စက်ချုပ်သမား ရန်ကုန်

မနက်မိုးလင်းပြီဆိုတာနဲ့ပဲ
လူတွေကတော့ သူတို့အလုပ် သူတို့ဒုက္ခတွေ
ခါးထစ်ခွင်ကျ၊
ခေါင်းပေါ်က ခံတောင်းထဲထည့်ကျ၊
ဟော ... ခံတောင်းထဲက ငါးအရှင်လတ်လတ်တစ်ကောင်
ကားပေါ် ထွက်ကျ၊
ခါးထစ်ခွင်ပေါ်က ကလေးကငို
ကောင်မလေးတွေက ခုန်ရှောင်
လူကြီးတွေက ရယ်ကြ
လမ်း ၅၀ မှာ ...
ငါးက ကားပေါ်က ဆင်းမလို့ ထင်ပါရဲ့
ဂေါ်ကီရပ်ကွက်က လာကြတာတွေလေ
လန်ဒန်အရှေ့ပိုင်းကလည်း ဖြစ်နိုင်ပေသေးရဲ့
"ကိုကိုကလေ ...
မနက်မျက်နှာသစ် ရေမိုးသန့်စင်ပြီးရင်
ကိုကာကိုလာ တစ်ဗူးသောက်မယ်
အဲဒါမှ အာခံတွင်းကနေ ကြာညိုနံ့သင်းနေမယ်"
"ပြီးရင် ဂွတ်မောနင်းကိတ် စားမယ်"
"ကမ္ဘာကြီးအတွက်ပါ ကိုကို့အတွက် မဟုတ်ပါဘူး"
ဟား ဟား ဟား ...
ဒီလိုအတွဲကလေးကလည်း
မြို့တော်ကို စိုပြေစေသလိုပေါ့လေ
ပန်းကလေးတွေကတော့
ပျော်လို့ပေါ့လေ
မကြာခင် သခင်မဆီရောက်မယ်၊
မကြာခင် ဘုရားသခင်ဆီမှာ ဆည်းကပ်ရမယ်၊

. . . ကတော့ ပျော်တယ်
လိပ်စာပေးထားနော်
နောက်လည်း ဆုံကြရအောင်
တီးတိုးကလေးများ
စကားတွေဖွဲ့ကြလို့သာ
ပျော်ကြရှာ။

ရန်းထား ရန်းထား
ရုံးသမားရေ
ရန်းထားရမှာပဲ
ရုံးသမားတွေလည်းပါရဲ့။

ဒါ ရန်ကုန်လေ
မြို့ကြီးသား ရန်ကုန်လေ၊
ကဖီးဆိုင်တွေ ဖွင့်ကုန်ကြပြီ
စက်ချုပ်သမား ရန်ကုန်လည်း
သူ့စက်ခေါင်းကို ဖွင့်ပေါ့၊
မနေ့ညက အပ်ထည်လေးကို ဘယ်လိုညှပ်မယ်
ဘယ်လို ချုပ်သီမယ်
ဘယ်လို ဘီတင်ဖောက်မယ်၊
ဘယ်လို ဇာနားကွပ်မယ်၊
စက်ချုပ်သမားရန်ကုန်
စဉ်းစားပြီး
လူတွေကပဲ ကူစဉ်းစားသလိုလို
စဉ်းစားပြီးရင်း စဉ်းစား
စိတ်ကူးဒီဇိုင်းရရင်
ရင်ထဲပျော်
ရှေ့က နက်စ်ကော်ဖီကို တစ်ငုံငုံ
လန်ဒန်စီးကရက်ကို တစ်ကိုက်ခဲ

ဆိုင်ရှေ့က ဖြတ်သွားကြတဲ့ ခေတ်လူငယ်
အပျိုကလေးတွေကိုကြည့်
လက်ဖက်ရည်သုံးခွက်ဗျို့လို့ အော်လိုက်တဲ့
စားပွဲထိုး ခေတ်လူငယ်ကလေးရဲ့ အသံမှာ
ရန်ကုန်မျက်လုံးပွင့်ပြီးကျယ်သုဉ်း
အော် ...
မြို့ကြီးကို စားပွဲထိုးနေရပြီပေါ့ကွယ်။

အရောင်စုံ အသွေးစုံ အသားစုံ အသံစုံ
ရန်ကုန်၊
ရန်ကုန်ဟာ ရန်ကုန်မှာပဲ မွေးတယ်
ရန်ကုန်ဟာ ရန်ကုန်မှာပဲ ကြီးတယ်
ရန်ကုန်ဟာ ကမ္ဘာ့မြို့ကြီးတွေနဲ့
ရင်ဘောင်တန်းပြီး ရပ်တည်တယ်
ရန်ကုန်ဟာ သွေးကြီးတယ်
သူ့ကိုယ်သူ မြို့ကြီးသားလို့ အမြဲတမ်း ခံယူတယ်
မီးသီးအဝါတွေ
မီးသီးအပြာတွေ
မီးသီးအဖြူတွေ
မီးသီးအနီတွေဟာ
လူတွေလို့ ရန်ကုန်က ခံယူတယ်
နေ့ရော ညရော ထွန်းလင်းတယ်
သူသဘောကျတယ်
ရန်ကုန်က သူ့ရင်ဘတ်ကြီးထဲ
လူမီးသီးတွေ လာထွန်းလင်းဖြာဝေတာကို
ပီတိဖြစ်တယ်၊ သဘောကျတယ်၊
တုန်ခါမယ်
မိုးခါမယ်
ရန်ကုန်မိုးဟာ

ရန်ကုန်လို သာယာသွားမယ်
ရန်ကုန်မှာ ဆောင်းမရှိဘူး
ရန်ကုန်မှာ နွေမရှိဘူး
ရန်ကုန်မှာ မိုးပဲရှိတယ်
ရန်ကုန်မှာ မိုး
မန္တလေးမှာ နွေ
ပြည်မှာဆောင်းလို့ ဆိုကြတယ် မဟုတ်လား
တကယ်ပဲ
ရန်ကုန်မိုးကတော့
မူယာမာယာတွေများတယ်
ရွာတာတောင်မှ ဥဩဏ်နီဥဩဏ်နက်တွေ
ဥဩဏ်ပြာဥဩဏ်ဝါတွေများတယ်
မိုးမှမိုး
ရန်ကုန်အရသာဟာ မိုးမှမိုးပါပဲ။

သိပါတယ် ရန်ကုန်
ငြိပါတယ် ရန်ကုန်ရယ်
ဗိုက်ခေါက်ထူထူ ဝတ်ကောင်းစားလှတွေ
ဆိုင်ထဲဝင်လာကြပြန်ပြီ၊
ရောင်စုံကာလာပေ့ါ၊
ဘဲသားဖတ်၊ ဆိတ်သားဖတ်တွေ မှာစားကြ
မုန့်ဘူးလေးထဲထည့်
ခေတ်လူငယ် ကျောင်းသားလေးတွေ
ခုန်ပေါက်လို့၊
“မေမေ ဆရာမဖို့ မုန့်ဝယ်သွားရအုံးမယ်လေ
အေး အေး သား” ...
“ဂွတ်တမောနင်း ကိတ်တစ်လုံးဆို
လုံလောက်ပါပြီ”

ဒါမှမဟုတ် အေအန်တီကိတ်
တစ်လုံးလုံးပေါ့လေ
"မေမေ ဝယ်ခဲ့ပြီ သားတို့ရေ" တဲ့
အောင်မြင်တဲ့ လေသံမှာ
ရန်ကုန်မြို့ကြီးလည်း တံခါးဖွင့်ပြီ
ဂျိမ်း ဂျိမ်း … ဂျိမ်း ဂျိမ်း
ဂျုံး ဂျုံး ဂျုံး ဂျုံး …
ရထားဥသြမှုတ်သံလည်း ချလာပြန်ပြီ
မြို့ကြီးထဲ
မြို့ကြီးကို ဝယ်ခဲ့တဲ့ မီးရထားတွေ
အဝေးရပ်က တင်လာတဲ့ မီးရထားသံတွေ
ကုမ္ပဏီတံခါးဖွင့်သံတွေ
ဈေးတွေ၊ ဈေးတွေမှာလဲ
ဈေးသည် ဈေးဝယ်တွေ
ငှက်အုပ် ဆင်အုပ်တွေ
ပြုံဆင်းလာသလို ပြုံဆင်းလာကြ
ဂျပန်ဖိနပ် နောက်မြီးပြတ်နဲ့
ကုန်ထမ်းသမား အပြေးအလွှား
စည်ပင်တံမြက်လှည်းသမား
အပြေးအလွှား
နက်ကတိုင်တွေ အင်္ကျီတွေ
အထည်တွေ၊ ဘွတ်ဖိနပ်တွေ
ကတ္တီပါစတွေ၊ ခက်ရင်းနဲ့ ဇွန်းတွေ
ပန်းကန်တွေ၊ ပိတ်သားရောင်စုံတွေ
အသံတွေ မြန်လာကြပြီ
အရုပ်တွေ မြန်လာကြပြီ
လူ့၏ထင်ရှားမှုတွေ မြန်လာကြပြီ

အောင်ဇေယျ ထွက်ခွာမယ်
ဗန္ဓုလ ဆိုက်ကပ်မယ်
လူတွေ လူတွေ အပြေးအလွှား
ပန်းဆိုးတန်းဆိပ်ကမ်းမှာ
ချီတက်လာကြ
ပြေးဆင်းသွားကြ
ဝမ်းစာဆီကပ်ပွဲ
ဝမ်းစာပြေးပြိုင်ပွဲ
ပင်လယ်ကူး သင်္ဘောကြီးတွေ ရပ်တချို့
ဝင်လာခုတ်မောင်းတချို့
တည်ငြိမ်လို့၊
ဒီလိုနဲ့ ရန်ကုန်စက်ချုပ်သမား
တစ်နေကုန် တဂျုန်းဂျုန်းချုပ်
တစ်နေကုန် တကုန်းကုန်းချုပ်
ဟော ... ညနေရီ မိုးချုပ်စပြုလာပြီ
မာကျူရီမီးတွေ ထွန်းကား
ကားမီးရောင်စုံတွေ ထွန်းကား
အရက်ဘားတွေ ကျူးရင့်ဖွင့်သီ
နိုက်ကလပ်တွေ ဖူးပွင့်တင့်ပြီ
ကဲ ...
မြို့ကြီးသား စက်ချုပ်သမားရန်ကုန်ရေ
ညမြို့ကြီးကို ဘီတင်ဖောက်လိုက်ပါတော့
နို့မို့ဆို
မင်းကို အမှောက်သောက်သွားပေလိမ့်မယ်
ဟော ...
ရွှေပေါက္ကံကို အရောက်ပြန်မယ်
ဘတ်စ်ကားကို ရဲရဲတိုးစီး
ဘတ်စ်ကားကို မီးဖိုကြီးလို့လှုံကာ
ရန်ကုန်ရေ ... တော့ တာနော် တဲ့ ။ ။ မောင်ချောနွယ်



## ပြည်

လဝန်းထဲ
ပွဲကြည့်လှေကလေး လှော်ခတ်ဝင်သွား
လမ်းရှေးမှားသူမြစ်
နှစ်ထပ်သဘော်ာမြို့ကလေးပေါ် နားခဲ့ပေါ့။ ။

မောင်ချောနွယ်

## တန်ဖိုး

ပြန်မလာတဲ့ ခြေရာတွေပေါ်
လာနေတာ ဘယ်သူတွေလဲ
အသစ်တွေလား ...
အမိုက်အမှား လိုက်စားသူတွေလား ...။

ဒီမှာ ...
အမှားတွေ များပြားထူထပ်လွန်း
ဒီမှာ ...
အကြိုက်ချင်း မတူညီကြဖူး
လက်ခံတယ်၊
ဘဝချင်း မတူညီကြဘူး
လက်ခံတယ်၊
ကြွေးမြီတွေနဲ့ လေးလံပိတင်နေလွန်း
လက်ခံတယ်၊
လေးတော်ကို ငါတင်ပြီး ပစ်ချလိုက်ရမှာက
အမြိုက်တရားပေပဲကိုး။

ငါ့ဘက်က ငါ့အဘိဓမ္မာအရ
ငါဟာ
လွတ်လွတ်ကျွတ်ကျွတ်ကြီး ရှုံးခဲ့ရတော့
လွတ်လွတ်ကျွတ်ကျွတ်ကြီးပဲ နိုင်ချင်တယ်။

အမှန်တကယ်ပဲ
ငါပစ်ချလိုက်ပါတယ်
အမြိုက်တရား ။ ။

မောင်ချောနွယ်



## မုဆိုး

ပုစ္ဆာမဟုတ်ဘဲ
အဖြေဖော်လို့ ငါမရခဲ့၊
မုဆိုးမောင်းတစ်ဝက် မောင်းတင်ထားပြီး
သားကောင်ကို ငါရှာ၊
ငါတွေ့၊
ငါပစ်ချလိုက်တယ်
ငါ့တစ်ကိုယ်လုံး ဒဏ်ရာတွေချည်း နိုင်းချင်း
နာနာကျင်ကျင်အလှ ငါတွေ့၊
အကြီးအကျယ် ငါစိုးရိမ်မိ
ငါ့သေနတ်မှာ ကျည်ဆန်မရှိမှာကိုဘဲ။ ။

မောင်ချောနွယ်

## ကြေကွဲမှုအရောင်

ခန္ဓာကိုယ်များ ပေါ့ပါးရေးက စတင်
မိုးဝေးရေ ...
ပြီးမှပဲ ကမ္ဘာကြီးကို ချစ်ခင်ကြောင်း ပြောကြတာပေါ့။

ငါတို့တွေ စောခဲ့ကြတယ်
ငါတို့တွေ စောပြီး နောက်ကျခဲ့ရတယ်။

ဒါကြောင့်ပဲ
ဒီဇာတ်ကို ငါတို့တွေ ကခဲ့ကြရ
ငါတို့တွေဟာ
ပြဇာတ်ထဲက ဆက်တင်လို အိမ်တွေမှာ
နေခဲ့ကြရ
ငါတို့တွေဟာ
ချစ်သူ့အသံတွေကို ထိန်ချန်ခဲ့တဲ့ ကံတရားလည်း
တရားစီရင်ခဲ့ရ။

အရေးကြီးတယ်
တစ်ယောက်တစ်ယောက် အရသာရှိဖို့ကလည်း
အရေးကြီးပေရဲ့
တို့တွေ
တစ်ယောက်နဲ့တစ်ယောက် အရသာရှိခဲ့ကြတယ် မဟုတ်လား။

တို့တွေ
တစ်ယောက်နဲ့တစ်ယောက် ချစ်ခဲ့ကြတယ်ဆိုတာ
အမှန်တရားတောင်
နည်းနည်းပါးပါး ရိပ်စားမိသွားပြီလေ။

တို့တွေဟာ
ရာသီဆိုးသွမ်းလမ်းမက
ပျံကျမိုးတွေပေါ့
ဒီလိုမဟုတ်ဘူးလား။

မိုးဝေးရေ ...
ငါတို့တွေ အားလုံးဟာ
တစ်ချပ်မှောက်ဖဲဝိုင်းမှာ ..
ငါတို့အားလုံးရဲ့ ဖဲတွေက တခြားအိမ်တွေမှာ
ထွက်ကုန်ကြပြီ
ငါတို့ဖဲတွေဟာ ဆန်းဖဲတွေ မဟုတ်ကြတော့ဘူး
တစ်ချပ်မှောက် ကစားရာမှာ
လိုက်ရဲဖို့ထက် ပြေးရဲတာ သတ္တိပါ
မိုးဝေးရေ ...
ငါတို့တွေ ပြေးကြစို့ရဲ့
ခုလောက်ဆို
မောင်ပြည့်မင်းတစ်ယောက် နှင်းတွေဝေနေရောပေါ့ ။ ။

မောင်ချောနွယ်

## အငွေ့ပျံနေ့ရက်များ

အာခိမိဒိသီအိုရီဟာ
သွားတစ်ချောင်းအဖြစ်ရောက်ရှိလာတယ်။

ရေချိန်လွတ်နေတဲ့စာပွဲခုံတစ်ခုံခုန်လို့။

အလွန်တရာ အရသာရှိခဲ့တာက
မျှော်လင့်နေရတာ မှန်သမျှပေါ့။

ချစ်လှစွာသော လောကဓံတရားရေ ...
ဖြစ်ချင်တိုင်း မဖြစ်ရတာကိုပဲချစ်နေရပါတယ်။

အသက်ရှူသံတွေထဲမှာ ပန်းပွင့်တွေရှိတယ်
အသက်ရှူသံဟာ ပန်းပွင့်ဖြစ်တယ်
ဆူးရှိ၊
အရသာချဉ်စူးစူး
အစေးလည်းထွက်
ကျီးပေါင်းတက်နေတဲ့ အိပ်မက်တစ်ခု
အသက်ရှူသံပန်းပွင့်ထဲမှာ ရှိနေလေရဲ့။

မောင်ချောနွယ်
(ရောင်ပြန်၊ ၂၀၀၁ ဩဂုတ်)

## နေ့ဟောင်းများ

လွမ်းစရာနေ့ရက်တွေချည်းပါလား
ထုထည်နဲ့အတုံးအခဲတွေ
ပစ်ထည့်ခံရ။
ကိုယ်ကိုဆယ်ခဲ့ရတာ နှစ်ပေါင်းသုံးဆယ်
တခက်တခဲကြီးပါ
ရာသီဆိုးသွမ်း လမ်းမကြီးပါလား
ရာသီသစ် ပန်းသစ်တဝေဝေ
ငါတို့တစ်တွေလမ်းမှာ
ဇလပ် ခတ္တာ
အင်ကြင်းဝါနီ
တော်ဝင်ပိတောက်
ပေါက်ပွင့်နီနီရဲရဲ
နွေကိုသောက်ကြပြီး
အသည်းအေးမြကြ
သူငယ်ချင်း 'ဖော်ဝေး'ရေ
အိုခဲလှ နာခဲ့ကြ ဘုရားတိုင်အလွမ်းတွေနဲ့
ဘဝဟာ ပြေးလမ်းဖြစ်ပြီး
လောကကြီးဟာ
အမောပြေသောက်ဖို့ ရေတစ်ပေါက်လောက်ပါ
သန္တိသုခလေပြည်
နေမဝင်ခဲ့ပါဘူးအမေ။

အမေရယ်
လောကကြီးက သားရဲ့တံခါးကိုဖွင့်မပေးခဲ့ဘူး
ရန့်မွှေးပြီး
အပွင့်ဝေကြွေတဲ့ ခရေပင်မြစ်ကမ်းပါးလေးမှာ
ထိုင်ခဲ့ရတာလည်း နှစ်သုံးဆယ်ပါ
အမေရယ်
ကျွန်တော့်ရဲ့ နှစ်သုံးဆယ်ဟာလည်း
အရှုံးတွေချည်းပါပဲ
ကျွန်တော် ရောက်အောင်သွားခဲ့ပါတယ်အမေ
ဖြစ်ပြီးသားအပြစ်တွေ
ပျောက်ပျက်လွန်းခဲ့
အမှန်ကိုဖန်တီးခဲ့ပေမယ့်လည်း
ကမ္ဘာကြီးမှာ ဘာမှလည်းလွမ်းစရာမရှိတော့ပါဘူး
တကယ်တော့လည်း ဟုတ်ပါတယ်
ဘဝဆိုတာ လေထဲကဖုန်မှုန့်လေးပါပဲ
ခုတော့..
အခွံကဖီးမှာ
အမေ့သားဟာ
မိုက်လုံးကြီးကြီးသစ်သီးတွေ ဝေဝေဆာဆာသီးလို့။

မောင်ချောနွယ်

## နွေဦးသစ်သီးသစ်များ

ငါ့သီချင်းလေးနဲ့သာ
ငါ့လှေကလေး ငါလှော်ခဲ့၊
ငါ့အသက်ကလေး
ငါထွန်ယက်ခဲ့၊
ငါ့ဥစ္စာထုပ်ကလေး ဘယ်မလဲ
ငါရောက်ခဲ့၊
ရမှရောက်တယ် ငါသိခဲ့
ငါ့ဥစ္စာထုပ်ကလေး ရှိပါရဲ့
ဘယ်မလဲ
ငါရခဲ့
ရောက်မှရတယ် ငါသိခဲ့၊
ငါရခဲ့
အဲဒါ အရှုံးလား
အရှုံးကို ခံယူတယ်
ဒါဟာ
ငါ့မီးလျှံ
ငါခုန်ဆင်း
ငါ့ယာခင်းတွေ ပူလှသည်
ဒါဟာ
ငါ့မီးလျှံ
ငါခုန်ဆင်း
အဆုံးတွေ ဆင့်ဆင့်ရလွန်းခဲ့
ငါ့ယာခင်းတွေ ပူလှချည့်
ငါထွန်ယက်ခဲ့
ရလည်းရတယ်
ရောက်လည်းရောက်တယ်

ပေါက်ပွင့်နီရဲ
ဒိုင်းကနဲပေ့ါ
နွေကို ရဲရဲဖွင့်လိုက်ပြီ
ဒါဟာ ငါ့မီးလျှံ
ဒါဟာ ငါ့ဥစ္စာထုပ်
ဒါဟာ ငါ့ယာခင်း
ငါ့နွေပြတင်းမှာ ရွှေရည်ရွှေအဆင်းတွေ
လင်းတော့မယ်။ ။

မောင်ချောနွယ်

## ညီမလေးမမမြင့်

(က)

မြောက်ကျွန်းသူအတုလကာရီရဲ့
တစ်စလည်ဝင် ထမင်းအိုးလေးဟာ
ရဟန္တာ အပါး၅၀၀ကို
ဆွမ်းကပ်လှူနိုင်သတဲ့ကွ ...

ညီမလေးမမမြင့်ရဲ့
ရွှေသားသံယောဇဉ်ကလည်း
ကိုယ့်ဘဝတစ်ခုလုံးကို
ကျန်းမာဝေဆာအောင်
ကဗျာဆရာဖြစ်အောင်
ဖြည့်စွမ်းပေးနိုင်ခဲ့ပါတယ်။

ညီမလေးမမမြင့်ရေ
မမြဲတဲ့အနိစ္စတရားကမြဲလွန်း
တို့တွေမောင်နှမလိုနေကြမယ်ကွယ်။

သူငယ်ချင်းသုခမိန်ရေ
မင်းက ပဏ္ဍိတလမ်းမှာနေတယ်
မင်းကသုခမိန်လမ်းမှာနေတယ်ဆိုတော့
ငါ့အတွက် အင်နာဗွန်စီရယ်
အသည်းဆေး လင်ဗိုလင်ရယ်
အင်နာဗွန်စီရယ် ဝယ်ဖို့
မြန်မာကျပ်ငွေတစ်သောင်း အမြန်ပေးပါကွယ်...။

ညီလေး မောင်ပြည့်မင်းရေ
မင်းရဲ့နောက်ဆုံးဒြပ်စင်ထဲက ဓာတ်လိုက်ဟာငါပေါ့ကွာ
နောက်ဆုံးလက်ကျန် အရက်တစ်ခွက်ကိုငြင်းဆို
သီချင်းဆိုပြီး ပြန်ခဲ့တယ်
မင်းဟာ နာမည်နဲ့လိုက်အောင် ပြည့်ပြီး
နာမည်နဲ့လိုက်အောင် ပြည့်သူပါကွာ
ခုတော့ ဥက္ကလာဟိုးမားမှာနေ်။

ငွေကြာယံက ဖိမ်ခံတိုက်ကြီးနဲ့
သူငယ်ချင်းကိုကျော်လှိုင်ရေ
ကဗျာအင်ဂျင်နီယာရင်းမှာ
ခင်ဗျားက
ကမ္ဘာခြားရဲ့အသင်းဝင်တစ်ဦးပါ။

ငါ့တူလေး လူဆန်းရေ
မင်းကတော့ မော်တော်ဆိုင်ကယ်လေးတစ်စီး
စုန်ဆန်လို့ ပဲခူးနဲ့ပုဂံ စုန်ချည်ဆန်ချည်
မင်း ပန်းတွေဘာတွေ ဆက်ခဲ့ရဲ့လား
Mount ပုပ္ပားရဲ့ နေဝင်ချိန်တွေ
သိပ်လှတာပဲကွယ်။

တောင်ဆီမှာမိုးတွေညို့ရင်
မောင်ဖီလာရယ် ငါ့ကိုပဲခူးကိုပို့ပါကွယ်
ရေထဲမြို့ကလေးက ညီလေး မောင်သက်ငြိမ်ရယ်
မင်းရဲ့ ကရင်ရွာက ဘုရားကျောင်းမှာ
ခေါင်းလောင်းသံလည်း မကြားရကြာပြီ
မင်းညီမလေးနဲ့ သမီးလေးရော နေကောင်းရဲ့လားကွာ
သော်ကဘုရားကြီးလည်း ဖူးချင်တယ်
ဝါးခယ်မဘုရားကြီးနဲ့ပြန်မလော့မြစ်မှာ ရေချိုးချင်တယ်

လမုသီးလေးနဲ့ တောအရက်လေးကိုလည်း
ဆန္ဒပြင်းပြင်းရှိတယ်
ပြန်မလော့မြစ်ရဲ့ နေဝင်ချိန်လေးကို ရှုစားချင်တယ်
ယောကျ်ားချင်းအချစ်နဲ့
ယောကျ်ားချင်းအချစ်ရှိခဲ့တယ်ဆိုရင်
အဲဒီဗိုင်းရပ်စ်ပိုးကို ငါအရင်တွေ့ရှိတာပါကွယ်။

မုံရွာကတင်ကိုကိုရေ
မင်း အရင်လိုအချစ်တွေ ငါ့အပေါ် ရှိသေးရဲ့လား
ငါလာခဲ့မယ်ကွယ်။

မုံရွာက အညာသားလေး မင်းဆွေနှစ်ရေ
မင်းရဲ့ ဆူပါရဖ်ကားလေးနဲ့ ငါ့ကို
မုံရွေးကြေးမုံကို ပို့ပါကွယ်
အဲဒီမှာ ဆရာကြီးမှိုင်းရဲ့ တော်လှန်ကဗျာတွေ ရှိတယ်ကွဲ့
တော်လှန်ကဗျာဆရာကြီး
တော်လှန်သောကဗျာတွေ အပွင့်ဆန်း
ချောင်းနံဘေးမှာ အောင်ချမ်းသာဇီးသီးလေးဘာလေး
စားရင်း
သူများမကောင်းကြောင်း ကိုယ့်မကောင်းကြောင်း
ကမ္ဘာကြီးမကောင်းကြောင်းတွေ ပြောကြတာပေါ့ကွာ။

အနီးစခန်းက ညီလေး မြတ်ပေါ်ဦးရေ
မင်းရဲ့ ဂန္ဓမာပန်းခြံထဲမှာ ဂစ်တာတစ်လုံးနဲ့
မာယာကော့စကီရဲ့ ကဗျာတွေရွတ်ရင်း
ကဗျာဆရာကွယ်လွန်ရင်
ကဗျာနဲ့ ကဗျာနဲ့ သရဏဂုံတင်ရတယ်ဆိုတာ
ငါပြောခဲ့တယ်လေ
မင်းကောင်းကောင်းမှတ်မိမှာပါ။

ဒုဋ္ဌဝတီမြစ်ကမ်းနံဘေးက
ကြွက်နဖားတောင်ကြီးရဲ့ နေဝင်ချိန်က သိပ်လှတာပဲကွယ်
ကင်မရာမင်းလေး မောင်စိုးရဲ့
ကြွက်နဖားတောင်ကြီးရဲ့ နေဝင်ချိန်တွေကို
မင်းရဲ့အလှဆုံးရိုက်ချက်နဲ့ ရိုက်ခဲ့တယ်နော်
ငါကောင်းကောင်းမှတ်မိပါတယ်
နေဝင်ချိန်တိမ်တောက်လို့
ပျိုကြောက်ပါတဲ့ ဒီအချိန်ဆိုသီကာ
လှည်းယဉ်ကြော့လေးမောင်းလို့
တောသူမလေးရဲ့ ရင်သိမ့်တုန်သံမှာ
တို့ရဲ့ သောတာရုံမှာ လွတ်လပ်ငြိမ်းစေခဲ့တယ်နော်။

ကိုသန်းထွန်း မုံရွာ မီးရထားလမ်းနံဘေးက
လက်ဖက်ဆိုင် ကဖေးဆိုင်လေးမှာ
ရဲခဲ့ဘိ အစဉ်အလာနဲ့ အလံလွှင့်ထူ
ခင်ဗျားလက်နက်မချသေးဘူးမဟုတ်လား
ကျုပ် ဂုဏ်ယူတာ
ကုန်းဘောင်သူပုန် ဂဠုန်ဆရာစံ
ငယင်ဗန်ထရွိုင်း
အတိုင်းမသိတဲ့တိုက်ပွဲမှာ ခင်ဗျားပါဝင်ခဲ့တယ်နော်
ဗိုလ်အောင်ကျော်
အို…ဟယ်ရီတန်
စီးအန်ပွက်ပွက်
သင့်သွေးစက်သည်
ခေတ်သစ်ဆီကို ရော်ရည်နိုင်စေသတည်း။

မီးလိုပူကြွ ငါ့ရင်ဝက
တသခဲ့တဲ့ ငါ့ရင်ဝက တသခဲ့တဲ့ ကဗျာ
အို... ဂျူးဖြူရယ် ကူပါ့သံတွေ
လူ့မြေ လှပစေလော့
ငါ့ရင်ဝက တသခဲ့တဲ့ ကဗျာ
အော့ဇဝစ် အကျဉ်းစခန်းက
ညီသူငယ်ချင်း တင်အေးကြူ မောင်မှိုင်းလွင်ရေ
ခင်ဗျားရဲ့ချစ်သူ ညီမလေးခင်မိုးကျော်
ရွက်ကြွေတောအုပ်နဲ့ မိချောင်းရဲသုသာန်လေးက
စောင့်နေတယ်လေ
ခင်ဗျား လွမ်းသူ့ပန်းခွေချဖို့ ပြည်ကိုလာခဲ့ပါဦး
နှလုံးနဲ့တည်ဆောက်ခဲ့ရတာက
ခေတ်ရယ် ကမ္ဘာကြီးရယ်ပါ
ဒါပေမယ့်
ကမ္ဘာကြီးက ပြားပါတယ်ဗျာ။

ပင်လယ်ရေပြင် အမြင့်ပေ သုံးသောင်းကျော်က
ညီလေးမူးမူးရယ်
မင်းအနုပညာမှော်တွေ အောင်ခဲ့ပြီကွာ
မင်းပထမကျော်တွေလည်း ရခဲ့ပြီကွယ်
သူငယ်ချင်းမင်းသစ်ရယ် ရှယ်လီထွားရယ်
ကျွန်တော်တို့တစ်တွေ ဂစ်တာလေးတစ်လုံးနဲ့
ကျွန်တော်တို့တွေ ဂစ်တာတီး တေးဆိုကြမယ်ဗျာ
ဤအိမ်တော်မှာ ကောင်းခြင်းမင်္ဂလာပြည့်စေသတည်း
ဤအိမ်တော်မှာ ငြိမ်သက်ခြင်းလည်း ရှိပါစေပေါ့
ပျော်ရွှင်ခြင်းလည်း ရှိပါစေပေါ့။

တောင်သမန်အင်းက လေညင်းရယ်က ဆော်
အစ်ကိုကြီး ကိုလေးအင်းဝဂုဏ်ရည်ရယ်
မောင်ပေါက်စည် မန်းတက္ကသိုလ်ရယ်
အိုင်ဗင်နော့ရယ်
ကျွန်တော်တို့တတွေ တောင်သမန်အင်းမှာ
ငါးကြော်နဲ့ ထမင်းစားကြမယ်
ပြီးရင်
ဟောဒီလို တေးသီကြမယ်ဗျာ
ဟောဒီလို တေးသီကြမယ်ဗျာ
"ငါသည် မုန်သော စပျစ်နွယ်ပင်ဖြစ်သည်
ငါ့ခမည်းတော်သည် ဥယျာဉ်မှူးဖြစ်ဖူးပြီး
အသီးမသီးသော အခက်ရှိသမျှ ခုတ်မည်တည်း
အသီးသီးသော အခက်တို့သာတည်စေတော်မူသတည်း"
သုံးကြိမ်သုံးခါ ဆိုပြီးသကာလ ငါးကြော်နဲ့ အင်းဘေးမှာ
ထမင်းကြော် လွေးကြတာပေါ့ဗျာ။

သူငယ်ချင်းသုခမိန်ရေ
သီချင်းရဲ့ လပေါ်က ဘီယာဆိုင်ကိုသွားကြမယ်
အဲဒီမှာ
တောအရက် ငါးပုလင်း
တောင်ဆိတ်သားငါးကောင်
ငါးကင်၊ ဒိန်ခဲ၊ ကြက်ကင်နဲ့
ကဗျာတွေ ရွတ်ဖတ်သရဇ္ဈာယ်ကြမယ်
ပျော်တယ်ဗျာ

ညီမလေးမမြင့်ရယ် မောင်နှမလို နေကြမယ်ကွယ်
ခေါ်မယ်နော်
အစ်ကိုနဲ့ညီမတွေကို ခေါ်မယ်
ညီနဲ့ညီမတွေကိုခေါ်မယ်
အားလုံးပဲပျော်ကြမယ်
ငြိမ်းချမ်းရေး ငြိမ်းချမ်းရေးပွဲတော်
ခေါ်မယ် ခေါ်မယ် ပျော်မယ် ပျော်မယ်
အားလုံးပဲ ပျော်ကြမယ်
ငြိမ်းချမ်းရေး ငြိမ်းချမ်းရေးပွဲတော်
အစ်ကိုတို့ရေ အရပ်ကတို့ရေ
ဘုရားဒကာပါခင်ဗျား
သနားမညှာတာမလုပ်လိုက်ပါနဲ့
ဘုရားဒကာပါခင်ဗျား
ဒုက္ခိတနဲ့ နာတာရှည်ပါခင်ဗျား
မသနားမညှာမတာ မလုပ်လိုက်ပါနဲ့
တောင်စွယ် နေကွယ်ရင်ကွယ်
ရွှေခေါင်းဆွဲကာ သတ်မယ်တဲ့
တကယ်ပါပဲဗျာ လူ့ဘဝကြီး အကြီးအကျယ်မုန်းစရာ
ကျုပ်ဖြင့် အလွန်မုန်းသဗျာ
အာဂျန်းဆိုတဲ့ သွားအဖွေးသားနဲ့
ငါ့ကလေးလေးရေ
မင်းဟာလေ နတ်သားလေးပါပဲကွယ်
ညီမလေးမမြင့်ရေ
မမြဲတဲ့ အနိစ္စတရားကမြဲလွန်း
တို့တွေ ရှုံလွန်းလှတယ်ကွယ်
ညီမလေးမမြင့်ရေ
လေးစားပါတယ် ဂုဏ်ယူပါတယ်။

(ခ)

ငါဖွဲ့ဆိုစပါသီတဲ့ကဗျာလေးတွေသာ သီဆိုပါ
သုခစာပေတိုက်က ညီလေးမောင်သီဟရေ
မင်းဟာ ကေသရာဇာပါ
ငါ့ကဗျာလေးတွေကို မျှဝေခံစားကြပါ
မြို့သစ်က တိုးနှောင်မိုးလေးရယ်
မောင်စွမ်းသာရယ်
ကောင်းဟန်
မိုးသောက်ကြယ်ရယ်
ငါတို့တွေ အိမ်ရှေ့မင်းထန်းတောမှာ
ဗယာကြော်စားသုံးရင် ဘေးဘယာတွေ ကျော်ရမှာပေါ့
နာကျင်တာဒဏ်ရာပေါ့
ဒဏ်ရာဆိုတာ ကဗျာ
ဒဏ်ရာဆိုတာ သစ္စာတရား
ဒဏ်ရာဆိုတာ ချစ်ခြင်းမေတ္တာ
လောကကြီးကိုတော့
ဥပေက္ခာရေပိုင်နက်ထဲမှာ
ငါးမန်းစာကျွေးတာပေါ့
အဝိဇ္ဇာဆိုတာ အင်မတန် ခွန်အားရှိလေရဲ့
သူတို့တစ်တွေ ဆာလောင်နေကြပြီ။

ပဲခူးမြရေ
မြကလေးရဲ့
ရှိုးပြပြတယ်လို့ မဖြစ်ချေဘူး
ပျိုးချသမျှဟာလည်း
ပိုးကျလို့နေချေပေါ့
ပိုးကျလို့နေချေပေါ့

ကဗျာ ဒီလန်သောမတ်တို့
ကန်မ်တာကလော့တို့
ဆယ်ဗယ်ယာပလပ်တို့
တက်ဒ်ဟူချ်တို့
ဟေးမတ်ရှေနီတို့
အော်ဒင်တို့ မင်းကလည်းကွာ
ယောကျ်ားဇကန်စစ်စစ် ဖြစ်လျက်သားနဲ့များ
ဖင်လေးရတယ်
ဂျန်အံ့ဒင်းဗားရေ
မင်းရဲ့ ချစ်သောမြစ်ကြီးရော
ကျန်းကျန်းမာမာပဲမဟုတ်လား
ငါကတော့ ဆီမီးခွက်လောက်ရှိတဲ့
တိုင်းငယ်ကလေးက ကဗျာဆရာပါ
သူရသတ္တိကြီးမားလှစွာ
နေပူလေပူမှာ ခြေပူခံရင်း
အထူးထူးဆန်းပြားသော ကဗျာတွေစပ်လို့ပေါ့
ဗင်းနစ်မြို့သား ကုန်သည်ကြီးရေ
မင်းနဲ့ငါ ပြဇာတ်သွားကြည့်ကြတာပေါ့။

ပျဉ်းမနားသား ကဗျာဆရာလေး ကိုသက်ရေ
ဝီလျံလင်းရေ
ခင်ဗျားစာတွေဖတ်ဖို့
ကျုပ် ပြည်ကိုလာဦးမယ်
ကျနော့်ကို နှစ်အစိတ်လောက်
ထောက်ပံ့ခဲ့တဲ့ ခင်ဗျားကို
ကျုပ်ရဲ့မြကျွန်းတက္ကသိုလ်ကြီးလည်း
နှစ်ရှစ်ဆယ်
အရွယ်ရောက်ခဲ့ပါပြီဗျာ။

ညီမလေး
မမြင့်ရေ မောင်နှမလိုနေကြမယ်
အနုပညာငှက်ကလေး ပျံတော့မယ်
မပျံနိုင်သေး ညီမလေး
ညီမလေးရယ်
တောပွဲလေးမှာ ဆွေးရဦးမယ်
ရှင်ဥတ္တမကျော် ရွှေစက်တော်တောလား
ရတုဘုရင် နတ်သျှင်နောင် ပြည်နဝဒေး
နှမလက်လျှော့
နေလေတော့ဟု
ချစ်ခွင့်မကြုံ
ညိုးငယ်ရုံမျှ
ငှက်သွင်ပျံကြွမတတ်သော်တဲ့
မပြန်နိုင်သေး
ညီမလေးရယ်
မပြန်နိုင်သေး
တောပွဲလေးမှာ
ဆွေးရဦးမယ်ကွယ်
ပလိပ်မြို့ မြွေဘုရားပွဲမှာ
(မြိတ်) ဘိတ်မြို့ညီငယ်ကဗျာဆရာလေး
ရဲဘုန်းခေါင်ရေ
မင်းကတော့ ဘိတ်အကျဆုံး
မကြာမတင်မှာတော့
မကြာခင်မှာတော့
မင်းရဲ့မင်္ဂလာဖိတ်စာရယ်
ငါဖတ်ရမှာပါကွာ။

သားလေးကို အားပေးပါဦးကွယ်
ကန့်လန့်ကာကြီးရယ် နေပါဦး
ကလို့ ကောင်းနေတုန်း
ရှာစားကြီးရယ် တီးလိုက်ပါဦး
ဆိုလို့ကောင်းနေတုန်း
မိုးမိုးချစ်လို့လား
မိုးမိုးလှလို့လား
ညီလေးမိုး ကျန်းမာပါစေ...
မေတ္တာဖြင့် မောင်ချောနွယ် ...။

အေးကွာ မင်းတို့ညီအစ်ကိုနဲ့ အေးစေတီဘုရားပွဲမှာ ကခဲ့တာတွေရော၊
ရွှေစည်းခုံဘုရားပွဲမှာ ကခဲ့တာတွေရော ပြန်လည်လွမ်းမောမိပါတယ်။
မင်းတို့လည်း ကောင်းခဲ့ပါတယ်၊ ငါလည်းကောင်းခဲ့ပါတယ်။
ခုလို ကွဲကွာနေရတာလည်း ကြာလှပြီပေါ့နော်။ ချစ်ခြင်းမေတ္တာတွေ
စီးလျက်သာတည်းပါကွာ။ တေးသီငှက်တွေ သီမြဲပါကွယ်။
ပန်းသစ်လေးတွေ သစ်မြဲပါကွယ်။ ပန်းဆိုတာ ကြွေတာကကိုက
ပွင့်ခြင်းပါ။ One flower flow down flower blossom
ပေါ့လေ။ပန်းတွေ ပန်းတွေ အရမ်း အရမ်းပဲ ပွင့်နေကြတယ်
ညီမလေးမမြင့်ရယ်။ အိမ်မှာ ကျောင်းမှာ လမ်းမှာ ညီမလေးနာမည်နဲ့
အရမ်း အရမ်းကို ပွင့်နေကြတယ်ကွယ်။ ကိုယ့်အသည်းကို
အာထရာဆောင်းရိုက်ကြည့်တော့ ပန်းပွင့်လေးနာမည်က
ညီမလေးမမြင့်တဲ့ ... ။

မောင်ချောနွယ်
(ခေတ္တ–စိတ္တဇဆေးရုံ)
( ဟန်သစ်မဂ္ဂဇင်း ၊ ၂၀၀၂ အောက်တိုဘာ )

## ငါနေကောင်းသွားပြီပန်းကလေးရေ

မြောက်ပြန်လေ တသွင်သွင်မှာ
သဇင်ရနံ့တွေတသင်းသင်းနဲ့
ဟေမန္တ ရာသီဟာ ကမ္ဘာမြေကို ဆိုက်ကပ်လို့
ငါ အရူဏ်သောက်လို့ လွတ်မြောက်ခဲ့ပြီ
စစ်ပြေးဒုက္ခသည်လိုလဲ ထမင်းမစားနိုင်ပါ
ဓါးကိုဖွင့်ထားမည်
ခွေးခြေပုပုပေါ်မှာ ဘဝကို မတည်ဆောက်လိုပါ
သုတိသာယာသံနဲ့ နံနက်ခင်းငှက်ကလေးတွေ
ငါ့ကိုကြိုလင့်ပြီ
ရောင်နီသည် ရွှန်းလက်တောက်ပစွာဖြင့်
ငါ့ရဲ့မေတ္တာပြည့်သောရင်အုံကို ခိုလှုံခဲ့ချေပြီ
ငါ့တန်ခိုး အနုပညာမှော်သစ်တို့ထံတွင်
ပျော်ရွှင်ကြည်နူးကြကုန်ပြီ
ငါ၏အကြင်နာထံပါးတွင် ပန်းတို့အစွမ်းကုန်ပွင့်ခဲ့ကြပြီ
ငန်းတို့ပျော်ရာ ရေကန်သာသည် ငါ့ထံတွင် တည်ချေပြီ။

မောင်ချောနွယ်

## ဖြစ်ခဲ့တယ်

အဲဒါဟာ
မိခင်မြတ်ရဲ့ သားအိမ်ထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
နာမ်အလုပ်ကိုလုပ်တဲ့ ပြည်မြို့ကလေးမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
ကြိယာအလုပ်ကိုလုပ်တဲ့ ဖြူးမြို့ကလေးမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
ညစာပျောက်ညတစ်ညရဲ့ ဆာလောင်မှုမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
အိမ်ပြေးတစ်ယောက်ရဲ့ ကြေကွဲရခြင်းထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
သင်္ချိုင်းရေစာရားရဲ့ လေညင်းခံမှုထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
စစ်တစ်ဖင်နာရီလက်တံထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
မာကိုနီရဲ့ ဆောင်းတွင်းအိပ်မက်ထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
ဖီရှုန်နွားတစ်ကောင်ရဲ့ ဗီးအိမ်ထဲမှာ
ဖြစ်ခဲ့တယ်။

အဲဒါဟာ
ပင်စင်စားအရာရှိတစ်ဦးရဲ့
ချယ်ရီသားတုတ်ကောက်ထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
မြင်းမွေးညှပ်သမားရဲ့ ကတ်ကျေးထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
သွားတွေတစ်ချောင်းမှ မရှိတော့တဲ့
သွားဆရာဝန်မှာ ဖြစ်ခဲ့တယ်။
အဲဒါဟာ
ရေဦးရေဖျားမြို့ကလေးမှာ ဖြစ်ခဲ့တယ်။
အဲဒါဟာ
ငရုံ့ခေါင်းတိုလို ခေါင်းရှိပြီး
ပုကွကွကောင်တစ်ကောင်ရဲ့ ငယ်ထိပ်ပေါ်မှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
နှစ်ထပ်သင်္ဘောနဲ့တူတဲ့ မြို့လေးမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
တစ်တောလုံး တစ်တောင်လုံး ချက်ကြွေးတဲ့
သဒ္ဓါတရားထဲမှာ ဖြစ်ခဲ့တယ်။
အဲဒါဟာ
လဲမှို့တွေ အန်ထွက်နေတဲ့
ခေါင်းအုံးပေါက်တစ်လုံးထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
နိုင်ငံရေးမရှိတဲ့ မွေးမြူရေးငါးတွေမှာ
ဖြစ်ခဲ့တယ်။

ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
စကြဝဠာကိုမျှားတဲ့ ပါးစပ်ကြီးမှာ
ဖြစ်ခဲ့တယ်။
ဖြစ်ခဲ့တယ်
ချစ်ခြင်းမေတ္တာရဲ့ ချောင်းနားကမ်းစပ်မှာ
ဖြစ်ခဲ့တယ်။
ဖြစ်ခဲ့တယ်
ယန္တရားလို့ခေါ်တဲ့ တိုက်ကြက်ဖရဲ့
ဇလုတ်ကြီးထဲမှာ
ဖြစ်ခဲ့တယ်။
ဖြစ်ခဲ့တယ်
ဘိန်းစားတစ်ဦးရဲ့ ဖြောင့်ချက်ထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
ဖြစ်ခဲ့တယ်
ဟုတ်တယ်
ဖြစ်ခဲ့တယ်။
အော်ဒက်ဆာမှာ ဖြစ်ခဲ့တယ်။
အဲဒါဟာ
ဖြစ်ခဲ့တယ်
လူဖြစ်ပြီး တိုက်ကပ်ပန်းပင်တစ်ပင်လိုလို
ပြီးတော့
ပန်းလည်းမပွင့်တဲ့ ကောင်တစ်ကောင်မှာ
ဖြစ်ခဲ့တယ်
လောကကြီးမှာ
ငွေမရှိတာလောက်
အောက်တန်းကျတာမရှိဘူး
အဲဒါဟာ ဖြစ်ခဲ့တယ်။

ဗန်ဂိုးနဲ့ လော်ရကာတို့ရဲ့ အိပ်မက်ဟာ
ဖြစ်ခဲ့တယ်
မှားယွင်းနေကျ နေ့စဉ်စင်တင်ပြဇာတ်တွေဟာ
ဖြစ်ခဲ့တယ်၊
အဲဒါဟာ
စဉ်းနီတုံးပေါ်က နန့်ကြောဆွဲတဲ့ငါး
အသက်လက်လွှတ်လိုက်ရခြင်းမှာ ဖြစ်ခဲ့တယ်။
ရေတာရှည်ခြင်း မြို့ကလေးက
တောပြဇာတ်ကလေးမှာ ဖြစ်ခဲ့တယ်။
ရွှေလိမ္မော်သီး ဖိနပ်ကလေးတစ်ရံရဲ့
ရယ်မောသံမှာ ဖြစ်ခဲ့တယ်။
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တာတွေဟာ ပျက်ခဲ့တယ်
ပျက်ခဲ့တာတွေဟာ ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ပျက်ခဲ့တာတွေဟာ ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ပျက်ခဲ့တာတွေဟာ ဖြစ်ခဲ့တယ်။

မောင်ချောနွယ်

## ချစ်လှစွာသော လောကဓံတရား

သင်ဒါတွေသိပါစ
ချစ်လှစွာသော ကမ္ဘာကြီးခင်ဗျား
ဘဝခရီးဟာ
တစ်သီးစားလယ်ဧက မဟုတ်ခဲ့ပါ
သင်နဲ့ကျွန်ုပ်တို့ဟာ
ခြင်နဲ့ဖြုတ် မဟုတ်ခဲ့ပါ
တစ်ကယ်တော့လည်း
ခြင်နဲ့ဖြုတ်ကို
သင်တို့ကျွန်ုပ်တို့ ကာကွယ်ရန်သာရှိပေရဲ့။
မိုးလာပျက် လေလာပျက်
အိပ်မက်တွေမလို
ပူကန်ပွင့်ကြေသော ဒုက္ခတွေသာလိုရဲ့
သာမှနေမယ်ဆိုတဲ့
အလေအလွင့်
အဖိတ်အစင်ဓာတ်တွေမလို
သန့်စင်ထားတဲ့
အနာဂတ်ရလေထန်သံတွေလိုရဲ့။
ကိုယ်လက်စထရော ခပ်များများနဲ့လူတွေမလို
လှုပ်ရှားပေါက်ကွဲနေတဲ့ ဖော်လ်ကန်နိုတွေလိုရဲ့
ဝမ်းနဲ့လေနဲ့မကွဲတဲ့ လောကအမြင်တွေမလို
သုံးရာသီ အဝေးပြေးကားတွေလိုရဲ့။
ရန်မဟုတ် မိတ်မဟုတ်တွေမလို
အသစ်ချပ်ချွတ် ဒဏ်ရာတွေသာလိုရဲ့။
အုတ်အရောရော ကျောက်အရောရောတွေမလို
ဇဗ္ဗူရာဇ်ရွှေသားစစ်စစ် နွေရာသီတွေလိုရဲ့။

ကုဗပေအရှည်အညွှန်းနဲ့ လူ့ဘဝတွေမလို
ပင်ကိုသဘာဝကို မထိန်ဝှက်တတ်တဲ့
သဲနဲ့ရှပ်ရှပ် မြို့ကလေးတွေလိုတယ်။
ဘဝင်လည်းမမြင့်
အလုစီခြယ်ရာမှာလည်း အမြဲတမ်းအောင်မြင်တဲ့
သဘာဝအနုပညာရှင်တွေလိုရဲ့
ချစ်လှစွာသော လောကဓံတရားရေ
လောကကြီးဟာ ဩဠာရိကဖြစ်ပြီး
ဘဝဟာ သုခမဖြစ်လေရဲ့
အချစ်ရေ ဒို့တွေ
နာတာရှည်ရောဂါမှာသာ
သာယာလိုက်ကြပါစို့
ကမ္ဘာကြီးခင်ဗျား
သင်ကောင်းခဲ့သော်လည်း
ကျွန်ုပ်တို့ ဆိုးခဲ့ပါတယ်
ရိုးသားခွင့် မရှိတော့ပါ။

မောင်ချောနွယ်

## ဟိုတယ်

လတ်လတ်ဆတ်ဆတ်ကိုက်ဖဲ့ပြီးစ
ဖရဲသီးအဝါလို
"လ" နှယ်
အချိုရည်တွေတစက်စက်ရွှဲကျ
အစေ့တွေကတော့ အဖြူစကြယ်တွေ
ဗရဗပွကြ
ပိုးသားအိအိတိမ်တိုက်တွေ
စိတ်လေလွင့်ကြ
ဆင်ခြင်တုံဋ္ဌက်တွေ
ငါ့ခန္ဓာကိုယ်ထဲက ပျံထွက်ကုန်ကြ
သူတို့တောင်ပံရိုက်ခတ်သံဟာ
မြွေတွန်သံတွေ ဖြစ်သွားကြပြီး
နိုက်ကလပ်တစ်ခုမှာ
ခြေလွတ်လက်လွတ် မူးယစ်ကခုန်နေသူတွေလို
ကခုန်နေကြ
ဘဝကို
အကျီချွတ်သလို ချွတ်ချလို့မရတဲ့ည
ဘဝကို
ခြေအိတ်စွပ်သလို စွတ်ချလို့မရတဲ့ည
ညကညကို ပြန်မျိုလို့ မရတဲ့ည
အဲဒီညတွေဟာ
ဟိုတယ်ထဲ ခုန်ပေါက်ဝင်သွားတဲ့အခါ
ဟိုတယ်တွေက လက်လွတ်ထွက်ပြေးလာ
ညတွေဟာ
ဟိုတယ်ဖြစ်ခဲ့တယ်။
မောင်ချောနွယ်

## ဝတ်မှုန်ကူးကြ

ဝမ်းနည်းမှုနဲ့သာ
ကျန်းမာခဲ့ရ
ဆင်ခြင်တုံမှု မိုက်ခရိုစကုပ်ထဲ
ဘဝဟာ စားသုံးပင်တစ်ပင်တဲ့
လောက်တစ်ဖွားဖွားနဲ့လေ။
ဘယ်မှာလဲ
ရွှေအသက်ရှူသံတွေ
တုံးလုံးပတ်ခေါက်လဲကျ
စကြဝဠာ လေးလံပိကျလာ
“အက်စ်ကလေတာ” တွေမှာ
အစာအိမ်မရှိ
ငါတို့တွေမှာရှိခဲ့တယ်။
ကမ္ဘာမြေဟက်တက်ပွင့်
ကပ်သုံးပါး စတိုင်ပင်ရခဲ့
အသားတွေ
အဖတ်လိုက် အဖတ်လိုက် ကွာကျ
ငါးသည်မဗန်းထဲက ငါးပြေမတွေလို
ကြယ်တံခွန်တွေ
တဖျပ်ဖျပ်ထခုန်
နဖ်ကြောနဲ့သွေးသားတွေ
ဘယ်ကွန်ပျူတာမှာရှိခဲ့သလဲ
ငါတို့တွေမှာ ရှိခဲ့တယ်။
ဝတ်မှုန်ကူးကြ
အထူးဝတ်မှုန်ကူးကြ
အဲဒီ ပျစ်ပျစ်နှစ်နှစ်ညတွေနဲ့။

ဝတ်မှုန်ကူးကြ
အဲဒီ အရှင်လတ်လတ်ကြီးနဲ့။
အထူးဝတ်မှုန်ကူးကြ
အဲဒီ ကောင်းကင်လှတဲ့နေ့တွေနဲ့။
ဝတ်မှုန်ကူးကြ
အဲဒီ သွေးလေမြန်ဆန်တဲ့ မြို့ကြီးတွေနဲ့။
ဝတ်မှုန်ကူးကြ
အထူးဝတ်မှုန်ကူးကြ
လာခဲ့ပြီ
ကဖို့
မြို့ရွာတို့ ကဖို့လာခဲ့ကြပြီ။

မောင်ချောနွယ်



## မြို့တစ်မြို့က ဝှက်ထားတဲ့ဖဲချပ်များ

သွေးဆုံးနေတဲ့မိန်းမလို ဆိုင်းဘုတ်နဲ့
လူညံ့တွေရယ်
အဲဒါတွေကိုတော့
လှမယ်ထင်လို့
မြို့ဟာ
သူ့ကိုယ်သူ
အစွမ်းကုန်ခြယ်သထားလေရဲ့။

မြို့ဟာ
ဟောဒီဖဲချပ်တော့ ဝှက်ထားလေရဲ့။
မြို့ဟာ
ဝင်ရိုးစွန်းမှာ
တစ်ကိုယ်ထဲ ဟိုတယ်စာသွားသွားစားတတ်တဲ့
အကြင်နာတရားပုံ သံတုံးတစ်တုံးကို
ဝှက်ထားတယ်။
မြို့ဟာ
လမင်းနဲ့ညှိခံတတ်တဲ့
ရပ်ကွက်တခုကိုလည်း ဝှက်ထားတယ်။
မြို့ဟာ
စကားပြောတတ်စ ကြယ်ကလေးတစ်ပွင့်ကိုလည်း
ဝှက်ထားတယ်။
မြို့ဟာ
လူသားစစ်စစ်ဖြစ်ရက်နဲ့
ကုလားအုတ်တစ်ကောင်လို
စုဆောင်းထားတဲ့ ရေတွေလဲရှိ
သူ့အဖို့ရာ ဘို့တစ်လုံးလည်းပါရှိ
အဝေးမြင် လည်ပင်းရှည်ကြီးလဲရှိ
ပြီးတော့
ကမ္ဘာကျော်ကျေးစွပ်ပုံပြင်ကိုလဲ ပိုင်ဆိုင်တဲ့
စားပွဲခုံတစ်လုံးကိုလဲ ဝှက်ထားတယ်။
မြို့ဟာ
အဲဒါကြောင့်ပဲ
ကမ္ဘာပုသွားတဲ့ နေ့တစ်နေ့ကို
ကိုယ်ဝန်ဆောင်ထားရပြီဆိုတာ
မသိရှာခဲ့ဘူးပေါ့။

မောင်ချောနွယ်

## အချစ်အကြောင်းပြောတဲ့ည

အချစ်အကြောင်းပြောတဲ့ညဟာ
ကောင်းကင်ဟိုတယ်မှာ
အချစ်အကြောင်းပြောတဲ့ညဟာ
ဆူပါကတ်
မော်တော်ဆိုင်ကယ်စီးလာတယ်။

အချစ်အကြောင်းပြောတဲ့ညဟာ
အကြေသားအကျီဝတ်လာတယ်။
ညဖြစ်လျက်နဲ့
မျက်မှန်နက်တပ်လာတယ်။

အချစ်အကြောင်းပြောတဲ့ညဟာ
နှုတ်ခမ်းနီနီ ဆိုးလာတယ်။
စံပယ်တင်မှ့ အတုလဲတပ်လာတယ်။

အချစ်အကြောင်းပြောတဲ့ညဟာ
ကောင်လေးက သက္ကလပ်ဦးထုပ်ဆောင်းပြီး
ကောင်မလေးက
မျက်တောင်ကော့တု တပ်လာတယ်။

အချစ်အကြောင်းပြောတဲ့ညဟာ
မိုးကနေ ဆောင်းဟန်ဆောင်နေတယ်။
အချစ်အကြောင်းပြောတဲ့ညဟာ
တစ်ယောက်က ဘီယာမှာသောက်ပြီး
တစ်ယောက်က အချိုရည်စုပ်နေတယ်။

အချစ်အကြောင်းပြောတဲ့ညဟာ
တစ်ယောက်က
မျက်လုံးလှန်လှန်ကြည့်တဲ့အခါ
တစ်ယောက်က
နားရွက်ကိုရွက်ကုန်ဖွင့်တတ်တယ်။

အချစ်အကြောင်းပြောတဲ့ညဟာ
တစ်ယောက်က လမင်းကိုမျိုမျိုချပြီး
တစ်ယောက်က အလင်းပူပူကို
သောက်သောက်နေတယ်။

အချစ်အကြောင်းပြောတဲ့ညဟာ
တစ်ယောက်က အရမ်းနှလုံးခုန်ချင်ပြီး
တစ်ယောက်က ခြေဖျားလက်ဖျားတွေ
အေးစက်နေတယ်။

အချစ်အကြောင်းပြောတဲ့ညဟာ
တစ်ယောက်က သူ့ရင်ခုန်သံကို
အထိတ်တလန့် ကြည့်နေပြီး
တစ်ယောက်က
အသက်ရှူမှန်ဖို့ မနည်းကြိုးစားနေရတယ်။

အချစ်အကြောင်းပြောတဲ့ညဟာ
ဗိုက်ဆာနေမှာစိုးလို့တဲ့
ကြက်ဥခေါက်ဆွဲကြော် မှာစားတယ်။

တစ်ယောက်က
သူ့ရဲ့ လူကြိုက်များလှတဲ့ တစ်ဝက်အပြုံးကို
ပြုံးပြုံးပြနေတယ်။

အချစ်အကြောင်းပြောတဲ့ညဟာ
တစ်ယောက်က သက္ကလပ်ဦးထုပ်ကို
ဆွဲဆွဲချနေပြီး
ခေါင်းမော့ မော့နေတယ်။
တစ်ယောက်က
ပြုတ်နေတဲ့ ရှပ်အကျႌကြယ်သီးကို
တပ်နေတယ်။

အချစ်အကြောင်းပြောတဲ့ညဟာ
ကောင်လေးက စီးကရက်ကုန်သွားလို့
စိတ်ညစ်နေပြီ
ကောင်မလေးက နှုတ်ခမ်းနီပျက်သွားလို့
စိတ်အိုက်နေတယ်။

အချစ်အကြောင်းပြောတဲ့ညဟာ
တစ်ယောက်က မီးရထားနဲ့ပြန်ဖို့ စိတ်ကူးပြီး
တစ်ယောက်က
အဝေးပြေးကားနဲ့ ပြန်ဖို့စီစဉ်ထားတယ်။

ဒီလိုနဲ့
အချစ်အကြောင်းပြောတဲ့ညဟာ
ထွက်သွားတဲ့မီးရထားက ပြန်ကွေ့လာပြီး
စီးသွားတဲ့ အဝေးပြေးကားမှာ
ပြန်ရောက်လာတယ်။

ဒီလိုနဲ့
အချစ်အကြောင်းပြောတဲ့ညဟာ
ရေခဲမြစ်အကြောင်းကိုမေ့
တိမ်ရိပ်ဂွမ်းဆိုင်တွေကိုမေ့
အဝေးပြေးတတ်တဲ့ ကမ္ဘာကြီးကို မေ့ပစ်ပြီး
အချစ်အကြောင်းပြောတဲ့ညဟာ
ဟိုတယ်မှာပဲ
ခြေပစ်လက်ပစ် အိပ်ပစ်လိုက်ပါတော့တယ်။

မောင်ချောနွယ်

## မျှော်လင့်ခြင်းထမင်းသိုးများ

ညနေခင်းတွေဟာ
ဒီကမ္ဘာပေါ်ကမြို့ရွာတွေကို
ဘယ်လိုများ ကျရောက်ခဲ့ပါသလဲ။

ဟောဒီလိုများ
တစ်နေရာရာမှာတော့
ကျရောက်ခဲ့မယ် ထင်တာပဲ
ငရှဉ့်သွေးရောင် ကောင်းကင်လမ်းမှာ
ငန်းမွေးရောင် ဘောင်းဘီ
မြင်းချေးရောင်ဘိနပ်
တိမ်သားရောင် ရှပ်အင်္ကျီကောင်းဝတ်လို့
ညနေခင်းဟာ
လေညင်းခံထွက်နေမယ်။

အဲဒီမှာ
လေညှင်းကလည်း
နှင်းဆီခင်းတွေထဲ လူးလိမ့်လာခဲ့လို့
နှင်းဆီနံ့တွေနဲ့
ကိုယ်လက်နှီးနှောခဲ့လို့မို့
ညနေခင်းဟာ မွေးပြီးနေပါလိမ့်မယ်။

ဒါမှမဟုတ်ရင်လဲ
ဖန်ကလပ်ထဲမှာ
ဝိုင်ပုလင်းထဲမှာ
ညနေခင်းဟာ တစ်ကိုယ်လုံး ဆင်းစိမ်ပြီး
စည်းစိမ်ယစ်မူး ပျော်ပါးနေတာလဲ
ကမ္ဘာမြေ တစ်နေရာက
မြို့တစ်မြို့မှာ
ရှိဖြစ်တန်ကောင်းလေရဲ့။

ဒီမှာ
ဟောဒီမှာ
ရန်ကုန်အစွန် ငမိုးရိပ်ချောင်းစပ်နားက
ထားပါ
လယ်ကွင်းတွေ ဝိုင်းရံထားလို့မို့
လယ်ကွင်းတွေနဲ့ ရန်ကုန်မှာပေါ့။

၇ပေ၊ ၁၀ပေ အခန်းတစ်ခုထဲမှာ
ညနေခင်းဟာ...
လူဆန်ချင်နေရှာပါတယ်။
ဒီအခန်းမှာ
ညနေခင်းမှာ
ဝမ်းစာသဘော်ာဟာလဲ
ဆိုက်ကပ်မလာခဲ့သေးပါဘူး။

ဒီမှာတော့
ညနေခင်းဟာ
အထိအခိုက်အကျအရှုံးများစွာနဲ့
သူဆင်းရဲသား ဖြစ်ခဲ့ရှာရဲ့။

ဒီညနေခင်း
အလင်းဝပ်အားပိန်ပိန်မှာ
သူ့နို့ပိန်ကလေးကို လီဆယ်ပြီး
နို့တိုက်နေတဲ့ ကလေးအမေ
အသက်ငယ်ငယ် အရွယ်အိုအို
လူသားအရောင်အဝါမှိန်မှိန်
တစ်လွှာပြီးတစ်လွှာပေါ့
ဒီမိန်းမသားရဲ့မျက်နှာမှာ
မျှော်လင့်ခြင်း အရေပြားတွေကွာကျ

ဒီလိုမျိုး
မျှော်လင့်ခြင်းကို
ညနေခင်းကို
စောင့်မျှော်ခြင်းကို
ဆာလောင်ခြင်းကို
ဘဝကိုမျိုမျိုချခဲ့ရလွန်းလို့
စောင့်မျှော်ခြင်း နာရီတွေသာ
ခရီးထွက်သွားမယ်ဆိုရင်
ခုလောက်ဆို
နယူးယောက်မြို့ ရောက်လောက်ပြီလို့
ဒီလိုမျိုး တွေးမိလေသလား

သားသည်အမေ အဘွားအိုမလေး
လမ်းမမျှော် သူ့မျက်နှာကို
ခါယမ်းလိုက်ကာ
သူ့ကလေးတွေကို လှမ်းကြည့်မိရဲ့။

အခန်းထောင့် ဖျာကြမ်းစုတ်စုတ်မှာ
ဖျားနာနေတဲ့ကလေး
စောင်ခြုံလို့။

တကယ်တော့
ကလေးရော စောင်ပါ ဖျားနာနေခဲ့ပါပြီ။
ထမင်းဆာလွန်းတဲ့ကလေး
တစ်အီအီနဲ့
ဒီတက်လို့၊
ဒီမှာ။

သူ့လက်လာတိုးတဲ့သွေးက
သူ့ကလေးတွေ သူ့ရင်ခွင်မှာ
သူ့မျက်စိအောက်မှာပေမယ့်
သူ့ကလေးတွေနဲ့ သူနဲ့
ကမ်းဝေးနေတာမြင်ရ
သူ့သက်ပြင်း မီးသဘော်ဟာ
မီးခိုးတအူအူနဲ့ ထွက်ခွာသွားတော့ရဲ့။

ဒီမှာ
သူ့အသက်ရှင်ခြင်းအပေါ်
ခပ်ပြင်းပြင်း ရိုက်ထားတဲ့
သံကျစ်ဆူးကို နှုတ်ဖို့လုပ်လိုက်တော့
"အိမ်ကထွက်သွားတဲ့ အိမ်သားဟာ
အသိုက်ကထွက်သွားတဲ့ ငှက်ပေါ့လေ" တဲ့၊
ငှက်ခတ်သမားနဲ့ တွေ့လို့များ
အသက်ပါသွားလေသလား
မျက်လုံးတစ်ဖက်တည်းနဲ့ပဲ

အိမ်ပြန်လာလေမလား
လက်ကျိုးပြီး ပြန်လာမလား
ခြေတစ်ဖက်တည်းနဲ့များ အိမ်ပြန်လာမလား။

သူ့နှလုံးသားကို
အဲဒီလို
သွားပွတ်သပ်မိရှာတယ်။

နောက်ဆုံး
အကောင်းဆုံး
ကလေးအမေ သူဆင်းရဲသားရဲ့မယား
ဒီလိုတွေးမိရှာတယ်
အူပေါင်းလောင်းနဲ့ပေါ့
ဒီ့ထက်ကောင်းတဲ့ညစာမျိုး
မရှိတော့ပါဘူးတဲ့။
စားရေရိက္ခာတွေ
မပါလာရင်လဲ နေပါစေတော့
(မိမွေးတိုင်း ဖမွေးတိုင်း)
ကောင်းမွန်ချောမောစွာ
အိမ်ပြန်လာရင်ဘဲ တော်ပါပြီ... တဲ့၊
အဲဒီလိုနဲ့
မျှော်လင့်ခြင်းဟာ
ထမင်းအသိုးများသာ ဖြစ်ခဲ့ပါတယ်။

ဒီထမင်းအသိုးများပဲ
ချဉ်ခြင်းပြင်းစွာ ဖြစ်မိပါသတဲ့
အဆွေခင်ပွန်းကောင်း ညနေရေ။

မောင်ချောနွယ်

## လေးသည်တော်ဝီလျံတဲလ်၏ မြားချက်များ

လာပြီဟေ့
ငါလာပြီဟေ့
ကမ္ဘာမြေကြီး
သီးစေ ... ပွင့်စေ။

(၁)
အချစ်ရေ
မင်းကို လမင်းကြီးနဲ့ မလဲနိုင်ပါဘူးကွယ်
သဘာဝတရားကလဲ
ကျောက်သားဖွဲ့စည်းလို့
သိပ်သည်းလှချည်ရဲ့။
အမှိုက်တွေကလဲ
အသိုက်ဖွဲ့နေထိုင်လို့
ကျောရိုးမဲ့ သတ္တဝါတွေကလဲ
အသံခက်မာလွန်းလှရဲ့
သင်္ခါရတရားကလည်း
အသံထက်မြန်စွာပျံဝဲလို့
ငွေကြေးကလဲ
သွေးကို အလေးခိုးလှချည်ရဲ့
အသက်ဓာတ်ကလဲ
တပ်မက်စရာ ကောင်းလှချည်ရဲ့
ဓာတ်ကြီးလေးပါးကလဲ
သွေးသားသောင်းကျန်းလှချည်ရဲ့
တဏှာကလည်း
အညာဖြစ်လို့
ရောဂါပိုးမွှားတွေကလည်း
ခွန်အားကြီးမားလှပါရဲ့။

ဘဝကလည်း
အရသာကြွယ်ဝလွန်းလှပါတယ်
ပလုတ်တုတ်လေးကလည်း
စိတ်လှုပ်ရှားစေရဲ့။

(၂)

အချစ်ရေ
ကမ္ဘာကြီးကို ဆည်းပူးကြစို့ရဲ့
လေးသည်တော်ဝီလျှံတဲ(လ်)ရဲ့မြားချက်များ
မလွဲခဲ့ပါ။

မောင်ချောနွယ်

## ဆတ်သွား

ကျယ်ပြန့်တဲ့ ရင်အုပ်ကားကားနဲ့
အသားနီနီ ယာတောများက
မီးခိုးလုံး
တောစိမ်း
ချောင်းနက်နဲ့
မှော်သားပြည့်သိပ် လေတွေ
သူ့အဆုပ်ကြီးထဲ
ရှူသွင်းပစ်လိုက်တဲ့
ဒီ မြင့်ချည်နိမ့်ချည် အသက်ရှူ မြင်ကွင်းထဲ
လက်တံရှည်ရှည်ကြီး ထိုးသွင်းလိုက်သလို
ရထား ဝင်လာပြီ
ဒါ ဆတ်သွားပေါ့။

နီပြေပြေ ဝါကျံ့ကျံ့ မန်ကျည်းပွင့်
သေးညှက်ညှက်ကလေးတွေ
အုတ်ကန် အအိုအမင်းကြီးထဲ
တစိမ့်စိမ့် တလိမ့်လိမ့် အနေးနေး
အရာအားလုံး ထွားကျိုင်း
ဝဖီး
ခိုင်ဖြိုးလွန်းလှတဲ့ ဓာတ်တစ်မျိုး
ထွန်းကားတဲ့ ဒီအရပ်မှာ
ဒါ ဘယ်သူစပ်တဲ့ ကဗျာတဲ့လဲ
ဒါဟာ ဆတ်သွားပေါ့။

တစ်ခါကပေါ့
ကျေးတောသား တစ်ယောက်ဟာ
မြို့ကနေပြီး မြို့အဆန်ဆုံး ကိုင်းတစ်ကိုင်း ယူလာ

သူ့ယာခင်းထဲ
ကြဲချလိုက်တဲ့အခါ
မြို့ကိုင်းဆိုတဲ့ ရွာကြီးတစ်ရွာ ဖြစ်လာခဲ့
ဒီ အရပ်မှာ။

ဒီမလေ
မူလက
ဒါဟာ ဆတ်တစ်ကောင်ရဲ့ သွားပေါ့။

ခုတော့
မြို့ဆန်ဆန် မြို့အကျီနဲ့ ဆတ်သွား
ကလေးအမေတစ်ယောက်ရဲ့ နို့ပိန်နဲ့တူတဲ့
ဘတ်သီးတွေ
မမှန်မကန်လင်းတတ်တဲ့ နေရာ
ကျောမှာ
အမာရွတ်ကြီးလို
အဝေးပြေး ကားလမ်းမ
ခါးမှာ မီးရထားသံလမ်း ခါးပတ်ပတ်လို့
ဗိုက်ထဲမှာ
မြို့ရဲ့ ချွေးခံအကျီနဲ့တူတဲ့ ဘီးလိယက်ခုံတစ်ခုံ
ခုန်လို့
မြို့ဟန်ဆောင်ပါလေ ဆတ်သွားရေ။

သင်တို့မြင်ဖူးစ
သင်တို့စိတ်တွေ အတစ်လိုက် အတစ်လိုက်
ခန္ဓာကိုယ်ပေါ်က ကွာကျ
သစ်ညိုလုံး ထွားထွားကြီးတွေအပေါ်
ထွားလို့ ထွားလို့
ထွားသွားနေမှာ
ဒါ ဆတ်သွားပေါ့။
မြေအကျော တစ်မျိုးခါတ်နဲ့ ဖွံ့ထွား
မှော်သားအထည်တစ်မျိုးနဲ့ အဆင်အသွေးကျ
ကမ္ဘာလုံးဝန်းကြီးကိုတောင်မှ
ထည့်ထုပ် ပစ်လိုက်နိုင်တဲ့
အင်ဖက် ကားကားကြီးတွေ
သားပေါက်ရာ အရပ်
သစ်ညိုလုံး ထွားထွားကြီးတွေ
အိပ်မွေ့ကျရာ အရပ်
မြွေပွေး ဝဝတုတ်တုတ် ဖီးဖီးကြီးတွေ
စည်ကားရာ အရပ်
အလင်းရောင် ဖောဖောသီသီရတဲ့
ဒီအရပ်မှာ
မှော်သားလေတွေ
လင်းလင်းချင်းချင်း ဖိတ်လျှံတဲ့
ဒီအရပ်မှာ
အာကာသခါတ်တွေ အရည်ရွှန်းလှတဲ့
ဒီအရပ်မှာ
ခုတ်သားတုံးကြီး တစ်တုံးက
ရွာအဖြစ် အသက်ရှင်နေတဲ့
ဒီအရပ်မှာ
ယာမီးခိုးလုံးတွေနဲ့ တောစိမ်းတွေ
မိတ်လိုက်နေတတ်တဲ့

ဒီအရပ်မှာ
ပိသာစီး ငါးတန်ကြီးတွေ
အသံထွက် ပွက်ကျနေတဲ့
ဒီအရပ်မှာ
လောကခံတရားထက်ပြင်းတဲ့ အရက်ကို
မချစ်က ချက်တဲ့
ဒီအရက်မှာ
ဒီဆတ်သွား တစ်ချောင်းပေါ်မှာ
အသားနီနီ တောကင်းကြီးတွေဟာ
ဇာတ်လိုက်ကြီးတွေ ဖြစ်တယ်
တာကင်းကြီးတွေဟာ
သူတို့အသားပြင်ကို ပပ်ကြားအက်စေတဲ့
စူးရှရှ လေပူပူကို ချစ်ကြတယ်။

တောကင်းကြီးတွေဟာ
သွားထိရင် ဝေါက်ခနဲမြည်သံထွက်တဲ့
အသားမြည်သံကို ပိုင်ဆိုင်တဲ့
ဆူးပင်တွေကို ချစ်ကြတယ်။

တောကင်းကြီးတွေဟာ
သူတို့ခန္ဓာကိုယ်ထည်တွေကို
ရှားနှစ်လို စူးနေအောင် ချွန်ကြ
သူတို့က ယာခင်းလို့ခေါ်တဲ့
သူတို့ဘဝတွေကို
သွေးကြောင်း အရစ်ရစ်ထအောင် ထွန်ယက်ကြ
ဒါကြောင့်ပဲ
သူတို့ဘဝ ယာခင်းတွေဟာ
နီရဲနေကြတာပေါ့။

တောကင်းကြီးတွေဟာ
သူတို့ရယ်သံတွေကို
ကြဲပက်ပစ်လိုက်တဲ့အခါတိုင်း
နှမ်းခင်းကြီးတွေ ဖြစ်လာတယ်။
တောကင်းကြီးတွေဟာ
သူတို့ကိုယ်ကြီးက
ချွေးသီးချွေးပေါက်တွေကို
မြေပဲတောင့်ထွားထွားကြီးတွေအဖြစ်
စိုက်ကြတယ်
တောကင်းကြီးတွေဟာ
သူတို့ခြေလက်တွေကို ဖြတ်တောက်
မြေကြီးထဲ ထိုးထည့်လိုက်တဲ့အခါ
အချိုရည် ရွှန်းလဲ့လဲ့
ကြံခင်းကြီးတွေ ဖြစ်လာတယ်။

ခါသားချက်
တောဝက်သားဟင်း
လောကဓံတရားထက် ပြင်းတဲ့
မချစ်ရဲ့ အရက်
တောကင်းကြီးတွေဟာ
အဲဒီကန္တာရ ရင်အုံကြီးကို စို့ကာ
ပျော်ကြ
ဘာမဆို မှော်ထနေလွန်း
ဆတ်သွားတစ်ချောင်းပေါ်က
ဒီအရပ်
ဒီဆပ်သွားဆိုတဲ့ အရပ်ဟာ
အကြေကို စုန်သလိုလိုနဲ့
အညာကို ဆန်ဆန်သွားတတ်တဲ့
ခရီးသွား ပိုးဇာခင်း မြေသားတစ်ခုပေါ့။ မောင်ချောနွယ်

## သစ္စာပန်းများနဲ့ မေလ

တစ်ဘဝ ကဗျာဆရာ
မဟုတ်ခဲ့တာ သေချာပြီ။
ဘာတခုမှ မရှိတော့တဲ့မေလမှာ
နောက်ထပ် ဘာမဆိုပေးလိုက်ရပြန်တဲ့ မေလမှာ
အဆင်မပြေမှုတွေ
အစီအစဉ် ကျနလွန်းတဲ့ မေလမှာ
အလကားရတဲ့ ညနေခင်းကတောင်
မထေမဲ့မြင် ပြုခံရတဲ့ မေလမှာ
ဒုက္ခတွေအဆုပ်လိုက် အဆုပ်လိုက်
ပွင့်အားကောင်းတဲ့ မေလမှာ
အားကြီးဖုန်ထတဲ့ လေပူထဲ
အနံ့ပြားစီပွချင်တိုင်း ပွနေ လွင့်နေတဲ့
လဲမှို့တွေလို မေလမှာ
အဆုပ်ပွပွ ညတွေ ရသူ မေလမှာ
သလိပ်ဖတ်လို့
လမင်းကြီးကို မြင်မိသူမေလမှာ

အပ်တဖျား ထောက်စရာ မလပ်အောင်ဘဲ
ဒဏ်ရာအပြည့်ခန္ဓာနဲ့ မေလမှာ
မေလပေါင်းများစွာ ပြန်လည် စုစည်းမိသူ မေလမှာ
အချိန်မှန်အတွင်း လူနာအဖြစ်
တင်ပို့ခံရသူ မေလမှာ
အပ်ဖျားတခုပေါ်ရောက်ခဲ့ပေမယ်လည်း
ပြန်လည် ကျန်းမာခွင့် မရှိတော့တဲ့ မေလမှာ
အသက်ရှင်တချက် မရှင်တချက် မေလမှာ
မေလက မေလကို
အသေသာပြန်ရလိုက်တဲ့မေလမှာပေါ့။
ချော်ရည်ပူ ကျိုချွဲချွဲ နေ့လည်စာတွေ
ငမန်းတောင် ဆူးကြမ်းပြင်တွေ
ဆာတေးရီးယန်း မြက်ပင်ရှည်လက်တွေ
လူအဖြစ် သရုပ်ဆောင်ရသူ မေလ
လောကဘာရိတ်သွားပေါ်
တွားသွားသတ္တဝါ ဖြစ်ရသူ မေလ
တနေ့ထဲ
သဘော်ာ အကြိမ် တရာ မှောက်ရတဲ့ မေလ
တောအလှူ တခုမှာ
လူချင်းတိုက်မိလို့ မတော်မဆ
ပန်းကန် ထဲဖိတ်ကျတဲ့
အသားတုံး အကျလေးတောင်မှမစားရသူမေလ
မနက်လင်းရင်
ကိုယ့် အသုဘ ကိုချပြီး
မြို့ကြီး ထဲထွက်ခွာသွားသူ မေလ
သူတပါးရဲ့ အသုဘမှာ
အစားလိုက်ငိုရတဲ့ ငိုချင်းသည်မ မေလ

သူ့ကလေးတွေကို မုန့်ဝယ် မကျွေး နိုင်လို့
သူ့လက်မောင်းသွေးတွေ ဖောက်တိုက်ရရှာသူ မေလ
နေ့ပြန်တိုးတွေဝက်အူ စုပ်ခံရသူမေလ
ဘဝရဲ့ဘက်ထရီ အိုးတွေ
တော်တော်များများဖျက်ဆီးခံရသူ မေလ
အင်မတန် အကြွေးရဲ့တဲ့ ငပင်တွေ အပေါ်
သူ့ အသက်ရှူငွေ့ကလေး
သွားတင်ထားမိတဲ့ မေလပေါ့။

မေလထဲကနေ
အသည်းနှလုံးကို ဆတ်ခနဲဆွဲထုတ်ပြီး
ဖဲသမားတယောက် ဖဲချပ်ကိုဆွဲထုတ်
လက်ဝါးထဲထည့်
ဖြန်းခနဲ ရိုက်ချလိုက်သလိုမျိုး
ရိုက်ချကြည့်လိုက်တဲ့အခါ
မေလရာသီ ဟန်ဆောင်နေတဲ့ မေလကိုသာ
တွေ့ရတဲ့မေလပေါ့၊
ဖြူတကောင်လို ခါချလိုက်လို့
ဖြူစူးတွေအကုန် ကွာကျသွားမယ့်
ဖြူဘဝ ရောက်ပြီ။

မေလရာ
ခါချလိုက်ပါ ဆိုရင်တောင်
အကြိမ် ၂ သိန်း ၄သောင်းခါမှ
တကြိမ်သာသူ့ဒုက္ခဖြူဆူးများ ကွာကျနိုင်မယ့်မေလပေါ့။

မောင်ချောနွယ်

## မစ္စတာဒဗလျူကလက်ရဲ့မှတ်တမ်းအရ

ဘဝဟာ
ဆေးဆိုးပန်းရိုက်ပိတ်သားတစ်စတဲ့ ...
မစ္စတာဒဗလျူကလက်ရဲ့မှတ်တမ်းအရ။

လူတွေရဲ့အထင်သေးမှုကိုခံယူပါ
(ဒါဟာ လူဖြစ်ကြောင်းသိအောင်
ကြိုးစားခဲ့တာလို့
ပြောပြလို့ရသေး)။
အဲလို...ကိုယ့်အပေါ်
အထင်ပေးမှုတွေကိုပေးချေ
ပြီးရင်
ကိုယ်ရသင့်တာ ကိုယ်ပြန်ယူခဲ့နိုင်ကြဖို့ပဲ။
အချို့လူတွေ လူမုန်းခံရတာကိုက
သူ့အတွက်
ကိုယ်ရသင့်တာ
ငွေတွေသောက်သောက်လဲ ရစေခဲ့သတဲ့၊
မစ္စတာဒဗလျူကလက်ရဲ့မှတ်တမ်းအရ။

ကိုယ့်အိမ်က တန်ဖိုးအရှိဆုံးပစ္စည်း
ဒီပစ္စည်းမှ ရွေးပြီး
အတိအကျ အမိအရ ခိုးသွားနိုင်သူ
ဒီသူခိုး
ဒင်းကို
အတိအကျ ကျေးဇူးဥပကာရ တင်ရှိရမယ်
သိကြ
ကိုယ့်ဂုဏ်သိက္ခာမြင့်မားအောင်
မြင့်တင်ပေးတယ်လို့ပေါ့၊
မစ္စတာဒဗလျူကလက်ရဲ့မှတ်တမ်းအရ။

နှင်းဆီဟာ
သောက်လို့ကောင်းတယ်
လမင်းဟာ
ဆေးစပ်ကောင်းတယ်
နွားဟာ
ဆေးစပ်ပြင်းပြင်းနဲ့
သောက်လို့ကောင်းတယ်။

လမ်းမတွေဟာ
သင်ခန်းစာတွေဖြစ်တယ်
သင်ခန်းစာတွေဟာ
လမ်းမတွေဖြစ်တယ်
မစ္စတာဒဗလျူကလက်ဟာ
ချည်မျှင်နဲ့အထည်ကို မှတ်တမ်းတင်ခဲ့တယ်ပေါ့။

မောင်ချောနွယ်

## မောင်ချောနွယ်အတု

မောင်ချောနွယ်အတုက ပြောတယ်
သန်းလေးဆယ်အတွက်
ထွန်ယက်ခဲ့ပါတယ်တဲ့
ကိုယ့်အတ္တမှကိုယ် မသေချာတဲ့
မောင်ချောနွယ်အတုကလေ ...
သူတစ်ပါး
ချမ်းသာရေးအတွက်ပါဝင်ခဲ့ပါတယ်တဲ့
မောင်ချောနွယ်အတုကလေ...
မျက်လှည့်ဆရာရဲ့ ဘင် ကိုမှ ဝယ်မယ်တဲ့ ...
မောင်ချောနွယ်အတုကလေ
တစ်ဘက်သားကို ဒုက္ခပေးပုံပေါ့
ခမျာမှာ ဒီဘင်လေးနဲ့ လူစုရရှာတာကို
ဒီဘင်ကိုမှဝယ်ဖို့ ကြိုးစားနေလေရဲ့ ...။

မောင်ချောနွယ်အတုကပြောတယ်
အလမ္ပာယ်ဆရာရဲ့ မြွေကိုဝယ်မယ်တဲ့
ဒီမြွေလေး ပြပြပြီးစားရတဲ့
တစ်ဘက်သားကိုမှလေ။

မောင်ချောနွယ်အတုကပြောတယ်
သူများတိုက်တဲ့ ရေခဲစိမ်ဘီယာကို
သူ့ခွက်ထဲ အရင်ထည့်ပေး
သူ့ကို အလျင်သောက်စေခြင်းနဲ့
မြှောက်စားရမယ်တဲ့ ...။

မောင်ချောနွယ်အတုကပြောတယ်
ငါတို့ဟာ
အေသင်မြို့သားတစ်ဦးလို တွေးခေါ်ရမယ်
ဆိုကရေးတီးမဟုတ်ခဲ့တာ
သေချာဖို့လိုတယ်တဲ့ ...။

မောင်ချောနွယ်အတုကပြောတယ်
ဂိုးလ်ဒင်းဂိတ်တံတားကြီးပေါ်ကနေ
ကမ္ဘာလောကကြီးကို ရှုမျှော်ကြည့်ရမယ်တဲ့။

မောင်ချောနွယ်အတုကပြောတယ်
မက်ဒေါနားလဲ ဒုလ္လဘတစ်ခုနဲ့ပဲ
ဂေါ်ဘာချော့လဲ ဒုလ္လဘတစ်ခုနဲ့ပဲ
လန်ဒန်ဒေါင်းနင်းသားလဲ
ဒုလ္လဘတစ်ခုနဲ့ပဲ။
တောမရွာသားလဲ
ဒုလ္လဘတစ်ခုနဲ့ပဲ
လူ့ဘဝလောက် မှားယွင်းခွင့်ရှိတာ
ဘယ်ရှိမလဲ ...တဲ့။
လူညံ့ရွေးရမယ့်နေရာမှာ တော်ရမယ်လို့
မောင်ချောနွယ်အတုကပြောတယ် ...

မောင်ချောနွယ်အစစ်ဟာ
သူချစ်ဇနီးသည်
ညီမလေးမမြင့်မှာ
(တစ်ကယ်တော့ ညီမလေးပါပဲ
ဒါပေမယ့် သူ့ကို ကဗျာဆရာဖြစ်စေခဲ့သူမို့
ညီမလေးမမြင့်လို
သူက ဂုဏ်ရည်မြှင့်ခေါ်ခဲ့တာပါ)
နှုတ်ခဲ့ရတဲ့သွားတစ်ချောင်း
ပြန်စိုက်ပေးရဦးမယ်လို့
နေ့စဉ်နေ့စဉ် ထိသိနေရသူ
သတိတရ အားစိုက်နေရသူ
အချစ်ကို
သွားတစ်ချောင်းအပေါ် ပုံနေရသူမျှသာ
ဖြစ်လေရဲ့ …။

တစ်ကယ်တော့
မောင်ချောနွယ်အတုဟာ လူဖြစ်ပြီး
မောင်ချောနွယ်အစစ်ဟာ
လူမဟုတ်ဘူးလို့ မပြောလိုက်ကြပါနဲ့။

မောင်ချောနွယ်

## နှလုံးသားထဲကို ရေမသွန်ပါနဲ့

(၁)

အကွက်ကျကျ၊ အရက်မူးခဲ့သူပါလို့
မကြာခဏ၊ ပြောတတ်တာကိုလက်ခံကြ
သူလဲတို့လို
လေကိုဆန် ပျံတတ်ခဲ့ကြတာပဲလေ
အတောင်ပံမရှိတာ တစ်ခုပဲ
နှလုံးသားထဲကို ရေမသွန်ပါနဲ့

ဒီညတွေဟာ သူခိုးညတွေလား
တန်ဆောင်မုန်းလပြည့်ညအိမ်ထဲ
သူခိုးတွေ ဆင်းချလာတတ်သလား
သူခိုးတွေလဲ မယ်ဇလီဖူးသုတ်လို
ဆေးဖက်ဝင်မှာပါ
နက္ခတ်တာရာ စုံနေတာပဲဟာ
အချိန်တိုင်း အချိန်တိုင်း အညွှန့်ချိုးခံရ
အိပ်ရတဲ့ညဆိုရင် နှစ်သုံးဆယ်ပဲရှိသေးတယ်
ဘဝမှာ
တပည့်တပန်းဆိုလဲ
လောကခံတရားပဲရှိသေးတယ်။

အင်ဂျင်ကိုင်တဲ့အခါသတိထားဖို့က
သံတုံးသံခဲတွေမှာ သွေးသားမရှိတော့
ဟက်တက်ကြီးပွင့်သွား
ကိစ္စမရှိဘူးလို့ မပြောနဲ့လေ
နှလုံးသားထဲကို ရေမသွန်ပါနဲ့

အဏ္ဏဝါကို အလုပ်အကျွေးပြုသူပါ
မင်းသားကြီးအောင်မောင်းဟာ
ခေတ်ပေါ်မဟုတ်တော့ဘူး
ခင်ဗျားအိမ်ကို
ကျုပ်တို့လုံးဝမသောက်ခဲ့ဘူးလေ
မကုန်ရင်ထားခဲ့ပါ
ခင်ဗျားဝိညာဉ်ခွက်ကို၊ မကုန်ရင်ထားခဲ့ပါ
ညကိုတော့ကုန်အောင်
ဝဝလင်လင် စားပစ်လိုက်ပါ
နှလုံးသားထဲကို ရေမသွန်ပါနဲ့။

(၂)

လူကောင်းရော လူရှုးပါနားမလည်ဘူး
ဒါပေမယ့်
ဒါသူကြိုတင်စဉ်းစားထွန်ယက်ခဲ့တာပေါ့
ဒါတော့သေချာတယ်
ဒီစကြဝဠာကြီးထဲမှာ
သူဝင်ရောက်စာပြရတဲ့အခန်းက
အရည်အငွေ့ စီးဆင်းဖိတ်လျှံပြီး
အားပါးတရ ယုယပိုက်ထွေးခြင်းတွေပါပဲ
အတူကဖို့ သူခေါ်တဲ့အခါ
ပက်ပ်စီအတွေ့ထူးလေးနဲ့သူမွေ့နေတာ
တွေ့ရမှာပဲ။
နှလုံးသားထဲကို ရေမသွန်ပါနဲ့။

မောင်ချောနွယ်

## အိမ်

ပလတ်စတစ်အကြည်သားပေါ်
တိမ်တွေရေးဆွဲချလိုက်ပြီး
တိမ်အိမ်ကလေးဆောက်ကာဝင်လိုက်မိ
ဘယ်လိုမှ ပြန်ထွက်မရတော့ဘူး။

မောင်ချောနွယ်

## ဘုရားသခင်က ကြွေအန်မကစားခဲ့ဘူး၊
## ငါတို့တွေက ကြွေအန်ကစားခဲ့တယ်

ကစားဝိုင်းမှာ ထိုးချလိုက်တဲ့လောင်းကြေးက
ဘဝရယ်ပါ ...။
လောင်းကစားဝိုင်းဆိုတာ
စိတ်ကူးမှန်မှန်နဲ့ ဥာဏ်ကစားဖို့ပါပဲ
ကံတရားကတော့ သူ့ဘာသာသူ
စီးဆင်းနေပေလိမ့်
ကံနဲ့ဥာဏ် ထပ်မိရင် ငါတို့ဘဝတွေ
လတ်ဆတ်ပေလိမ့်
ငါတို့တတွေကံကို ကြွေအန်ကစားခဲ့ကြတယ်။
ငါတို့တတွေ စိုက်မိတဲ့ စိတ်စိုက်ကွက်တွေဟာ
စံကွက်အမှန်တွေပါ။
ပေါ့ပေါ့သွမ်းသွမ်းအမှုတွေလည်း
မပြုခဲ့ကြပါဘူး။
ငါတို့တွေက စိတ်မသန့်လို့ မထိုးခဲ့တာတွေဟာ
ငါတို့ရဲ့ အနိုင်ကြေးတွေပါ။

ဇာတ် ...
အဲဒီက စခဲ့ကြတာပေါ့
အဲဒီနေ့က မိုးကျော်သူဟာ
ဟိုတယ်ကာလီဖိုးနီးယားကို ထွက်သွားနိုင်တာ
တစ်ခုပဲ
ခုတော့ ငါတို့အံဆွဲထဲမှာ
ဘာမှမရှိတော့ဘူး။ ။

မောင်ချောနွယ်

## သက်မဲ့သက်သေ

အသံတွေ ဂျီးတက်ခဲ့
တို့အသက်ရှူသံတွေ အငွေ့ပျံ
ကိုယ့်အသက်ကိုပဲ ခွက်နဲ့ချင့်သောက်ရ
လေပျို့လေအန် လေဆန်နာနဲ့ဆိုက်ကပ်ရ
ဆိပ်ကမ်းမရှိတဲ့ အရပ်မှာလေ
တို့ခန္ဓာကိုယ်တွေကို ကျုံ့ပြီးရင်းကျုံ့ပေးရ
တို့ခန္ဓာကိုယ်တွေကို ကျစ်ပြီးရင်းကျစ်ပေးရ
ဒါတွေကို မင်းမေ့ခဲ့လို့ပဲ ဂျွန်ရေ
မင်းဆီ ဒီစာသဝဏ် ပါးလိုက်ပါရဲ့။
သူငယ်ချင်းဂျွန်ရေ
သက်ငါးဆယ်လမ်းထိပ်မှာ
သိန်းငါးဆယ်ကို ခုထိုင်ပြီး
ပေါ့ပါးစွာ ငိုညည်းနိုင်သူရေ
မင်းကျန်းမာရေးကောင်းသွားအောင်ပေါ့
မာစီဒီးကားကိုစီးပါ
ဝါရှင်တန်ပန်းသီးကိုစားပါ
ဘေဘာလီဟေး(လ်)မှာ အိမ်ဝယ်ပါ
ပြီးတော့လမ်းကို မင်းနာမည်ပေးပါ
ဆင်သားရေနဲ့ ချုပ်ထားတဲ့ဖိနပ်ကိုစီးပါ
ဇန်ဂိုးနဲ့ဂျွန်လင်နွန်ဆီ ဖုန်းဆက်ပါ
ဓားကိုဘေးမှာထားပြီး ဟိုးမားရဲ့ကဗျာကိုဖတ်ပါ
လတ်ဆတ်မှုအရှင်လတ်လတ်ကို ဝတ်ဆင်ပါ
ညကြီးတွေပေါ် လမ်းလျှောက်ပါ
ပြင်သစ်က ကတ်ကိုဘိန်းရဲ့ဂူမှာ
နှင်းဆီပန်းနဲ့ အရက်ပုလင်းလက်ဆောင်ပေးပါ
ဆုးတွေကို ဒဏ်ရာနဲ့လိုက်ရှာပါ
ငါးဖမ်းလှေလေးပေါ်က တေးသံကိုနားဆင်ပါ

ဂျွန်ရေ
ရပ်နေတဲ့နာရီကြီးကို ကြည့်မနေပါနဲ့တော့
ဘောဘီကျူးမီးဖိုကြီးပေါ်မှာ
မင်းအသားတွေမင်းကင်ပြီး
မြိန်ရေယှက်ရေ စားပါတော့။

မောင်ချောနွယ်



## ခေါက်ရှာငှက်ကလေးများ

သီချင်းဟောင်းတွေကြောင့် ကမ္ဘာဟောင်းခဲ့ရတယ်
မနေ့ကလည်း ဒါပဲ
ဒီကနေ့လည်း ဒါပဲ
ဒါပဲ
ဟောင်းပြီးရင်း ဟောင်းနေတော့တယ်
အကာအကွယ်မရှိဘဲ ဟင်းလင်း
အတင်းအကျပ် စီးနင်းခံရ
လောကကြီးကိုလေ့လာကြည့်တော့
ဘာမှန်းမသိတော့ဘူး
ဘဝကို တစ်စစီ လိုက်လိုက်စမ်းရ
ဒီလောက်တောင် ရှုံးရပြီလား
ပေါက်ကွဲချင်တယ်
မျိုသိပ်ပေးလိုက်ရ
အနာဆုံး ဒဏ်ရာပါပဲ။
စိတ်နှလုံး ချောက်ချားဖွယ်ရာပါလား
ဝန်စည်စလည်တွေ လေးလေးလံလံ ထမ်းပိုးခဲ့ရ
ဘာတွေမှန်းမသိ
လိုအပ်တာထက် ပိုမိုလှပသာယာလာ
ဒီဘဝမှာ
ငါပေါင်းရတဲ့ အရာတွေမှန်သမျှမကောင်း
ငါမပေါင်းရတဲ့ အရာမှန်သမျှသာကောင်းခဲ့
ပျော်စရာနေ့ရက်တွေ ပျောက်ဆုံးခဲ့
နေ့ရက်တိုင်း ညှိုးငယ်ခဲ့ရတယ်
သူညမှာ ဘာမှမရှိ
စပါးပိုး ကောက်ပိုး အသီးအနှံပိုးတွေ
ဖောက်ချည်ရက်ခဲ့
လေချိုလေအေးတွေ အရှိန်အဟုန်ပြင်းပြင်း
ငါ့ခရီးစဉ်မှာ
ဥာဏ်ကြောင့် ဒုက္ခရောက်ရသည်တဲ့။ ။ မောင်ချောနွယ်

## အနည်းလိုအများစားခြေ

စိတ်ကိုတူးဆွခဲ့၊
တစ်ဘဝလုံးလုံး
အဖူးရယ်၊ အညွန့်ရယ်လို့မတက်
အိပ်မက်တွေမက်ရတာတောင် မဖြောင့်တန်းခဲ့၊
ဘယ်လိုသံသယလမ်းတွေကများ
ကွေ့ကောက်ခဲ့ပါသလဲ
ရင်မှာ ရထားမဆိုက်တာကြာပြီ။

တို့တွေ
ဝေးခဲ့ကြတယ်
တို့တွေ
ဝေးခဲ့ကြတယ်
အပြေးအလွှား ဝေးခဲ့ကြရတယ်။
ငါတို့အလွမ်းတွေ
ချင်းချင်းနီရဲအောင်ပဲ
တို့တွေ
ဝေးခဲ့ကြရတယ်၊
တို့တွေ
တည်ဆောက်ခဲ့ကြပါတယ်
ကိုယ်ကိုယ်ကို ကြည်ညိုနိုင်လောက်ထိသာပါ၊
တို့တွေ
တည်ဆောက်ခဲ့ကြပါတယ်
ဒီတည်ဆောက်မှုတွေဟာ
မှောက်မှောက်မှားမှားတွေပါလား
ဒီ ...
တည်ဆောက်မှုတွေဟာ
စွန်းစွန်းထင်းထင်း အဖိတ်အစဉ်တွေပါလား
ဒီ ...
တည်ဆောက်မှုဟာ
ပျက်ပျက်ယွင်းယွင်းတွေပါလား
ဒီတည်ဆောက်မှုဟာ
မြင့်မြင့်မားမား စွန့်စားမှုတွေလား
ဒါကြောင့်ပဲဖြစ်ရမယ်
ငါတို့တွေ
အနုပညာတပ်ဦးက
ကဗျာဆရာ ဖြစ်ခဲ့ကြရတာ။

ငါတို့တွေ
ဝေးခဲ့ကြရတယ်
လတ်လတ်ဆတ်ဆတ်ကြီးကိုပဲ ဝေးခဲ့ကြ၊
အနီးကပ် အဝေးတွေနဲ့ ဝေးဝေးနေခဲ့ကြ၊
တစ်ယောက်တစ်ယောက် ချစ်ပြီးသား
ဘယ်လိုကြောင့်များ
ငါတို့တွေဝေးခဲ့ကြရ၊
ငါတို့တွေ
ဝေးပြီးရင်း ဝေးဝေးလာနေကြပြီ
တစ်ယောက်ကိုတစ်ယောက် ဆာလောင်
တစ်ယောက်ကိုတစ်ယောက် ငတ်ရင်း၊
တစ်ယောက်ကတစ်ယောက်ကို ဆာလောင်ရင်း
တစ်ယောက်ကတစ်ယောက်ကိုလွမ်း၊
ငါတို့တွေမှာ
ဘာသာစကားကွဲပြားခြားနားမှုတွေမရှိ
ငါတို့တွေမှာ
အသားရောင် ခြားနားမှုတွေမရှိ
ငါတို့တွေမှာ
တိုင်းပြည်မြို့ရွာ နိုင်ငံခြားနားမှုမရှိ
ငါတို့တွေမှာ
သွေးသားတွေသာ ရှိခဲ့ကြ၊
ငါတို့တွေ
မြတ်နိုးဖွယ် အချိန်တွေ မြတ်နိုးမိဆဲ
အလွမ်းရယ်
အလွမ်းဆီလာခဲ့ပါတော့
သံတမန်နည်းနဲ့တော့
ဘယ်လိုမှ မဖြေရှင်းနိုင်ပါဘူး။ ။

မောင်ချောနွယ်



## အခွန်တော်မဲ့ ရာသီဥတု

(၁)
လူ့ဘဝတစ်ခုလုံးကို
ရှုမဝဖိနပ်လို စီးထားလိုက်တယ်။

ခပ်ချောချောလှလှကောင်မလေးနဲ့
ဆက်ဆံရသလိုပဲပ
ဟန်ပန်လည်းကျ
အရသာလည်းရှိ
လူ့ဘဝဟာ
သည်လောက်တော့ အရသာရှိမှပေါ့။

မင်းဟာဝိုင်အရက်တစ်ပုလင်းပါပဲ
အငြိမ့်မင်းသမီးလေး ‘နှင်း’ ရဲ့
အနုပညာလည်းရှိ
လိင်ခွန်အားလည်းရှိ
ဒါကိုမှ ငါမသိတတ်ရင်
မဟုတ်သေးပါဘူးကွယ့်
ပေါင်မုန့်ဖုတ်စားတတ်တာဟာ
မဟုတ်သေးပါဘူးကွယ့်
ဥစ္စာစနေ ခူးစားတာဟာ
မဟုတ်သေးပါဘူးကွယ့်
ရက်ကော်ဒါခလုပ်ဖွင့်တာဟာ
ဒါတွေဟာ
စိတ်ရဲ့ ‘အင်းနားကျွတ်’ တွေပါကွယ့်
ကော်ဖီတစ်ခွက်နဲ့
အချစ်ကို ဆင်ခြင်မကြည့်ရင်
ကော်ဖီတစ်ခွက်နဲ့
မင်းသမီး ‘နှင်း’ ကို ဆင်ခြင်မကြည့်ရင်
ပျော်ရွှင် မှုဟာ
လင်ကောင်းသားကောင်းရတော့မှာမဟုတ်ဘူး
ကော်ဖီတစ်ခွက်နဲ့
အချစ်ကို ဆင်ခြင်ကြည့်ရအောင်
မောင်တို့ရဲ့။
ပျော်ရွှင်မှုတွေ
မုန်လာဥလုပ်နေလေပေါ့။

(၂)
စိတ်ဓါတ်ကျညောင်းရောဂါကို
အကနဲ့ ပျော့ပြောင်းပါစေကွယ့်
အသက်ဓါတ်ကို တပ်ဆင်ပြီး ပျံ့ဝဲကြ
ပန်းချီကားကို နားဆင်
ဂီတ ကို ကြည့်ရှု
ကဗျာတစ်ပုဒ်ဟာ
မသန်ရေတွေကို အလုပ်မလုပ်ပါစေနဲ့ကွယ်

အာရုံကိုဖေါက်ခွဲပါ
ပေါက်ကွဲသွားပါစေ
မစားရက်ရင်
အိပ်မက်တွေ လောက်တက်ကုန်မှာပေါ့။

ဒန်ခွက်ပိန်ခြောက်ခြောက်နဲ့
ရေသောက်ခွင့်မပေးကြပါနဲ့
သူဟာလဲ
လူတစ်ယောက်ပါပဲကွယ့်
ဝိုင်တစ်ခွက်လောက်ပဲဖြစ်ဖြစ်
စတိုင်နဲ့ သောက်ပါစေကွယ့်။

ဂျက်ကလင်းကိုကြည့်ရတာ
ထမင်းတော့ ဆာတာပေါ့
ဒါပေမယ့်
ဣတ္ထိယကို မှီဝဲပါ
ကမ္ဘာကြီးရဲ့ ဆွဲငင်အားကို
ပြန်ဆွဲငင်ထားမှဖြစ်ပေမယ်။
ဘဝလွင်ပြင်မှာ
ရင်ခုန်သံတွေသစ်တော်သီးဖြစ်ခဲ့ရင်။

စစ်ဆိုတာ
အသည်းတစ်ခြား အူတစ်ခြားနဲ့
ဖွဲ့မှုသာ ဖြစ်သွားပေလိမ့်မယ်။

(၃)
ထိခြင်းငါးပါးဟာ
ဂီတရဲ့ သံမဏိကြိုးချောင်းတွေဖြစ်ရဲ့
ဟာဝိုင်အီနိနက်ခင်းများဖို့
နှင်းထဲက လယ်ကွင်းများဖို့
သီချင်းဟစ်ပါ
စိတ်တွေအက်စစ်ဖြစ်နေပေါ့
ပင်နယ်စလင်ဟာ
နှလုံးသွေးရပ်ခဲ့ပေါ့။

တတိယကမ္ဘာဟာ
ဖိနပ်မှမပါဘဲကွယ်
ကြည့်စမ်းပျော့စိစိနဲ့
ပက်ကျိလားကွယ်
မာဆတ်ဆတ်နဲ့
ကျောက်ခဲ့ညှပ်မုန့်တစ်ခုလားကွယ်
မဟုတ်ဘူး ... မဟုတ်ဘူးထင်တယ်
သုတေသနစာတမ်းတစ်ခုပါတဲ့
မဟုတ်ဘူး ... မဟုတ်ဘူး
"ဂျွန်ဒင်းဗား"ရဲ့ သီချင်းတစ်ပုဒ်လားကွယ်
မဟုတ်ဘူး ... မဟုတ် လောက်ဘူး
အချစ်ရူးသူ "ဂျူးလိယက်"
မဟုတ်ပါဘူး
ဥက္ကလာဟိုးမားက ဂျုံခင်းတွေပါ

မဟုတ်ပါဘူးကွယ့်
"အာဆူလာ"ရဲ့ နှုတ်ခမ်းသားပါ။
မဟုတ်ဘူးဟေ့ ... မဟုတ်ဘူး
ဆူးမရှိတဲ့ ဘိန်းပွင့်အလောင်းပါ
အို ... ဘာပဲဖြစ်ဖြစ်ပါ
လောကကို ဖျားယောင်းဖို့ပဲလိုတယ်
မကောင်းမှုမှာ နစ်နာချေပေါ့
စိတ်ရဲ့ သိပ်သည်းမှုကို
သိပ္ပံပညာ အံမတုနိုင်ပါဘူးကွယ့်။

(၄)
အမြောက်ကျည်ဆံဟာ
ပန်းအိုးအဖြစ်နဲ့ပဲ
အရိုးထုတ်တော့မယ်တဲ့အချစ်ရေ
တို့တွေ
ကျောက်စရစ်ဖြစ်ဖို့မလိုတော့ဘူးကွယ့်။

ဘဝရဲ့ပြတင်းပေါက်ကို ဖွင့်လိုက်ပါ။
နယူးယောက်မြို့ကြီးလမ်းလျှောက်နေခဲ့ပြီ
ပိတောက်တွေ ဝစ်လစ်စလစ်ကျင်းချေပေါ့။
"ဒေစီကျော်ဝင်း"နဲ့ "ဆစ်ဒနီတံတား"
စီးဆင်းသွားနေပေါ့..။

သီအိုရီ အသေတစ်ခုနဲ့
လူ့မြေကို မပေကျံပါစေနဲ့ကွယ့်
ဂန္ဓမာပန်းတစ်ပွင့်လောက်မှ
အချစ်နဲ့အလှကို
သဘောမပေါက်ကြသူတို့ရဲ့

လောကရဲ့ အတွင်းပိုင်းကျကျမှာ
လောကဓံတရားဟာ
ကဗျာနဲ့မေထုန်မှီဝဲခဲ့ပေါ့
ဘဲသားမုန့်ပဲ ခေါင်းထဲရှိကြ
မုသားကျမ်းနဲ့ ညစ်ညမ်းမှုထုဆစ်ကြ
လောကရှိရှိသမျှ
အပွင့်အခိုင်အသီးတွေဟာ
(သစ်တောကရတဲ့ သစ်သားနဲ့ သစ်တော)
သူတို့နဲ့ဆိုင်တယ်ဆိုတာ
မသိကြချေဘူး။

ကာလသုံးပါးမရှိတဲ့ ကိတ်မုန့်ကိုစားကြပြီး
ကိတ်မုန့်လိုပဲ အစားခံကြနဲ့

အနုပညာတစ်ရပ်ကိုတော့ဖြင့်
ဆံပင်မညှပ်ခဲ့ကြပါနဲ့ ကွယ်တို့ရဲ့
လောကဓါတ်ဟာ
ကြည်လင်စွာ ကပ်ငြိခဲ့ချေပေါ့
အဲသည်မှာ ။

(၅)
သီချင်းဆိုကြမောင်တို့ရဲ့
တင်တင်ဝင်းမှာ လင်မရှိသေးပါဘူးကွယ့်
လိပ်ပြာလုလုနဲ့
အိပ်ရာခဲ့ကြပါကွယ့်
ကမ္ဘာကြီးကို အသစ်ပြန်စတင်ကြရအောင်။

ဥစ္စာဓနတွေနဲ့
ဘဝကို မပုပ်သိုးပါစေနဲ့ကွယ့်
အော်ဂင်ခလုတ်တွေနဲ့
ပုတ်တလုတ်ရေကန်လေးဟာ
အမှန်ပဲ သာယာပါပေရဲ့။

စပျစ်တစ်ခိုင်တော့
သင်တို့ငါတို့ သိုးနိုင်ကြတာပဲ
ဘဝရဲ့ အဆင်းဟာ ထမင်းမဟုတ်ချေဘူး။
မပုပ်သိုးအောင် ဆေးစီရင်ကြ
ပျော်ရွှင်မှုတွေ ရေရောတယ်။

ကြည်လင်မှုကို ခြေဆေးကြ
ကလေးတွေသောက်တဲ့ ရေမှာ
ငွေတွေကြေးတွေမပါစေနဲ့
ကမ္ဘာကြီးဟာ မှန်မှန်လည်ပတ်နေတယ်။

လိုအပ်ရင်ထပ်လုပ်
မဟုတ်တာတွေဟာ ပုပ်သိုးတယ်။

ဟုတ်တာတွေဟာ သိုးသားမဟုတ်ချေဘူး
ပိုးတွေဘယ်လောက်ကုန်ကုန်
မောင်ပုံစောင်းတတ်ရမယ်။

(၆)
အမြတ်ဆုံးတရားများ
ကပ်သုံးပါးကျော်ရုံတင်မဟုတ်
မြင်ရဲ့ မဟုတ်လားမိတ်ဆွေ
ရွှေ့လားမှု စွမ်းအင်တွေ
မြင်ကွင်းကျယ်ဖြစ်ခဲ့ပေါ့။

ကိုလံဘတ်(စ်) သာ
ကမ္ဘာကြီးကျယ်တယ်လို့ မယူဆခဲ့ရင်
နယူးယောက်မြို့ကြီး
လုပခဲ့မှာ မဟုတ်ချေဘူး။

လူသားနဲ့ ကမ္ဘာကြီးခင်ဗျား
မောင်ချောနွယ်ကို
ချိုမြိန်ဖွယ်အချိန်များအကြောင်း
အိပ်မက်ခွင့် ပေးတော်မူပါ။
၂၀ ရာစု နောက်ဆုံးပတ်မှာ
နိုင်ငံကျော်မင်းသမီးတစ်ယောက်နဲ့
လက်ထပ်ရမှာဖြစ်ပါတယ်။

မောင်ချောနွယ်

၁၉၇၇ တွင်ရေးသည်
(ပင်လယ်မဂ္ဂဇင်း အမှတ် ၂၊ ၁၉၉၃ ဖေဖော်ဝါရီ)





## ရထား

အမြဲတမ်း နောက်ကျသူ နာရီအိုကြီးလို့
အမြဲတမ်း နောက်ကျနေသူ နာရီအိုကြီးကို တင်ဆောင်ကာ
ရထားထွက်ခဲ့ပြီ။

ကုန်ဘောင်ခေတ်ဘုတာကို
ထားခဲ့၊
အထီးကျန်ရဲတိုက်ကို
ထားခဲ့၊
ချည်မျှင်နဲ့ ရက်ထားတဲ့ အမရပူရမြို့ကို
ထားခဲ့၊
လေတွေနဲ့ အိမ်ထောင်ရက်သားကျသူ
တောင်သမန်အင်းကို
ထားခဲ့၊

သားပျက်ကျသူ သပြေတန်းကို
ထားခဲ့၊
စစ်ပင်ကြီးကိုင်းပြီး တံတားဖြစ်နေတာကို
ထားခဲ့၊
ရထားလာခဲ့ပြီ။

လောကီကြောင်းသမားလေး ရထားလေ
ရထားသွားမှာက
မြစ်မောင်နဲ့ သစ္စာထားတဲ့အရပ်၊

အဲသည်မှာက
နေဟာလဲ မျက်ဖြူလန်လို့၊
အဲသည်မှာက
တချို့မြစ်တွေဟာလည်း
အနားယူလို့ပေါ့။

အဲသည်မှာက
တောင်ခိုးနဲ့တိမ်တွေ
လင်ခန်းမယားခန်း အနေအထိုင်တွေကလည်း ရှိ၊

အဲသည်မှာက
လဟာပြင်
တောင်တန်းနဲ့မြူတွေ
လူလိုသူလို အနေအထိုင်တွေကလည်းရှိ၊

အဲသည်မှာက
အောင်မြင်စွာ ဆုတ်ခွာခြင်းနဲ့ ကမ္ဘာကျော်ခဲ့
အခုတော့ မုဆိုးမလေးဘဝရောက်ရသူ
ကမ္ဘာကျော် လီဒိုလမ်းမလည်းရှိ၊

အဲသည်မှာက
ကမ္ဘာ့မြေ ရင်ဘတ်ထဲက အသည်းနှလုံးဟာ
အစိမ်းရောင် အသွေးအသားရှိ
သခင်ရှာ သခင်ရှားတဲ့ ရတနာတွေ ဘာတွေဖြစ်
အဲသည် ရတနာတွေက
အပျိုဖော်ဝင်ကြ
အပျိုသွေးကြွကြ
ရည်းစားသနာထားကြ
(ကမ္ဘာနဲ့ လူသားနဲ့ပေါ့)
ပြီး –
လင်ယူကြ သားမွေးကြ
မြွေတွေ တွင်းဝင်ဖြောင့်သလို
လျောခနဲ၊
ကြောင်တွေ ပေါ့ပါးသလို ပေါ့ပါးကြ၊
ဆင်တွေလို ခွန်အားဗလ ပြည့်ဝကြတာလည်း
ရှိသပေါ့၊

အဲသည်မှာ
လောကဓံတရားကလည်း ဂျပ်ခုတ်ပုဆိုးယက်နေသမို့
ရထားဟာ
အဲသည်ကို ချစ်တယ်ပေါ့၊

ရထားက
အဲသည်ကို စွဲလမ်းတယ်ပေါ့၊

ရထားက
အဲသည်မှာ ပျော်တယ်ပေါ့၊

ရထားရင်ခေါင်းထဲ
ဘယ်လို ရာသီဥတု ရောက်နေသလဲ
လူတွေ လူတွေ
မသိကြချေဘူး။

ရထားအပေါ် ဗိုလ်ကျစိုးမိုးပြီး
ကိုယ်လိုရာခရီး ရောက်ဖို့ပဲ
စိတ်တွေ
စောနေကြ
ရထားလာခဲ့ပြီလေ။

ရထားပေါ်မှာ
ဗုံသံတွေထဲ
ကျွံကျခဲ့သူ လူငယ်တစ်ယောက်လည်းပါရှိ၊

အဲသည်လူငယ်က ဖြားယောင်းခဲ့လို့မို့
ဆရာဝန်ဘဝ မေ့ခဲ့ရသူ
ကောင်မလေးတစ်ယောက်လည်းပါရှိ

ရထားတွဲတစ်တွဲလုံး
ငေါက်ငမ်းသူလည်း ပါရှိ၊
နွားပွဲပြန် အရက်မူးတောသား
စကားတဖောင်ဖောင်လည်း ပါရှိ၊

မြို့တစ်မြို့လုံး
ဝယ်ချမ်း စားသောက်ခဲ့သူလည်းပါရှိ

ဆယ်ဘဝပြောင်းလဲ
သစ္စာမရနိုင်သူလည်းပါရှိ

အရက်မသောက်လိုက်ရတဲ့
မြို့တစ်မြို့လည်းပါရှိ၊

"ငွေကို ရေချိုးချမှ ရောဂါပျောက်တယ်ဗျ" လို့ပြောပြီး
အမှန်တကယ်
နလန်ထလာသူလည်းပါရှိ၊

ကားလည်းမရှိ အိမ်လည်းမရှိ
အကျီလည်းမရှိ
မရှိသူလည်းပါရှိ

မကောင်းမပြောချင်ပေမယ့်
ပြောလိုက်မိပါရဲ့
သုံးလင်ပြောင်းတဲ့ မိန်းမလည်းပါရှိ၊
သုံးကျောင်းပြောင်းတဲ့ ရဟန်းလည်း ပါရှိသပေါ့။
ဘယ်တောဝင်ဝင်
ဘယ်တောင်တက်တက်
အရောင်မပြောင်းဘူးဆိုတဲ့
ကင်းလိပ်ချောလည်းပါရှိ

ကိုယ်ကျိုးစွန့်သူ
သူဆင်းရဲသားလေးလည်းပါရှိ

ဒေသထွက် ရာသီစာလေးတွေလည်းပါရှိ

ကမ္ဘာသုံး ဘာသာစကား ပြောတတ်ရုံနဲ့
အနုပညာရပြီလို့
ဘဝင်မြောက်နေတဲ့သူလည်းပါရှိ

ကြေးစားဘဝမှာ နူဝဲနေသူနဲ့
သူ့ရဲ့ကိုယ်နံ့လည်းပါရှိ

မုဆိုးဖိုကြ မယားနဲ့ ကွဲနေသူလည်းပါရှိ

နွားခိုး ဘိန်းစားနဲ့ ဘုရားတကာလည်း
ပါရှိခဲ့တယ်ပေါ့
ရထားလာခဲ့ပြီ။

ရေနစ်နေတဲ့ ကျောက်ခဲရဲ့
တသွင်သွင်မျက်ရည်လည်းပါရှိ

ခါးတောင်းကျိုက် ပြုတ်ကျတဲ့
ချောတိုင်တက်သမားလည်း ပါရှိ

ရထားဟာ
ကုန်သည်လေမုန်တွေကိုလည်း
သယ်ဆောင်လာခဲ့ရ

ရထားဟာ
ရွှေဘိုမြင်းပေါက်စတွေကိုလည်း
သယ်ဆောင်လာခဲ့ရ

ရထားဟာ
ကြက်ခြင်းနဲ့ ကြက်ခြင်းထဲက ကြက်တွေကိုလည်း
သယ်ဆောင်လာခဲ့ရ

ရထားဟာ
သဲကန္တာရ အသွင်ပြောင်း နေထိုင်တဲ့

ပင်လယ်ကိုလဲ
သယ်ဆောင်လာခဲ့ရ

ရထားဟာ
မြို့အရက် တောအရက်တွေကို
အားပေး သောက်သုံးခဲ့ရ
သယ်ဆောင်လာခဲ့ရ

ရထားဟာ
ညအနေအထိုင်နဲ့ နေ့တွေကို
သယ်ဆောင်လာခဲ့ရ

ရထားဟာ
သူဖြတ်ကျော် နင်းမိသမျှ
တံတားတွေကိုလည်း
သူပြန်တင်ဆောင်လာခဲ့ရ

ရထားဟာ
သူကြည့်မိသမျှ
ရှုမျှော်ခင်းတွေ
အဲသည် ရှုမျှော်ခင်းတွေရဲ့
ကိုယ်ရည် ကိုယ်သွေးတွေကိုပါ
သူပြန်တင်ဆောင်ခဲ့ရ

ရထားဟာ
သူ့ခေါင်းပေါ်က
ကိလေသာတိမ်တိုက်တွေကိုလည်း
တင်ဆောင်လာခဲ့ရ

ရထားဟာ
သူ့အောက်က
သိမ်ငယ်စိတ်မွေးတဲ့ ချောင်းပေါက်စတွေကိုလည်း
တင်ဆောင်လာခဲ့ရ

ရထားဟာ
သူ့ဘေးဝဲယာက
လောကပါလ တောင်တန်းတွေကိုလည်း
တင်ဆောင်လာခဲ့ရ

ရထားဟာ
လောကီကြောင်းသမားဆိုတော့
မိုင်းမနင်းမိအောင်လည်း
ခမျာမှာ သတိကထားရသေးသပေါ့

ဒါပေမယ့်
ရထားလာခဲ့ပါတယ်။

သည်လိုနဲ့
ရထားဟာ
ရုပ်ရည်သနားကမားမြို့တွေ
ချိုင်းချွေးစော်နံတဲ့ အိုးအိမ်တိုက်တာတွေ
အသံကောင်းတဲ့ တောအုပ်တွေ
အမြဲစိမ်းတောနဲ့ ရွက်ကြွေတော
ကိုယ်လက်နှီးနှောကြ ဒေသတွေ
ဖားတို့ရဲ့ ဩဂုတ်စတာ လယ်ကွင်းတွေ
သစ်ခုတ်သမား လက်စွမ်းပြ
တောပြောင်ပြောင်တွေ
ပေါင်မုန့်မီးကင်ထားသလို

မြို့တွေ
မုန့်လေပွေလို ရွာတွေ
ရထားဟာ
ဘဏ်စာရေးတစ်ယောက် ငွေတွေရေတွက်သလို
တစ်မြို့ပြီးတစ်မြို့ ရေတွက်
တစ်တောင်ပြီးတစ်တောင် ရေတွက်
အားလုံးကို ရေတွက်
ရထားခရီးဆက်ခဲ့တယ်ပေါ့။

သည်လိုနဲ့
ရထားဟာ
နဘားဆိုတဲ့
အပ်နဖားပေါက်ကလေးတစ်ပေါက်မှာ
မျက်နှာသစ်ပြီးတဲ့နောက်
ရှေ့ခရီးဆက်မယ်လို့
ရေထိတဲ့ကြောင်း အမွှေးခါသလို
သူ့ကိုယ်ကို လှုပ်ခါလိုက်ချိန်မှာ

နှစ်သုံးဆယ်လုံးလုံး ပျောက်ဆုံးနေတဲ့
မြို့တစ်မြို့
ဘီးလိမ့်စ ရထားပေါ်
ဖျတ်ခနဲ ခုန်တက်လိုက်ပါ
ရထားပေါ် ရထားပါလာခဲ့တာကိုပဲ
ရထားပေါ် ရထားတင်ခဲ့ရတာကိုပဲ

ရထား
စိတ်ပျက်ခဲ့တယ်
ရထားလာခဲ့ပြီ။ ။
မောင်ချောနွယ် (၁၉၉၀)

## ဆေးစစ်ခံတဲ့ည

ည
နောက်ဘဝများစွာမှာ
ညမဖြစ်တော့တာ သေချာကြောင်း
သက်သေပြလိုက်တဲ့ ည
"ဒန်တီ" ရဲ့ မျက်ရည်တွေ
စင်းစင်းသေပေးလိုက်ရတဲ့ ည
ဦးနှောက်တစ်ခြမ်းက
တံခါးဆီပေးလိုက်ရတဲ့ ည
မျက်လုံးတစ်ဖက်က
အာရုံစိုက်မှုကို ရောင်းစားရပြီး
မျက်လုံးတစ်လုံးက
အရှုံးအတွက် ပုံပေးလိုက်ရတဲ့ ညလည်းဖြစ်ရဲ့။
ခန္ဓာကိုယ်တစ်ဝက်က
မြို့ကြီးထဲ ခုန်ပေါက်နေပြီး
တခြား ခန္ဓာကိုယ်တစ်ခုက
သူ့မိန်းမဆီ သွားအိပ်တဲ့ညပေါ့။
လူတွေ
ဒီလိုပဲ ဖြစ်ပျက်နေကြမြဲပါ
တစ်စက္ကန့်
တစ်စက္ကန့်အတွင်းထဲမှာ ရောက်ရှိနေချိန်
တစ်စက္ကန့်က လွဲရင်ပေါ့
ကိုယ်လိုရာရောက်နေတဲ့ တစ်စက္ကန့်တွေများလှပေါ့ ။
စီးကရက်လေး တစ်လိပ်လောက်ကို
တစ်ညလုံး စောင့်စားခဲ့ရပါတယ်။

သံပြိုင်တေးတွေ ရေစီးအားကောင်းတဲ့ ညပေါ့
ဒီညကို ဖြတ်ရတော့
ဘဝဆိုတာ လွှမ်းဖို့အားကောင်းခဲ့တာပေါ့ ။
ကျွန်တော် ယောက်ယက်ခတ်ရ
ကိုယ့်နှလုံးသားကို မီးမြိုက်ခဲ့ပါတယ် အမေ
ဘယ်သူဟာ
ကိုယ့်နှလုံးသားကိုယ် မီးမြိုက်ခဲ့ပြီး
ဒီမီးကို လှုံရခဲ့ပါသလဲ၊
ကျွန်တော်ကတော့
ရဲရင့်ပေါ့ပါးစွာပေါ့ အမေ
ဒီညမှာမှ
ကျွန်တော်က ရေဒီယိုသတ္တိတွေကြွတဲ့ည ဖြစ်လို့ပေါ့ ။
လည်လှီးခံရ မြွေတစ်ကောင်လို
နာရီသံချောင်းခေါက်သံတွေ
အစွမ်းကုန် တွန့်လိမ်လို့
မြင်ခဲ့ရဖူးပြီ
သေကောင်းပေါင်းလဲဘဝပါ အမေရယ်
တစ်စက်မှ
အရသာခံရက်စရာ မကောင်းပါဘူး
မစာနာတတ်ရင်လည်း သိကြပါစေ
သိရင်ပဲ
အမေ့သားက ပြီးပါပြီတဲ့ ။
မိမိကိုယ်မှ နံရိုးများ
တံတားအဖြစ် ခင်းကျင်း
လမ်းဖွဲ့စည်းခဲ့ပါတယ်
ဒီခရီးသာ နှစ်လိုခဲ့
ရလိုသောဘဝများ လမ်းဖယ်ပေးကြပါ ။

မောင်ချောနွယ်

## ငါ့ကို ကျားတံဆိပ်ဘီယာ မတိုက်တဲ့နေ့က

ပြောရရင် တစ်ဘဝလုံးကုန်မယ်
သူ့တစ်ကိုယ်လုံးမှာ
သူဝတ်လာတဲ့ အင်္ကျီပဲကောင်းတယ်
ရှုမျှော်ခင်းတွေပါလို့မို့ ...
သူ့လက် သူ့ခြေ သူ့ခန္ဓာ သူ့စိတ်ဓာတ်တွေကတော့
ထားလိုက်ပါတော့
အားလုံးအပျက်အစီးချည်းပဲ
ဝပ်ရှော့ပို့ထားကားလိုပေါ့
ငါ့ကိုကျားတံဆိပ်ဘီယာ မတိုက်တဲ့နေ့က

ဒီဘဝမှာ
ဘယ်တုန်းကမှ ကောင်းခဲ့တာလည်း မရှိ
ဘယ်သူ့အပေါ်မှလည်း ကောင်းခဲ့တာမရှိ

လပေါက် နှစ်ပေါက်တင်ကျွေးခဲ့သူကိုရော
အိမ်တစ်လုံးလုံး ပေးနေပေးသူကိုရော
ကောင်းခဲ့တာမရှိ
သူ့စိတ်နဲ့ ငါ့မျက်နှာကို ငှားငှားပြီးပြောသေး
သူ့မကောင်းတာကို ဖြည့်ဖြည့်ပြီး ပေါင်းနေရသူလို့မသိ
ငါ့ကို ကျားတံဆိပ်ဘီယာ မတိုက်တဲ့နေ့က
ငါ့ကို ကျားတံဆိပ်ဘီယာ မတိုက်တဲ့နေ့ကပေါ့

သူမောက်မာလိုက်ပုံက ...
လူ့ဘဝဆိုတာ ခြကုန်းမှာနေရသလို
ခဏခဏ ရွှေ့ရွှေ့နေရမယ်
မရွှေ့ရင် ခြစားခံရမယ်
ဒါကို ဒင်းမသိဘူး
ဒါကို မသိခြင်းကြီးတဲ့ ဒင်းကို
ခြကုန်းသာပို့ထားလိုက်
ငါ့ကို ကျားတံဆိပ်ဘီယာ မတိုက်တဲ့နေ့က ...

အဲဒီနေ့က
အဲဒီနေ့ကပေါ့
ငါ့ကို ကျားတံဆိပ်ဘီယာ မတိုက်တဲ့နေ့ကပေါ့
တရားရုံးမှာ
အမှုမကြီး ကြီးအောင် ဆွဲချလို မျက်နှာမျိုးနဲ့
လမ်းထဲကို ဝင်လာတယ် ...

အဲဒီနေ့က အဲဒီနေ့ကပေါ့
ငါ့ကို ကျားတံဆိပ် ဘီယာ မတိုက်တဲ့နေ့ကပေါ့
အဲဒီငနဲဟာ ခုပဲ ဂြိုဟ်တစ်ခုက ပျက်ကျလာသူလိုလို
အခုပဲ လေယာဉ်ပျံတက်တော့မလိုလို
အခုပဲ လက်ထပ်တော့မယ့် သတို့သားလိုလို
အခုပဲ အစည်းအဝေးမှာ အဆုံးအဖြတ်ပေးရတော့မယ့်သူလိုလို
စတိုင်တွေ ဂိုက်တွေဖမ်းပြီး လမ်းထဲကိုထွက်သွားလေရဲ့ ...
သူဘယ်လမ်းမှာ နေတယ်ဆိုတာ သူကိုယ်တိုင်မသိတဲ့ကောင်လေ ...။

မောင်ချောနွယ်

## ချန်ပီယံ ဒါပေမယ့် ချန်ပီယံ

ချန်ပီယံ
ဒီမှာ ချန်ပီယံ
မြန်မြန်လာပါ ချန်ပီယံ
မြန်မြန်သွားပါ ချန်ပီယံ
ချန်ပီယံ ဒါပေမယ့် ချန်ပီယံ ။

ချန်ပီယံ
ဒါတွေက ဒီလိုရှိတယ်
ဟိုဟာတွေက ဟိုလိုရှိတယ်
ဟိုလမ်းတွေကို မသွားနဲ့
ဟိုဟာတွေကို မစားနဲ့
ချန်ပီယံ ဒါပေမယ့် ချန်ပီယံ ။

နာနတ်သီးထဲမှာ ဝီစကီတွေရှိတယ်
လမ်း ၄၀ ထိပ်မှာ ဂျွန်မိုးရေရှိတယ်
ဗိုလ်အောင်ကျော်လမ်းထိပ်မှာ
သူငယ်ချင်း ဆိုးတိုင်ပင်ရှိတယ်
ချန်ခဲ့မှာလား ချန်ပီယံ
ဆန်ခဲ့မှာလား ချန်ပီယံ
ယံခဲ့မှာလား ချန်ပီယံ
ဒီနေရာမှာ ဒီဟာထား
ဟိုနေရာမှာ ဟိုဟာထား
ချန်ပီယံ ဒါပေမယ့် ချန်ပီယံ ။

ချန်ပီယံ
လှိုင်းကြီးတယ်
အပူကြီးတယ်
ရင်ပူတယ်
အသံလေးတွေကျန်သေးတယ် ချန်ပီယံ
ချန်ပီယံ ဒါပေမယ့် ချန်ပီယံ ။

မောင်ချောနွယ်

## နတ်တို့ခိုးဝှက်ခြင်းခံရတဲ့ ကဗျာ

လည်ချောင်းထဲမှာ ဟင်းနံ့တွေရနေတယ်
ဟင်းနံတွေရနေတဲ့ လည်ချောင်းကြီး
ခမျာမှာ ဟင်ကောင်းကြွေးကောင်းနဲ့
မပေါင်းရရှာသူပါကွာ
ဟင်းနံ့တွေသာ ရ ရနေတဲ့ လည်ချောင်းကြီးထဲ
ကမ္ဘာကြီးတစ်ခုလုံး
လုံးတိုက်ကြီးပြုတ်ကျလာ
နေပါဦး
နေပါဦး
အဲဒီ...အသစ်ကလေးကိုလေ
မီးမညှိလိုက်ပါနဲ့ဦးကွယ် ၊
စိတ်ကိုချဲ့ထွင်ထား
စားပွဲခုံတွေကို မျက်နှာသစ်ပေးလိုက်
အနုပညာမရခင်
လူလည်လုပ်နည်း အရင်ရနေတဲ့ကောင်စားတွေ
မျိုးပွားနေလေရဲ့
စီးကရက်တစ်လိပ်တောင်မှ
တစ်ဖက်သားအပေါ် တိုက်လိုက်ဖို့
သဒ္ဓါမကျတဲ့ကောင်တွေလေ
လက်ဖက်ရည်တစ်ခွက်သာ တိုက်ခိုင်းကြည့်ပါလား
ဒင်း ... စင်းစင်းတောင် သေသွားဦးမယ်။
ဝယ်ထားလိုက်
ဝယ်ထားလိုက်
အဲဒီ ဆားငန်ရည်တွေဟာလေ
ဝယ်ထား သိမ်းဆည်းရမယ့် အရာတွေပါကွယ်

အဲဒီ
အသစ်ကလေးကိုလေ
မီးမညှိလိုက်ပါနဲ့ဦးကွယ်
ကဗျာအပေါ်မှာလေ
ငါက သားဖွားခန်းရောက်မိန်းမ
လင်ကို စိတ်နာသလိုမျိုး နာရဲ့ ။

ဒါပေမယ့်
အချိန်တန်တော့
ထန်းပင်ကို ပြန်မော့ကြည့်မြဲ ကြည့်တဲ့
အရက်မူးသမားလိုလေ။
မီးဖိုပေးကြပါ
မီးပုံကြီး ငါ့ကိုပေးကြပါ
အလျှံညီးညီး မီးတောက်မီးလျှံ
မီးပုံကြီး
အဲဒီမီးပုံကြီး ငါ့ကိုပေးကြပါ
ဒီမီးပုံကြီးထဲ
ငါ ခုန်ဆင်းလိုက်ပါရစေ
ငါ ခုန်ဆင်းလိုက်ပါရစေ
ငါ ခုန်ဆင်းလိုက်ပါရစေ
ယုန်မင်းဇာတ်မှာတော့
အဲဒီလို မီးဖိုကြီးထဲ
ယုန်ကလေး ...
ခုန်ဆင်းလိုက်တဲ့ အခါ
အဲဒီ အလျှံညီးညီး မီးပုံကြီးဟာ
ပဒုမ္မာကြာပွင့်ကြီး ဖြစ်သွားသတဲ့ ။

ဒီမှာဖြင့် ... ဓာတ်က နာလိုက်လေခြင်း
လာစမ်းပါဦးကွယ်
ငါ့နှလုံးသား ဘားအိမ်ကို
ဘယ်သူက လာလာပြီး
ကရိုင်း ကရိုင်းနေတာတဲ့တုန်း
ဘာတဲ့
ငါက
ငါ့ကလေးလေးတွေကို
မြက်ခင်းကောင်းကောင်း ပို့လိုက်ရမတဲ့လား
ထုထည့်လိုက်စမ်းပါ
ခြောက်ပေါင်တူကြီး တစ်လက်နဲ့
ငါ့အသည်းနှလုံးကိုလေ
ကျကျနန ပေပေါ်တင်ပြီး
ထုထည့်လိုက်စမ်းပါ
အဲဒီ ခြောက်ပေါင်တူ တစ်လက်ဟာ
ငါ့ရဲ့ မနက်စာတစ်နပ်ပါပဲကွယ် ။

ဘာလဲ ...
ဘဝဟာ ပလပ်ခြောက်လုံးခုတ်
အင်ဂျင်တစ်လုံးတဲ့လား
ဘဝဟာ ထောပတ်သုတ်ထားတဲ့
ပေါင်မုန့်တစ်ချပ်တဲ့လား
မဟုတ်ခဲ့ပါဘူး
မဟုတ်ခဲ့ရပါဘူးကွယ်
ကဗျာဆရာဖြစ်အောင်ရယ်လို့
မဟုတ်ခဲ့ရပါဘူးကွယ်
မနေနိုင်လွန်းတဲ့
မွေးရာပါ ငါ့ခန္ဓာကိုယ်က
အကြောပို ကိရိယာကြီးကြောင့်သာပါ

ဒါကြီး ခုတ် ခုတ် ချပစ်လိုက်တာပါ
ဒါကြီး လှီး လှီး ကုတ်ဖဲ့ပစ်လိုက်တာပါ
မလုပ်လိုက်ပါနဲ့
အဲဒီ အသစ်ကလေးကိုလေ
မီး မညှိလိုက်ပါနဲ့ဦးကွယ်
နေပါဦး
ဘယ်လို ဘဝတွေ
မီးခိုးတအူအူ ထွက်နေလို့
ငါ့မြစ်နဒီလေး
ရပ် ရပ်သွားရတာတဲ့တုန်း ။

နေပါဦး
ဘယ်လိုတံခါးတွေ
တဂျိမ်းဂျိမ်း ဆောင့်ဆောင့်ပိတ်နေလို့
ငါ့ ချစ်ခြင်းမေတ္တာလေး
ချောင်းကော ဖြစ်ရတာတဲ့တုန်း ။
နေပါဦး
ဘယ်လို ဗလကောင်းကောင်းသောမဂ္ဂြိုဟ်တွေက
ဝိတ်တွေ တအုန်းအုန်းမ မနေကြလို့
ငါ့ ထမင်းအိုးလေးခမျာ
မပွက်တပွက် ဖြစ်နေရတာတဲ့တုန်း ။

နေပါဦး
ဘယ်လို ပသာဒတွေက
ဖွက်ပေါက်အောင် ပသာဒနေကြလို့
ငါ့သစ်ပင်လေး
ဝမ်းမြောက်ဝမ်းသာမရှိ ဖြစ်နေရတာတဲ့တုန်း ။

ဝယ်ထားလိုက်
ဝယ်ထားလိုက်
အဲဒီ ဆားငန်ရည်တွေဟာလေ
ဝယ်ထား သိမ်းဆည်းရမယ့် အရာတွေပါကွယ် ။

ကလေးချီထားတဲ့ ည
အဆာလောင်နေတဲ့ ည
ညပိတ်သားပေါ်က ည
တစစ်စစ်ခံနေရတဲ့ ည
အနုပညာ ကိုယ်လေးလက်ဝန်နဲ့ ညပါကွယ် ။

ခများမှာ
လွှစင်လွှသွားပေါ် ရောက်ခဲ့ရပါပြီ
တစ်စစီ လွှစာမှုန့်တွေအဖြစ်နဲ့
ပြန်ထွက်လာရ
သူဟာ ...
ပထမတန်းစား ကဗျာဆရာတစ်ယောက်ပါပဲကွယ်။
ကမ္ဘာဦးမှာ
ပလာတူးငါးတွေ ရှိခဲ့သတဲ့လား
နေပါဦး
ရှိခဲ့ရင်တောင် အမည်မဲ့နေမှာပါကွယ်။

လူ့အဖြစ်ဆိုတာကို
သေသေချာချာ ညစ်ချကြည့်လိုက်တော့
ပုရစ်ကလေးကမှ
မျက်စေ့ကလေး ပြူးကြောင်ပြလိုက်နိုင်သေးရဲ့
လူ့အဖြစ်မှာဖြင့်
နွားနို့ကိုးလီ ရေကိုးလီနဲ့
နွားနို့ မဟုတ်တော့သလိုလေ

ပုရစ်ကလေးလောက်တောင်မှ
ခွန်အားမရှိခဲ့ပါလားကွယ်။

အဲဒီ ...
မျက်နှာပေါက်ဆိုးဆိုးပလပ်ကို
ဖြုတ်လိုက်ပါတော့။

ကြယ်ကလေးရေ
ကိုယ့်အသံကိုယ်မကြည်နူးနိုင်ပါဘူးကွယ်
ငါ့ရင်ခေါင်းက
အသံလုံးကြီးကြီး အစိုင်အခဲကြီးပေမယ့်
နုလွန်းလို့ ဂွမ်းနဲ့ကိုင်ရတော့မလိုလို
နုလွန်းလို့ မျှိုချပစ်လိုက်မိတာပါ
မျှိုချလိုက်မှပဲ တစ်ဘဝဆိုတာနဲ့
မဝနိုင်အောင်ဘဲကိုး
ကြယ်ကလေးရေ ...
စိမ့်နေအောင်
တစ်ကိုယ်လုံး ဆင်းစိမ်လိုက်ဖို့ကလည်း
မာရေကျောရေ ကျောက်သားပြင်ကြီးဖြစ်လို့
ငါ့ကိုယ်ငါ ပြန်ပြန်မြင်နေရတာကလဲ
မိုးပေါက်ကလေး တစ်ပေါက်သဏ္ဍာန်ပါလားကွယ်
ဒါတောင်
အတောင်ပံ တစ်စုံလောက်
ငတ်မွတ်ဆာလောင်နေရှာတဲ့
ပိုးတုံးလုံး မိုးပေါက်ကလေးပါ
မင်း ရင်ခေါင်းထဲက
စိမ့်ကျ ဂရုဏာရေကန်လေးထဲ
စိမ်လိုက်ပါရစေလားကွယ် ။

မီးမှိတ်လိုက်
မီးမှိတ်လိုက်
မီးမှိတ်ချလိုက်စမ်းပါ
ဟောဒီမှာ စိတ်ပျားအုံ
စိတ်ပျားအုံကြီး တစ်အုံပေါ့
ပွဲတော်ထဲ
ဆေးရေးအလှတွေ ခြယ်သပြီး
တရစပ်လည်ပတ်နေတဲ့ ရဟတ်ကြီးလိုလေ
အော်သံ ပျော်သံ အသည်းအေးသံ
မီး တထိန်ထိန်နဲ့ပေါ့
ချစ်သူလိုလို အရိပ်တစ်ခုပါလားကွယ်
အတွေးအမြင် ဝိုင်ယာကြိုးတစ်လျှောက်
အာရုံမီးသီးတွေ
လင်းထိန်လာလိမ့်မယ်
သောက်ချပစ်လိုက်စမ်းပါတော့ကွယ်။

အဲဒီ ...
မျက်နှာပေါက်ဆိုးဆိုး ပလပ်ကို
ဖြုတ်ချပစ်လိုက်ပါတော့ ၊
တစ်သားမွေး တစ်သွေးလုစ
ကလေးအမေလို ညနေခင်းထဲ
အရိုးပေါ် အရေတင် နေ့ရက်တွေရောက်လာ
မီးကျီးခဲရဲရဲပေါ် တွန့်လိမ်
ရင်ကိုခွဲပြပေမယ့်
ဘာမဆို လွဲခဲ့ရတဲ့သူပါတဲ့ကွယ်

သူငယ်ချင်း လီကီရေ
မိုးကြီး မသည်းမထန်ခင်
လေနီကြမ်းတွေ မဖမ်းစားခင်
အဲဒီ ...
အမိုးအကာအောက်
အချိန်မှီရောက်စေချင်ရဲ့
မီးမညှိလိုက်ပါနဲ့ဦးကွယ် ။

သူငယ်ချင်း လီကီရေ
မင်း အဲဒီစာရွက် ငါ့ကိုပေးပြီး
ငါ့အသည်းပေါ်မှာသာ
ရေးချလိုက်စမ်းပါကွယ် ။

ဒီမှာ ...
ဘယ်သူဟာ
ဘဝတစ်ခုလုံး အနုပညာပေါ်
ပုံအောခဲ့ပါသလဲ
ဘယ်သူဟာ
တဒီးဒီးမောင်းနေတဲ့ လမ်းကြိတ်စက်ကြီးအောက်
ခေါင်းထိုးဝင်ပေးပြီး
ကဗျာရေးခဲ့သလဲ
ကိုလမ်ဘတ်စ်
ဆိုကရေးတီး
ဒီလန်တောမတ်စ်
မင်း ...
အမှတ်ရနေဦးမှာပါကွာ ။

သြဇာသီး ကားနင်းပြီး
ရေပက်ထားသလိုလေ
ပျော်ပြဲ ပြဲပြဲလံလို့
ပြဲပြဲလံနေတဲ့ ဒီအသံကလေးကိုလေ
မင်း ခါးကြားက
သဒ္ဒါတရား ဓားမြှောင်နဲ့
ဆောင့်ထိုးစိုက်ချလိုက်စမ်းပါ
ကိတ်ခြောက်ကလေး တစ်ချပ်လောက်တော့
လူဖြစ်ခဲ့တာ သေချာအောင်
ဝါးလိုက်ချင်ပါသေးတယ်ကွယ် ။

သူ့ဘဝတိုင်ကီက မကောင်းဘူး
အရမ်းကို အငွေ့ပျံလွယ်တယ်
အဲဒီ အသစ်ကလေးကိုလေ
ဆားငန်ရေနဲ့ ရောပြီး
မီးညှိလိုက်ပါတော့ကွယ် ။

မြစ်ရေကြီးသလိုစီးတဲ့ မြောက်ပြန်လေထဲ
မောနင်းပက် မသောက်ရသေးတဲ့
ကတုန်ကရင် အရက်မူးသမားလိုလေ
ငါ့အသက် လေးဆယ်ပြည့်မွေးနေ့ဟာ
ငွေစကြေးစကလေး နည်းနည်းတောင်းဖို့
ငါ့ဆီ ရောက်လာခဲ့
ဦးဦးဖျားဖျားပေါက်တဲ့ မြက်တောင်မှ
ခူးခပ်ကျွေးစရာ မရှိတဲ့ကောင်ပါကွာ ။

မြစ်ရေကြီးသလို စီးလှတဲ့ မြောက်ပြန်လေထဲ
ငါ့အသက်လေးဆယ်ပြည့်မွေးနေ့ဟာ
ငါ့ အသည်းနှလုံးကို ဆွဲထုတ်
ငါ့ လက်ကမ်းပေးပြီး
ပြောလိုက်တာကကွယ်
သက်လေးဆယ် ပန်းချီဆေးရေး
ငါ ဟိုအဝေးကြီးက လာခဲ့တာပါ
နာနာကြည်းကြည်း မီးတွေဖို
ငါ့ဘဝငါ အဖန်တလဲလဲ ပြန်ပြန်မျိုချ
ငါဟာ လမ်းမကြီးတစ်ခုဖြစ်ပြီး
သင်တို့အားလုံးဟာ
လမ်းလျှောက်သူတွေမျှသာ
ဖြစ်တယ်...တဲ့ ။

အိုကွယ်
စကားလာပြောမနေပါနဲ့တော့
ဘဝကို ပွဲတော်လိုတွေးခေါ်
ငါဟာ
အနုပညာမော်ဆရာရယ်လို့
သေခြင်းတရားကို ညို့ငင်ထား
စိတ်ကိုကျောင်းထားခဲ့တာ
နှစ်ပေါင်း လေးဆယ်တောင် ကြာခဲ့ပါပေါ့။ ။

မောင်ချောနွယ်



## ကြမ်းပိုးများတဲ့အိပ်ရာ

အမှန်မတော့
ကမ္ဘာကြီးသာယာပျော်ရွှင်ဘွယ်ကောင်းအောင်
လူဆန်ပြီး
သိပ်ယဉ်ကျေးတဲ့
စိတ်ကူးကောင်းသူတွေက
တည်ဆောက်ထားတာဖြစ်တယ်။
မောင်ချောနွယ်ဟာ
အဲသည်အစားထဲကဖြစ်လေရဲ့။

ရေညှိစိမ်းပုတ်
ဖုံးလွှမ်းအုပ်တဲ့
အုတ်တံတိုင်းပေါ်က
ပဒိုင်းပွင့်လေ
သင့်ကို ဖျားယောင်းနေခဲ့ပေါ့
ပန်းပွင့်ထဲက
ဝတ်ရည်လေးကို
သူတို့ကွပ်မျက်ခဲ့လို့
သင်နဲ့ငါ
လာရောက်စေးကပ်ငြိတွယ်ခဲ့ကြရဲ့။

စိုထိုင်းဆတွေ မှိုတက်
မှိုပေါ်မှာ
ပက်ကျိဟာ တွားသွားရဲ့
နှေးတာမြန်တာက ကိစ္စမရှိဘူးလေ
သွားမသွားက ကိစ္စရှိပေရဲ့။

ကမ္ဘာလောကကြီးကို
ယုယသူဟာ
မောင်ချောနွယ်
ဖော်ဝေး
အောင်ချိမ့်နဲ့
သုခမိန်လှိုင်တို့ဖြစ်ကြရဲ့။

ကမ္ဘာကြီးနဲ့စိမ်းသူဟာလဲ
သူတို့ပဲဖြစ်ကြတယ်။

ရေခဲတွေအရည်ပျော်ရန်
ငါ့ကိုခေါ်ပါ
မောင်ချောနွယ်ကိုခေါ်ပါ
ဖော်ဝေးကိုခေါ်ပါ။

မပူသေးတဲ့ရေ
ဆူရန်
ငါ့ကိုခေါ်ပါ
ဖော်ဝေးကိုခေါ်ပါ
မောင်ချောနွယ်ကိုခေါ်ပါ။

ဘယ်သူ့ကိုမှ မတရားမပြောပါဘူးဗျာ
ကျွန်တော် ထမင်းစားတတ်ပါတယ်
ကျွန်တော်တို့ ထမင်းစားတတ်ပါတယ်။

ကျွန်တော်တို့ ရင်ထဲမှာ
ဟာဝိုင်ယီကျွန်းလေး ရှိပါတယ်
လူ့ရွှန်းရှိပါတယ်
ဂျွန်ကီရှိပါတယ်
ကျွန်တော်တို့ရင်ထဲမှာ
တင်နီဆင်ရဲ့ ကျောက်မျက်ရွဲများ ရှိပါတယ်။

တို့တွေဟာ
ရေဒီယမ်သတ္တုကို
ရှာဖွေတွေ့ရှိသူ ဖြစ်ရဲ့
မဒမ်ကျူရီဖြစ်ရဲ့
အယ်ဒီဆင်ဖြစ်ရဲ့။

တို့တွေဟာ
အရောင်းအဆင်းရဲ့အသံကို
စိုက်ပျိုးနိုင်သူဖြစ်ရဲ့
ပီကာဆိုဖြစ်ရဲ့
ဗင်ဂိုးဖြစ်ရဲ့။

တို့တွေဟာ
အရာဝတ္ထုတွေရဲ့
အလျားလေးဖက် ထုလေးဖက်ကို
စမ်းသပ်မိသူတွေဖြစ်ရဲ့
ဟီရာကတပ်(စ်)ဖြစ်ရဲ့
မာ့(က်စ်)ဖြစ်ရဲ့။

တို့တွေဟာ
သံတွေ ခဲတွေကို
တောင်ပံတွေ
တပ်ဆင်နိုင်ကြသူတွေဖြစ်ရဲ့
ဗီသိုဗင်ဖြစ်ရဲ့
ရှိုပင်ဖြစ်ရဲ့။

အဆိပ်ရှိတဲ့မြွေပင်
ဟင်းတစ်ခွက်ဖြစ်နေရာ
အဆိပ်မရှိတဲ့လင်းမြွေ
ဟင်းနှစ်ခွက်ဖြစ်လေပေါ့ခုခါ။

ကျောင်းပြေးဖူးလား
အိမ်ပြေးဖူးလား
ရည်းစားနဲ့ကွဲဖူးလား

ဖဲရှုံးဖူးလား
ဂျင်တိုက်ဖူးလား
လူမိုက်တွေနဲ့ ရိုက်ဖူးလား
ဆေးရှူဖူးလား
အရက်သောက်ဖူးလား
ပခြုပ်အိမ်ရောက်ဖူးလား
အပေါင်ဆိုင်ရောက်ဖူးလား
သင်ဟာလူမို့
အပူတစ်ခုထဲတော့
မလိုအပ်တန်ရာ။

ကန်ရေကိုသောက်ပါ
ဖန်ကလပ်ထဲကရေကိုသောက်ပါ
ကမ္ဘာထဲမှာ
ဘယ်လိုဖူးပွင့်မှာလဲ
အိမ်ဆိုတာ
ဖဲထုပ်လေးတစ်ထုပ်ရှိမှ
ပျော်စရာကောင်းပေမပေါ့။

မိတ်ဆွေ၊ ဘုရားသခင်
လူငယ်နဲ့ အနုပညာ
အတူနေပါစေ
ကမ္ဘာကြီးကို ပျော်ရွှင်ပါစေ။

ကော်ဖီရောင်နေမင်းကြီးထဲမှာ
မြစ်ဟာ
ပျင်းရိစွာ စီးဆင်းလို့
ဘယ်တော့မှ
ဟောင်းလိမ့်မယ်မဟုတ်တဲ့

အချစ်သီချင်းလေးကို နားထောင်ပါ
၁၅–နှစ်သားက သီဆိုလို့နေလေမှာ။

မွန်တီကိုရေလက်ကြားလေးမှာ
ရွှင်ပျော်ပျော်ဖဲဝိုင်းလေး
သွားကျင်းပဖို့
ကမ္ဘာကြီးဟာ
ရွှေအိုရောင်တောအုပ်တစ်ခုလို့
ကျွန်ုပ်တို့
ယူဆနူတ်ဆက်ထားခဲ့ကြစို့
လာလေ။

"လီနင်"ကို
သင်မညာခဲ့ဖူး မဟုတ်လား။

သင်
"ချေ"ကို မညာခဲ့ဖူး မဟုတ်လား
ကျွန်ုပ်သိပါတယ်
နွေးထွေးမှုဟာ
ဈေးကြီး
ဝေးကွာ
သင်ကဗျာလဲစပ်တတ်ရဲ့ မဟုတ်လား။

သင် "ဝင်စတန်ချာချီ"ကို
လိမ်ညာခဲ့တာတော့ရှိပါစေ။

ဆံပင်ဘယ်ခွဲခွဲ
အသည်းရောင်ကိုင်းနေတဲ့
မောင်ချောနွယ်
စွတ်စိုထိုင်းမှိုင်းလှပေရဲ့။

ကမ္ဘာထဲမှာ
မောင်ချောနွယ်
ချောင်းကောလေး မဖြစ်ချင်ပါ။

ဗလာစည်တွေက
တယ်ပြီးမြည်နေကြသကိုး
ကမ္ဘာကြီးကလဲ
နာမကျန်းဘူး မဟုတ်လား။

ငွေရှာခြင်းအတတ်
မတတ်တာနဲ့ မတတ်ချင်တာနှစ်ခု
နှစ်ခုလုံး မွေးမြူရေး မအောင်မြင်ပါ
မကာအိုမြို့က
အမှတ်ကိုး "ဘယ်လိုဒူဆေးလ်"မှာ
"မာဂရက်"ဟာ နေထိုင်ပါတယ်
သီရိခေတ္တရာပြည်က
တောင်ပေါ်လမ်းကွေ့မှာ
ကျွန်တော်တို့ဟာနေထိုင်လို့
မကာအိုမြို့ကသူနှင့်
မိတ်ဆွေဖြစ်ချင်ပါတော့သည်။

ကျွန်တော်
ဘော့ဒိုင်လင်ကို သိပါတယ်
စိုင်းထီးဆိုင်ကို သိပါတယ်
မွန်တီကို ရေလက်ကြားလေးကို သိပါတယ်
"သည်ကွိုင်ဒွန်"ကို သိပါတယ်
သံမဏိသူရဲကောင်းကို သိပါတယ်
အနုမြူကို သိပါတယ်
ဂေါ်ဒီယက်ကို သိပါတယ်

မာကူတာကို သိပါတယ်
ခင်သန်းနုကို သိပါတယ်
ပုဒ်မ၃၂၀ကို သိပါတယ်
ညိုနိုကို သိပါတယ်။

ကျွန်တော်ဟာ
ကြယ်တွေကို ရေတွက်ဖူးလေရဲ့
လူသားဒုက္ခကို
ငါးမျှားခဲ့ပေရဲ့။

ကမ္ဘာထဲမှာ
ကျွန်တော် သိတာတွေ အများကြီးပါ
ပွဲစားလေးမောင်ဘတင့်နဲ့
ဘိန်းစားငပိန်ကိုလဲ သိခဲ့ပါရဲ့
ဒါပေမယ့်
ကျွန်တော် အများကြီးကိုပဲ
မရခဲ့ပါလား။

အများကြီးကို သိပြီး
တစ်ခုမှ မရဘူးဆိုရင်
ဘော့ဒိုင်လင်ကို မသိပါရစေနဲ့
စိုင်းထီးဆိုင်ကို မသိပါရစေနဲ့
မသိပါရစေနဲ့
မသိပါရစေနဲ့
သိပြီးသားနဲ့ မသိရသေးတဲ့အားလုံးကို
မသိပါရစေနဲ့
ခင်သန်းနုကိုလဲ မသိပါရစေနဲ့လား။

ငါ
မာရ်နတ်ကိုယုံခဲ့ပေါ့
ပိုးကိုက်လေတဲ့
သစ်ရွက်လောက်မှ
တန်ဖိုးမရှိ ဥပမိရုပ်မကောင်းလေခဲ့
စိတ်ကူးကောင်းသူရဲ့
ပျော်ရွှင်ဖွယ်လူသားကမ္ဘာ
ကျွဲပုခုံးထခဲ့ပေါ့
အားလုံးဟာ။

၂၄နာရီတို့
တရားမဲ့
ကောက်ကျစ်
ဝိုကြွေး
သစ္စာမဲ့
၂၄နာရီတို့
သောကဒုက္ခတို့သာ
ယက်ဖွဲ့ခဲ့လေပေါ့။

ကမ္ဘာထဲက သစ်သီးတွေ
မစားချင်တော့ဘူး
ကမ္ဘာထဲကရေကို
မသောက်ချင်တော့ဘူး
မှောင်မှန်းမသိ မှောင်မှောင်လာတယ်
မှောင်မှန်းသိတော့
ပိုပြီးမှောင်တယ်။

ကမ္ဘာထဲက
အချိုဆုံးသစ်သီးကို
သောက်ပါရစေ။

ကမ္ဘာထဲက
အမွှေးဆုံးပန်းကို
စားပါရစေ။

ကမ္ဘာထဲက
အသန့်စင်ဆုံးရေကို
ရှူပါရစေ။

အသာယာဆုံးရာသီဥတုဟာ
တို့တွေဖြစ်ဖို့ရှိတော့ရဲ့
လိုက်ခဲ့တော့ မြန်န္တာရယ်
အဆိုးဆုံးရာသီဥတုဟာ
တို့တွေဖြစ်ခဲ့ပြီလေ။

တရားမစောင့်တဲ့နတ်ကို
ကြိမ်တို့လေပေါ့ ငါ့ကဗျာ။

ဘဝဟာမြက်ရိုင်းထူ
လူတွေဟာ
စည်းစိမ်ခနကိုသာ
လုယူဖို့စဉ်းစားကြပြီး
ဒုက္ခသောကတွေကိုတော့
လုယူဖို့
နည်းနည်းမှ မကြိုးစားကြဘူး။

ငါ့သေခွက်မှာ
တက်တက်ပြောင်နေပြီ
ကမ္ဘာလောကကြီးကတော့
ဖိုးထောင်
ဂျိုးထောင်ရင်
ငြိမ်နေတော့တာပဲ။

ဘဝကိုသုတေသနလုပ်ပါ
မြောင်းကပုပ်တာ
မြောင်းထဲကျတဲ့
ရွှေပုပ်တာ မဟုတ်ဘူး
တို့တွေဟာ
ကဗျာဆရာပဲ
မြောင်းကပုပ်တာ။

နတ်ရေကန်ထဲခုန်ဆင်းမယ်တဲ့
ဘယ့်နှယ်ဒဖြနှစ် ဖြစ်နိုင်မှာလဲ
ကဗျာနို့စို့ခွေးလေးရယ်။

အနုပညာနဲ့လူသားသိက္ခာကို
အဆိပ်မခပ်ပါနဲ့
နေရောင်ခြည်ရှိရာအရပ်မှာ
နေပါရစေ
ကျွန်ုပ်သည်
သင့်ကို ပျော်ရွှင်ပါစေ
သင်ဟာ
အမတ်လောင်းပေလား
မျက်စိတစ်ဖက်စောင်းခဲ့ရဲ့။

ကမ္ဘာထဲမှာ ဆားခပ်တိုင်း ငန်မသွားတဲ့
အရာနှစ်ခုရှိလေရဲ့
ပင်ကိုယ်က ငန်နေတဲ့
ပင်လယ်ဖြစ်ပြီး
ပင်ကိုယ်က မပြောင်းတဲ့
အမှန်တရားတို့ဖြစ်ရဲ့။

စစ်လိုလားသူဟာ
အန်ကောဝပ်ဘုရားရှိခိုးကျောင်း
သိုးကျောင်းသားလေးနိုဗက်(စ်)
ဂျူးမလေး အက်စသာနဲ့
ပေါလ်တို့ ဖြစ်ကြတယ်။

ကမ္ဘာထဲမှာ
ငြိမ်းချမ်းရေးချစ်သူဟာ
ဟစ်တလာ
တင်နိုဟေကာနဲ့
မူဆိုလိုနီတို့ ဖြစ်ကြရဲ့။

ကမ္ဘာထဲမှာ
စာသင်ကျောင်းဟာ
ပျင်းဘွယ်ကောင်းရဲ့
ပန်းခြံဟာ
ချမ်းမြေ့ဘွယ်ကောင်းပြီး
ဘုရားရှိခိုးကျောင်းဟာ
တည်ငြိမ်လို့
အချိန်ဟာ
နာရီဒိုင်ခွက်ထဲ အကျဉ်းကျလို့

တို့တွေဟာ
ဒိုင်ယာရီထဲ နေထိုင်ကြတယ်။

လောကကြီးမှာ
လူဖြစ်ရတာလဲ
တကယ်တော့
စိတ်ညစ်ဖို့ကောင်းရဲ့
အိုနာသေဆစ်ဖြစ်ရတာလဲ
စိတ်ညစ်ဖို့ကောင်းရဲ့။

နစ်ဆင်ဖြစ်ရတာလဲ
စိတ်ညစ်ဖို့ကောင်းရဲ့။

မြန်မာပြည်မှာ
အပ်ချုပ်ဆိုင်လေးထောင်နိုင်ရင်
သင်ဟာ
လူရာဝင်ဆန့်မှာ အမှန်ပင်
ဝန်ကြီးချုပ်ရာထူးမှန်း
အောက်တန်းစာရေးလေးနဲ့သာ ကျေနပ်ရင်
ယန်းပေါလ်ဆတ် သီအိုရီကို
ဒုက္ခရှာလို့ သင် မမေးလိုပါနဲ့တော့
ဘယ်အရာမှစောင့်မနေ
ဖြစ်တာသွားခဲ့ပြီ။

ယနေ့
ကောင်းကင်မှာ တို့မြင်ရတဲ့
ကြယ်လေးတွေဟာ
မနေ့ကမြင်ရတဲ့ကြယ်လေးတွေ မဟုတ်ဘူးလေ။

ဒုက္ခတွေထဲ
စုန်းစုန်းမြုပ်ခဲ့လေပေါ့
အချစ်ကလေးရယ်
ပိုပြီးချစ်ကြစို့ရဲ့
တို့တတွေ။

ဘဝဟာ တို့လက်ထဲက မုန့်လေးပဲဖြစ်တယ်
တို့တွေဟာ
ဇာတ်လိုက်တွေဖြစ်ပြီး
ကမ္ဘာကြီးဟာ
ဖတ်ကောင်းတဲ့ဟာအုပ်တစ်အုပ်ဖြစ်ရဲ့
လရဲ့ဝိညာဉ်ဟာ
ငါ့ရင်ခုန်သံဖြစ်ရဲ့
ပျံသန်းတဲ့ငှက်ရဲ့
အာသာရမ္မက်အားခွန်ဟာ
ငါ့အိပ်မက်ဖြစ်ရဲ့။

မုန်တိုင်းဟာ
ငါ့ရဲ့ဈာန်ဖြစ်လို့မို့
ခေတ်ဟာ
ငါ့ကဗျာရဲ့ ဗီတာမင် ပရိုတိန်း ဖြစ်လေရဲ့
အချစ်ကလေးရယ်
မင်းမျက်ရည်တွေဟာ
ဂူစတီနာကို မသိခဲ့ဘူးနော်
၁၂ နှစ် ၂၁ မှာ
ဖိနပ်သစ်လေးတစ်ရံဝယ်ခဲ့တယ်။

မောင်ချောနွယ်
၁၉၇၅ မေ ၁၀



## အထက်တန်းကျတဲ့ရေ

အနုပညာ နွေဦးပေါက် ရာသီကို မညာချင်ဘူး။
လှိုင်းပုတ်ခတ်ခံ ကျောက်ဆောင်ကို မညာချင်ဘူး။
အဆုတ်ရဲ့ အလုပ်ကို မညာချင်ဘူး။
သစ်သီးတစ်လုံးသီးတိုင်း သင်တို့အတွက်ဖြစ်တယ်။
ပန်းတစ်ပွင့်ပွင့်တိုင်း သင်တို့အတွက် ဖြစ်တယ်။

အချစ်ရေ
ညစ်ညမ်းတဲ့ လမ်းမများနဲ့
ငါ့ရဲ့ ကျန်းမာရေးအတွက်
လက်ဖက်ရည်တစ်ခွက်သာ
သစ္စာရှိခဲ့ပါစေတော့
ဆဟာရကို
အာဟာရလို့ထင်တယ်။

(၁)
အဲသည်လိုနဲ့
မပျော်ရွှင်တဲ့ ကော်ဖီတစ်ခွက်အတွက်
လက်ဆောင်တွေ ပေးခဲ့ပြီ။

အဲသည်လိုနဲ့
အချစ်ရေး အဆင်မပြေတဲ့
အခန်းထဲက ကြေးမီးခြစ်ကြီးအတွက်လည်း
သစ်သီးအချို့တွေ ယူဆောင်ခဲ့ပြီ။

အဲသည်လိုနဲ့
ရှုးသွပ်နေတဲ့ နွေဦးလေအတွက်လည်း
အိပ်မက်လှလှတစ်စုံ
လုံခြုံစွာ ပေးပို့လိုက်ပြီ။

အဲသည်လိုနဲ့
ခရီးထွက်သွားတဲ့
စီးကရက်များနဲ့လည်း
စာအမြန် ဆက်သွယ်ခဲ့ပြီ။

အဲသည်လိုနဲ့
လေကခွေချသွားတဲ့
မသေချာမှုတွေအတွက်
သီချင်းလက်ဆောင်ပို့ခဲ့ပြီ။

အဲသည်လိုနဲ့
နှင်းမရှိတဲ့ ဆောင်းအတွက်လည်း
ကောင်းကင်တစ်ခုပေးခဲ့ပြီ။

အဲသည်လိုနဲ့
ဘဝအတွက်
ဇလဗေဒ အချက်အလက်တွေလည်းဆက်လက်စုဆောင်းခဲ့ပြီ။

မေမေရေ
မြစ်တွေကို ကျွန်တော်စီးခဲ့ပေါ့။

(၂)

အသက်အပိုင်းအခြားတွေလည်း
နက်ရှိုင်းသွားခဲ့ပြီ။

အပူအအေးလေမိုး
အခိုးအငွေ့အရွေ့
အတွေ့အကြုံ အမှုံအမွှား
ရှုးသွပ်စွာ ရူးဆွတ်ခဲ့ဖူး
နူးညွတ်စွာလည်း စွန့်လွှတ်ခဲ့ဖူးပြီ။

ရန်အထွေထွေကြောင့်
ဌာန်ကြွေခဲ့ပြီ
ရန်အပေါင်းကြောင့်
ဉာဏ်ပိုကောင်းခဲ့ပြီ။

ဘေးဥပါဒ်အထွေထွေကြောင့်
အသက်ဓာတ်လည်း
ပိုမိုလတ်ဆတ်ခဲ့ပြီ။

လူဆိုတာ လူဓာတ်လိုအပ်တာပဲ
အရှုံးအမြတ်
အမုန်းနဲ့ မေတ္တာဓာတ်
အဖိုဓာတ် အမဓာတ်
လူတွေမှာ
ပင်ကိုအရပင် လိုအပ်ခဲ့တာ မဟုတ်လား
ကျောကဒဏ်ရာကို
လောကတံထွာလို့ စွဲမှတ်
စာတစ်အုပ်လို
အသာထုတ်ဖတ်သွားရုံပါပဲလေ။

အဲသည်လိုနဲ့
ရေချိုးချင်တဲ့ မိုးဥတုအတွက်
ရုပ်ရှင်လက်မှတ် တစ်စောင်ပေးခဲ့ပြီ။

အဲသည်လိုနဲ့
ကော်ဖီမသောက်တတ်တဲ့
ကြောက်ရွံ့မှုများအတွက်လည်း
ဘရန်ဒီတစ်ခွက် ဝယ်ခဲ့ပြီ။

အဲသည်လိုနဲ့
ချစ်သူရဲ့အနမ်းတွေဖို့
လမ်းဖောက်ပေးခဲ့ပြီ။

အဲသည်လိုနဲ့
ဒဏ်ရာရခဲ့တဲ့
ကန္တာရနှစ်များလည်း
သစ္စာထားခဲ့ပြီ။
အဲသည်လိုနဲ့
အမှန်တရားကိုလည်း
ထမင်းစားဖိတ်ခဲ့ပြီ။

အဲသည်လိုနဲ့
နေကြာပွင့်တွေကိုလည်း
နေသာခွင့်ပေးလိုက်ပြီ။

အဲသည်လိုနဲ့
အဆိပ်နဲ့ မိတ်ဖွဲ့ခဲ့တဲ့
အိပ်မက်တွေကိုလည်း
ဘိလပ်ရည် တိုက်ခဲ့ပြီ။

အဲသည်လိုနဲ့
လူ့နယ်ပယ်ရဲ့
အနည်အနှစ်များအတွက်လည်း
အထည်အသစ်အဆန်းတွေ
လက်ကမ်းခဲ့ပြီ။

အဲသည်လိုနဲ့
လွတ်လပ်ရေးကဗျာအတွက်
မြေကွက်တစ်ကွက် ထွန်ယက်ခဲ့ပြီ။

ရန်သူမဲ့ ဘဝမှာလည်း
ငါ ကျွန်တော် မပျော်တတ်တော့ပါ၊
ချစ်သူမဲ့ ဘဝမှာလည်း
ငါ ကျွန်တော် မနေတတ်တော့ပါ၊
ပိုလျှံသောရေ
ပရိုတိန်းအစအနအလေအလွင့်
စံလွန်ဖိအားအဆင့်ဆင့်ဖြင့်
ငါ့အသက်ရှုပွင့်များ
ကောင်းမွန် ခိုင်မာစွာပင်
ရင်မောခဲ့ပြီ။

အဲသည်လိုနဲ့
လူ့ဘဝကို ယုဇနပင်လေးမှာ အသာချိတ်
ဒူးယားတစ်လိပ်နဲ့လည်း
အိပ်ပျော်တတ်ခဲ့ပြီ။

အဲသည်လိုနဲ့
ဘဝရဲ့ဝန်ဆောင်အား
လောကကြီးကို
ဉယျာဉ်အသွင် တင်ဆောင်သွားနိုင်ခဲ့ပြီ။

အဲသည်လိုနဲ့
အလိုမပြည့်မှု
ငါ အလိုရှိခဲ့ပြီ။
အဲသည်လိုနဲ့
နာကျင်မှုတွေလည်း အရသာဖြစ်ခဲ့ပေါ့။

အချစ်ရေ
ကန်ရေကို ငုံ့ကိုင်းနေတဲ့
ကံ့ကော်ကိုင်းတစ်ကိုင်းလို နေတတ်ခဲ့ပြီ။
အဲသည်လိုနဲ့
ချိုပေါ့ကျ လက်ဖက်ရည်တစ်ခွက်လို
အသက်ရှင်တတ်ခဲ့ပြီ။

အဲသည်လိုနဲ့
ဘဝရဲ့ဒဏ်ခံအား
ဂုဏ်သတ္တိ များ မြင့်မားခဲ့ပြီ။

အဲသည်လိုနဲ့
စံပယ်တစ်ပွင့်လို
တကယ်ပွင့်မယ်ဆိုရင်
တင့်တယ်စွာ ပွင့်နိုင်ခဲ့ပြီ။

အဲသည်လိုနဲ့
အရသာချဉ်စူးစူး
ဆူးဖက်သော်လည်း ခူးရက်စရာမမြင်တဲ့
ဆူးပင်တစ်ပင်လို
ယဉ်ကျေးစွာ ငါနေတတ်ခဲ့ပြီ။

အို ...
ငါအိပ်ခဲ့သော အိပ်မက်တို့
ငါရိပ်ခဲ့သော အရိပ်တို့
ငါမျှားခဲ့သော ငါးကို ငါစားခဲ့ရချေပြီ။

အဲသည်လိုနဲ့
ကြံ့သမျှ ဖုန်မထတော့ပါ
ဘဝကို အရသာ တစိမ့်စိမ့်ခံ
ပင်လယ်စင်ရော်တွေလို
ပျော်ရွှင်စွာ ပျံဝဲနိုင်ခဲ့ပြီ။

အဲသည်လိုနဲ့
အသက်သုံးဆယ်တစ်ဆိုတဲ့ ခွက်တစ်ခုမှာ
လူ့နယ်ပယ်ရဲ့ ထုထည်တွေ
ကယ်လိုရီတွေ ဖြစ်ခဲ့ပြီ။

ရေထု မြေထု လေထုနှင့် သေမှုတွေကြား
မယားနဲ့တရား ဆားခပ်လို့စားတော့မယ်
နေမှုက
ပါးလုပ်ထူထပ် လုပလုချည်ရဲ့
ငါ တပ်သက်ခဲ့ချေပြီ။

အချစ်ရေ
လူတွေက
တူတံဆိပ် ထောပတ်ကိုလည်း
ကိုးကွယ်ကြတယ်။

ဘဝလမ်းခရီးဟာ
ဝမ်းမီးနဲ့ ပြီးရမှာလား
ငှက်ဆိတ်တဲ့ သစ်စည်းတစ်စည်းမှာတောင်
အခိပ္ပာယ်တွေ သိပ်သည်းခဲ့ပါတယ်။

အဲသည်လိုနဲ့
နေညိုချိန် ဘား ကလေးမှာ
ဘဝကို ခပ်ပါးပါးလှီးရင်း
ကမ္ဘာလောကကြီးကိုလည်း
အရက်နဲ့ မြည်းတတ်ခဲ့ပြီ။

အဲသည်လိုနဲ့
အချိုရှာ တမာတွေ့သော်လည်း
ဂျိုကာ မပါဘဲ ဒေါင်းတတ်ခဲ့ပြီ။

အဲသည်လိုနဲ့
အငိုအရယ် ဇာတ်တွေကြား
ချိုချဉ်ငန်စပ်
အရသာဓာတ်တွေကြား
ဘဝကို အမြတ်တနိုး ထမ်းပိုးခဲ့ပြီ။

အဲသည်လိုနဲ့
အဲလဗတ်ကမူးနဲ့ ခြူး ဆေးလိပ်ကိုဖွာရင်း
ဆိုးရွားတဲ့ ရာသီဥတုကိုလည်း
ကဗျာနဲ့ ပြုပြင်တတ်ခဲ့ပြီ။

အဲသည်လိုနဲ့
အထူးထူး အပြားပြားသော ဆူးကြားမှ
လူလားမြောက်ရန် သိခဲ့ပြီ။

အဲသည်လိုနဲ့
နေ့များရဲ့ အစိုအခြောက်
ရွှေသားနဲ့ နွေပိတောက်ကို
အပျိုပေါက်လို ငြိခဲ့ပြီ။

အဲသည်လိုနဲ့
ဟောသည် အိုဇုန်းဓာတ်အလွှာထဲမှာ
မင်းသမီး ချိုပြုံးကလည်း
ဟိုတုန်းကလိုပါပဲ
အနုပညာ စံပယ်အပြုံးတွေနဲ့
ဟောသည်
အာကာလွင်ပြင် မိုးအခုံးကြီးကိုလေ
ရစ်ဖွဲ့နှောင်ထုံးဆဲပါလား
သွေးကြောထဲကို တိုက်ရိုက် ရောက်ခဲ့ပြီ။

သူငယ်ချင်းရေ
မောင်ချောနွယ်ရေ
ကမ္ဘာကြီးရေ
လက်ဖက်ရည်တစ်ခွက်မျှပင်
တည်ခင်းဧည့်မခံနိုင်သော
အမုန်တရားထံ လာလည်ပါ။

မောင်ချောနွယ်
၁၉၉၈ မတ်လ ၁၃
(နွေဦးမဂ္ဂဇင်း အမှတ် - ၁၊ ၁၉၉၈ ဇွန်)

## မြေကြီးပေါ်မှာ

အာရုံအလျင်ထဲ
စွဲလန်းမှုသီအိုရီတွေ ရောက်ရောက်လာ
သစ်သစ်သွားကြ၊
တစ်ယောက်တစ်မျိုးစီ မှားခဲ့ကြတယ်တဲ့
သံသရာကို ချစ်တယ်တဲ့
ရွှေသားသံယောဇဉ်လေးကို မြတ်နိုးတယ်တဲ့
အချိန်တန်ရင်တော့
ကိုယ့်ဇာတိဆီ ပြန်ကြရတာပဲတဲ့၊

အေး ...
ငါ့ဇာတိဟာ အလွမ်းဖြစ်တယ်။

ပြဇာတ်ဆန်ဆန် အရောင်အရိပ်တွေ
ငါအလွန်မုန်း
မြူးမိတဲ့ငါး အသက်ရှင်စဉ်မှာ
ဘာတွေ တွေးခေါ်နေမိမလဲ
ငါသိချင်မိ
ငါကိုယ်တိုင် မြူးမှာ မိမှာပဲ၊
လွတ်လမ်းကိုသာ လိုချင်ခဲ့မိ၊
အရင်လို ဘဝဆိုးထဲကိုပဲ
လွတ်ချင်ရဲ့၊
ဒါ ဘဝရဲ့ အဘိဓမ္မာပဲ
သေချာရဲ့၊
အိပ်မက်ဆန်ဆန်တွေ လာရောင်းဝယ်မနေနဲ့
စက္ကူလေယာဉ်ပျံလေးကို လက်ထဲက လွှတ်ချလိုက်ပြီ။

မောင်ချောနွယ်

## လက်တစ်ဘက်တည်း ပညာရှိနေတဲ့ ညနေခင်း

အဲသလိုနဲ့ ညနေခင်းဟာ
မြို့ကြီးကို ဟမ်ဘာဂါမုန့်လို
တစ်ဝတစ်ပြဲ မှာစား။

အဲသလိုနဲ့ ညနေခင်းဟာ
မြို့ကြီးကို မီနီမတ်ကက်တွေမှာ
စိတ်တိုင်းကျ ဝယ်ခြမ်း။

အဲသလိုနဲ့ ညနေခင်းဟာ
မြို့ကြီးကို ဟိုတယ်ခေါ်သွား
ပြီးတော့
မြို့ကြီးကို ဝိုင်တွေဘာတွေတိုက်
ပြီးတော့
မြို့ကြီးကို ဘဲကင်တစ်ခြမ်းအဖြစ် မှာစား
ပြီးတော့
မြို့ကြီးကို မာဘိုရိုစီးကရက်လို
မာန်ပါပါခဲ။

အဲသလိုနဲ့ ညနေခင်းဟာ
နောက်ဖေးလမ်းကြားနဲ့တူတဲ့
သူ့အိမ်ရာဆီပြန်ဖို့
သူ့အန်ဖတ်ပုံကြီးကို
ကျွတ်ကျွတ်အိတ်ထဲထည့်ပြီး
မြို့ကြီးကို အငှားကားအဖြစ် ငှားစီးသွားပြီပေါ့။ ။

မောင်ချောနွယ်



**စစ်အတွင်းက ကွဲသွားတဲ့**
**သူငယ်ချင်း ညီအစ်ကိုတစ်တွေ ပြန်တွေ့တဲ့နေ့**

မောင်ချောနွယ်ဟု ခေါ်သည်
သူ ကျုံးထဲက တက်လာသည်
သူ့မှာ အနုပညာအကျီ ပါပါသည်။

မောင်ချောနွယ်ဟု ခေါ် သည်
သူ သံမဏိလမ်းက လာပါသည်
သူ့မှာ အနုပညာအကျီ ပါပါသည်။

ဤကမ္ဘာမြေ၌ ကျွန်ုပ် ထွန်ယက်သမျှသည်
အသက်ဓာတ်သားဖြစ်ပါ၏။ ကဗျာဖြင့်စပ်ယှက်ခဲ့သော
ကျွန်ုပ်၏ နေ့ပေါင်းများစွာ ညပေါင်းများစွာအား
ကဗျာဖြင့် သူကောင်းပြုပါ၏။

အယူမှန်သူအတွက် အယူခံမလို
ကမ္ဘာမြေကြီးအတွက် ညတိုင်းသီချင်းဆိုခဲ့တယ်။

(၁)
'ကဲ ခုကစပြီး တစ္ဆေးကဖီးကို ဖွင့်မယ်'
ရဲဘော်သူငယ်ချင်းတို့
'ငါတို့ဟာ စစ်အတွင်းက ကွဲသွားတဲ့
သူငယ်ချင်း ညီအကိုတစ်တွေ ဖြစ်ကြရဲ့'
ငါတို့တွေ ရဲရင့်ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့ကြရဲ့
ရှိစေတော့
သူရဲကောင်းမှတ်တမ်းမဝင်ဘူး
ရှိစေတော့
ငါတို့ဟာ သူရသတ္တိရှိလို့ ကဗျာဆရာဖြစ်ခဲ့ကြတယ်
ကဗျာဆရာဆိုတာ
အဂတိမလိုက်စားကြဘူး
ဟော ကြည့်ပါလား
ကဗျာဆရာ အနန္တသူရိယ အမတ်ဟာ
ကဗျာတပုဒ်နဲ့ ကြိုးစင်တက်ခဲ့တာ
မလှဘူးလား
လွတ်လှ။

သေခြင်းတရားဆိုတာ
စောစောက လပ်ကီး လူစီယာနိုရယ်
ဘီယာဘူးတွေနဲ့ ပစ်ပေါက်လိုက်တော့
ဖန်တွေ မှန်တွေ ကွဲကျသွားကြတယ်မဟုတ်လား
လွတ်လှတယ်။

သေခြင်းတရားဆိုတာ
ရဲဘော်တို့ ရဲရဲမှတ်ထားကြ
စားပွဲပေါ်က ဖန်ခွက်တစ်လုံး
သမံတလင်းပေါ် ကျကွဲသလောက်ပဲ ရှိတယ်
လွတ်လှ။

ငါတို့ရဲ့ ကဗျာဆရာ မောင်ချောနွယ် ပြောတာကတော့
သေခြင်းတရားဆိုတာ
လေယာဉ်ပျံတစ်စင်းကနေ
လေယာဉ်ပျံတစ်စင်း ပြောင်းစီးသလောက်ပါကွာတဲ့
လွတ်လှ။

ကဲ .. နောက်ဘဝမှာ နောက်ဘဝကူးရင်
နောက်ဘဝရောက်ရင်လည်း
ကဗျာဆရာဖြစ်ဦးမှာ သေချာတဲ့
ငါတို့ရဲ့ သစ္စာတိုင် တရားရှိတယ်
ငါတို့ဟာ
လူတစ်သိန်း တစ်သန်းမှာမှ
ကဗျာဆရာတစ်ယောက်ဖြစ်တယ်ဆိုတဲ့
၂၁ ရာစုသစ် သီအိုရီရှိတယ်
ဟုတ်တယ် .. ဟုတ် ..
ဟုတ် ၁၀ ကြိမ် အော်ဟစ်ကြရဲ့
ကဲ .. ခု အခမ်းအနားသစ်တစ်ခု မကျင်းပခင်
ငါတို့ရဲ့ သူရဲကောင်းတွေကို
အရင်ဆုံး အလေးပြုကြရအောင်
ကဲ အားလုံးငြိမ်သက်ပါ
၁၅ မိနစ် ငြိမ်သက်ပေးပါ။

(၂)
(၁၅ မိနစ်ဆိုတာ ငါတို့ရဲ့ နောက် ၁၅ ဘဝကို ဆိုလိုတယ်)
နောက် ၁၅ ဘဝ ကဗျာဆရာပေါ့။

ဟုတ်တယ် နောက် ၁၅ ဘဝထိ
ငါတို့ဟာ ကဗျာဆရာပဲဖြစ်ရမယ်
ပထမဆုံး ငါတို့ရဲ့ ကဗျာဆရာ ဖော်ဝေး
သူ့ကိုအလေးပြုကြ
၁၅ မိနစ်ငြိမ်
ဒုတိယ မြေချစ်သူကို
သူ့ကိုအလေးပြုကြ
တတိယ စစ်တွေနောင်လတ်
၁၅ မိနစ်ငြိမ်
စတုတ္ထ .. မောင်စိမ်းခေါင်
ကဲ .. ရိုးပြတ်တောအောင်ခက် ၁၅ မိနစ်ငြိမ်
ကဲ .. အားလုံး သက်သာနိုင်ပါပြီ။

ကြိုက်သလိုနေနိုင်ပါတယ်
ကြိုက်သလိုပေါ့။

ရှေးဦးစွာ 'ရောဘင်ဟု' က သူရဲမျက်နှာဖုံးကို စွပ်လိုက်တယ်
အားလုံးမျက်နှာဖုံးတွေ စွပ်လိုက်ကြရဲ့
အားလုံး တစ္ဆေတွေ၊ သူရဲတွေ၊ ဘီလူးတွေ၊ ဖုတ် ပြိတ္တာတွေ
မှင်စာတွေ ဖြစ်သွားကြရဲ့။

ဟောခန်းကြီးတစ်ခန်းလုံး မီးခိုးတွေ လှိုင်အူလာရဲ့
အားလုံး စီးကရက်တွေသောက်ကြ
ဘီယာတွေ၊ ဝိုင်တွေ၊ ဝီစကီတွေ သောက်ကြနဲ့
စကားတွေ တဖြောင်းဖြောင်းထအောင် ပြောကြတော့ရဲ့

အားလုံး မီးတွေ မှိတ်လိုက်ကြ
အားလုံး ကကြမယ်
အားလုံး အားလုံး
စိတ်လွတ်လပ် ကိုယ်လွတ်လပ်
ထောင့်မီး မီးလေးတွေလင်းလာ
အစိမ်း အနီ အပြာ အဝါ
ဟေ့ .. အသံတစ်သံ ပေါ်လာ
လူ့ဘဝဆိုတာ လေထဲက ဖယောင်းတိုင်မီးလေးပါ
အားလုံး [illegible] [illegible]ပဲ
ဒါပဲ .. ဒါပဲ .. ဒါပဲ
အားလုံး ဖယောင်းတိုင်မီးတွေ ထွန်းညှိကြ
သီချင်းဆိုကြမယ် (သံပြိုင်)။

(၃)
စစ်အတွင်းက ကွဲသွားတဲ့
သူငယ်ချင်း ညီအစ်ကိုတစ်တွေ ပြန်တွေ့တဲ့နေ့
ဟေ့ .. စစ်သီချင်းတွေဆိုကြ
ချီတက်ကြမယ် .. ကမ္ဘာသစ်ဆီ
ဟော ..
သစ်ကုလားအုတ်ဟီသံတွေ မြင်းဟီသံတွေ
မော်တော်ကားသံတွေ ရဟတ်ယာဉ်သံတွေ ..
ကဗျာဆရာတွေ လာကြပြီဟေ့
အသံတွေကြားနေရပြီ
ခြသေ့်ဟောက်သံတွေ ကျားဟိန်းသံတွေ ဆင်နှာမှုတ်သံတွေ
ကလဲနက်မှုတ်သံတွေ ဝေဆာလို့
ငါတို့ ကဗျာဆရာတွေ လာကုန်ကြပြီဟေ့
ကြိုဆိုလိုက်ကြရအောင်

ဟော .. ကြည်ဝင်းတော၊ မိုဃ်းဇော်၊ ငွေယံဦး
မိုးဝေ၊ ကိုရွေး၊ ဝင်းမြင့်၊ ခက်ထန်ပိုင်းစိုး၊ ဇော်ဝင်းတင့်၊ ကမ္ဘာပု
စတီးလ် အစရှိသော
လူငယ်ကဗျာဆရာတွေ တပြုံတမကြီးဟာ
ဟောခန်းတွင်း ဝင်ရောက်လာကြ
တွေ့ဆုံကြသည်နှင့် တစ်ပြိုင်နက်
ဟေး .. ဟေး .. ဟေး .. အသံတွေ
ဆူညံစွာ တစ်ပြိုင်တည်း ထွက်လာကြရဲ့
အုတ်အော်သောင်းတင်းပါပဲ
ကဖြုန်းကရုန်းပါပဲ
ဟော .. အော်ကြပြန်ပြီ
ဟေ့ မက်ဆိုပိုတေးနီးယားကလာတာ
ဟေ့ ငါလည်း မက်ဆိုကပဲ
ဟိုမှာ မင်းနဲ့ ငါနဲ့ မတွေ့ခဲ့တာတစ်ခုပဲ
ဟေ့ ငါလည်း မက်ဆိုပိုတေးနီးယားစစ်မြေပြင်မှာ
ကျခဲ့တာပဲကွ
အဲဒီမှာ လူဖြစ်ခဲ့တာပဲ
ခုသေပြီး ခု လူဝင်စားပြန်ဖြစ်တာ
တန်ပါတယ်
အရာရာဖြစ်ပျက်နေတာ တန်ပါတယ်ကွာ
ဟေ့ ငါက ဟိုနိုလူလူက လာတာ
ငါနဲ့ အတူတူပေါ့ကွာ
ဟေ့ ငါလည်းပါတယ်ကွ
ဟေး .. ဟေး .. ဟေးဟေး
တွေ့ကုန်ကြပြီကွာ။

(၄)
ဟေ့ ငါက အီတလီကလာတာ
အီတလီစပျစ်ခြံကလာတာ
စပျစ်ဝိုင်တွေပါတယ်
ရဲဘော်တွေအားလုံးအတွက်ပဲ
တို့တွေအားလုံးက စစ်အတွင်းက ကွဲသွားတဲ့
သူငယ်ချင်း ညီအစ်ကိုတစ်တွေ
တစ်ယောက်နဲ့ တစ်ယောက် ပစ်ချလို့မရဘူး
ပြောပြရင်တော့လည်း လွမ်းစရာကြီးကွာ
ဟား .. ဟား .. ဟား ဟား
ကဲ ခုတွေ့ပြီပဲ
ဘာလုပ်ကြမလဲ
ငါသိတာကတော့
လောကကြီးမှာ အရက်ကလွဲပြီး
ဘာမှ ပျော်စရာကောင်းတာ မရှိဘူး
ဟေ့ သောက်ပစ်ကြ သောက်ပစ်ကြ
ဟေ့ကောင်တွေ ငါက ဟော်လန်က လာတာ
ငါ့မှာ နို့ဆီတွေပါတယ် သောက်ကြ
ငါတို့တွေ နို့ငတ်ခဲ့ကြတယ် မဟုတ်လား
ဖောက်သာ သောက်ကြ
ရောက်ချင်ရာ ရောက်ကြပစေ
တို့တွေ နေပူခဲ့တယ်
ဒါကြောင့်ပဲ တို့တွေနေမပူဘူးပေါ့
ဟေ့ ငါက ဒါဂျီလင်က လာတာ။
ဟေ့ ငါက ပန်ဂျပ်က လာတာ။

(၅)
ဘာလဲ ဘဝဆိုတာ ဘာလဲ
စူးစမ်းနေစရာမလိုဘူး
ငါဟာ စပျစ်ခြံအလုပ်သမားလေး
ဒါ ဝမ်းနည်းစရာလား
ငါ .. ချစ်သူနဲ့တွေ့ချင်တဲ့အခါ
ငါတွေ့ရတယ်
ငါပျော်ချင်ရင် ပျော်ရတယ်
ငါက နေပျော် သေပျော်သမားပဲ
စစ်အတွင်းက သူငယ်ချင်းတွေ
ပေါင်မုန့်ကလေး တစ်ယောက်တစ်ဝက်
ရေဘူးလေး တစ်ယောက်တစ်ဝက်
ဆေးလိပ်လေး တစ်ယောက်တစ်ဝက်
သေမင်းကျည်ဆံတွေ တဖျောက်ဖျောက်အောက်မှာ
တို့တွေ လျှောက်ခဲ့တာ
ဘာဖြစ်လာလဲ
ဘာမှမထူးဆန်းဘူး
နေကြ သေကြပါပဲကွာ
တို့တွေ .. ပြန်မဆုံဖြစ်ကြဘူးထင်တာ
ခု ပြန်ဆုံကြတယ်
ဒါကောင်းတယ်
ဒါ အကောင်းဆုံးဆုလာဘ်ပဲ
ဒါကောင်းတယ်
အေး .. ကောင်းတယ်

ဒါပေမယ့် ငါတို့လည်းပြောပါရစေဦး
ငါက ကွင်းစလန်မှာ နွားခြံပိုင်ရှင်
ငါ ဩစတြေးလျ ကမ်းခြေတစ်နေရာမှာ ကျခဲ့တာ
အဲဒီမှာ လူသွားဖြစ်
နွားတွေမွေး
နို့စားနွားတွေပေါ့
ငါ့မှာ
နွားနို့တွေ ပါတယ်
အားလုံးသောက်ပစ်ကြ
ဒါဟာ နတ်ဆိုးရဲ့ ဝိုင်ပဲ
နွားနို့ဟာ နတ်ဆိုးရဲ့ဝိုင်ပဲ
နတ်ဆိုးရဲ့ ဝိုင်တွေကို ငါတို့ပဲ သောက်ကြရဲ့။

(၆)
သောက်နိုင်ကြတာ
ကဗျာဆရာဆိုတာ
နတ်ဆိုးဝိုင်တွေ သောက်တဲ့သူတွေ
အထက်တန်းစားတွေ
ဒုက္ခနဲ့ ဒဏ်ရာတွေဟာ
ငါတို့ရဲ့ ရှမ်ပျော်ခင်းတွေပဲကွ
ငါတို့တွေ အလှကြည့်နေကျတွေပဲ
ဟုတ်တယ် .. ဟုတ်တယ်
ဟုတ်တယ် .. ဟုတ်တယ်
ဟုတ်တယ် .. ဟုတ်တယ်
အားလုံး ဝိုင်းအော်ကြ
အားလုံးပျော်သွားကြပြီ

ဘာနဲ့တူသလဲဆိုတာ
ဥပမာကလည်း ခပ်ရှားရှားပါပဲ
ဂရင်း ဖာလူဒါဆိုင်က ရေခဲတုံးကြီးလို
ပျော်လို့ ပြုံလို့
အော်လို့ ဟစ်လို့
ခန်းလုံးပြည့် အော်သံတွေ
ပျော်စရာကြီး
(စစ်အတွင်းကကွဲသွားတဲ့ သူငယ်ချင်းညီအစ်ကိုတွေ
ချစ်ခြင်းနဲ့ အမြဲပဲ ညီညာကြစေ)
တေးသံဖောက်ပြီး ထွက်လာ
ဝိုင်ဖောက်သလို တေးသံဖောက်ပြီးထွက်လာ
အားလုံး သီဆိုကြ
ဘာနဲ့တူသလဲဆိုတော့
တီကောင်တွေ အထွေးလိုက်ကြီး ရှုပ်ထွေးသလိုမျိုး
ရှုပ်ထွေးပျော်ရွှင်ကြ
တေးသံ ခဏရပ်အသွား
ဟော့ .. ငါတို့က နော်မန်ဒီမှာ ကျခဲ့တာကွ
မင်းတို့နဲ့ကွဲကွာပြီး နော်မန်ဒီမှာ
ငါတို့ သွေးအလူးလူးနဲ့ ကျကျန်ရစ်ခဲ့တာ။

(၇)
ဝမ်းမနည်းဘူး
မျက်ရည်မကျဘူး
ဘယ်အရာမှ အလကားမရဘူး
ဒဏ်ရာတွေလည်း အလကားမရဘူး
ဒုက္ခတွေလည်း အလကားမရဘူး
ဘယ်အရာမှ အလကားမရဘူး
ဘယ်အရာမှ အလကားမရဘူး

ဒါ ငါ့ သီအိုရီပဲ
မသစ်လား ..
သစ်ရုံတင်မကဘူး လှနေတယ်။
ဟော့ ငါက ပုလဲဆိပ်ကမ်းမှာ ကျခဲ့တာ
ကြည့်ပါလား၊ ငါ့သွားတွေ ခေါနေတာ
ငါ ဂျပန်ကျွန်းစုတစ်စုမှာ လူဖြစ်ပြီး
ဟိုက်ကု ကဗျာတွေဘာတွေ ရေးနေတာ
ခုမှ သူငယ်ချင်း ညီအစ်ကိုတွေနဲ့
တွေ့ရအောင် ရောက်လာတာ
စစ်အတွင်းက သူငယ်ချင်း ညီအစ်ကိုတစ်တွေ
ချစ်ခြင်းနဲ့ ညီညာစေ ..
ချစ်ခြင်းနဲ့ ညီညာစေ ..
သူ့အသံတိတ်သွား၊ သူ့သွေး သူချိန်ကြည့်နေ
နောက်ထပ် အသံပေါ်လာပြန်
အသံသြကြီးနဲ့
ဟော့ ငါက စစ်တောင်းမြစ်ဝှမ်းမှာ ကျခဲ့တာကွ
ခု သခွားသီးတွေပါတယ်
စားပစ်ကြ .. ငါက သခွားခင်းပိုင်ရှင်
ဟော့ .. ငါကရိုးမ ရိုးစမ်မှာ ကျခဲ့တာ
မြို့မဟုတ်ဘူး
ဟော့ကောင် ခက်ထန်
မင်း မမှတ်မိဘူးလား
ရန်သူ့ ကျည်ဆံ တဖွားဖွားကြားမှာ
ငါတို့တစ်တွေ ရှေ့တက်ခဲ့ကြတာလေ။

(၈ )

ဟော့ ငါက ဟန်ဂေရီ စစ်မျက်နှာက
ဗုံးနင်းမိတာ တစ်စစီပဲ ကိုယ့်လူရေ
အဲဒီကနေ လူပြန်ဖြစ်ပြီး
ပါရီ တောရပ်ပိုင်းလေးမှာ နေခဲ့ရတာပေါ့
အရက်ဘားက စားပွဲထိုးလေးပေါ့
အဲဒီကနေမှ ဒီရောက်ခဲ့ရတာ
တစ်ယောက်က ထအော်တယ်
အားလုံး ခဏငြိမ်ပေးကြပါ
ကဗျာဆရာတွေလာနေကြပြီ
သစ်ကုလားအုပ်သံတွေ ကြားရတယ်
မြင်းဟီသံတွေကြားရတယ်
ကျားသစ်သံတွေ ..
ခြသေ့်ဟောက်သံတွေ ကြားနေရတယ်
ဟော .. တောခွေးအူသံတွေ ကြားရတယ်
ပင်လယ်လှိုင်းရိုက်သံတွေ ကြားရတယ်
ခြသေ့်ဟောက်သံကတော့
ဒါ နေသွေးဦး ခေါ် အာရပ်ဖက်တီးပဲ ဖြစ်မှာ
ဒီကောင်ကြီး ခြသေ့်နဲ့ တထေရာတည်းတူအောင်
ဟောက်တတ်တယ်
ဟော .. လှေလှော်သံတွေ ကြားရပြန်ပြီ
ဒါ ကဒုံတင်စိုးပဲ ဖြစ်မှာ
ဟော မြွေတွန်သံတွေ ကြားရပြန်ပြီ
ဒါ မြွေကြီး ခေါ် ဇော်ဝင်းတင့်ပဲ ဖြစ်မှာ
မလွဲပါဘူး။

(၉)
ဟော တကယ်ဝင်လာတော့လည်း
သင်းအုပ်ဆရာ အဝတ်အစားကြီးဝတ်လို့
'ယူကော' ဆိုတဲ့ ကောင်ကြီးရယ်
အာဖရိကဖုံကို ထုနက်ကာ
ဆန်လည်းမဟုတ် ပြောင်းလည်းမဟုတ်
ဆန်ပြောင်းရယ်
ဟာကြူရိုင်ပျော့ ခေါ် ကြည်ဝင်းမြို့ရယ်
ငါးသလောက် နှစ်ကောင် ပူးချည်ထားတဲ့အပြုံးနဲ့
အခန်းကျယ်ကြီးထဲ အားလုံးလည်းရောက်ရော
ဆန်ပြောင်းရဲ့ အာဖရိကဖုံသံ ကြားရတော့တာပဲ
တခန်းလုံး
အာဖရိကဖုံသံတွေ လွှမ်းမိုးသွား
သူငယ်ချင်းညီအစ်ကိုတစ်တွေ
ရိုးဟေး ညာသံတွေ
ဖုံသံအလိုက် လိုက်ကကြ
အခန်းကြီး ဝက်ဝက်ကွဲမျှ
အတော်ကလို့မောတော့
အားလုံးပိုင်သီချင်းလေးကို
တစ်ယောက်မကျန်သီဆိုကြ
'စစ်အတွင်းက ကွဲသွားတဲ့
သူငယ်ချင်းညီအစ်ကိုတစ်တွေ
ချစ်ခြင်းနဲ့ ညီညာကြစေ၊
စစ်အတွင်းက ကွဲသွားတဲ့
သူငယ်ချင်းညီအစ်ကိုတစ်တွေ
ချစ်ခြင်းနဲ့ ညီညာကြစေ'။

(၁၀)
ထိုသီချင်းကို လေးကြိမ်သံပြိုင်သီဆိုပြီး
ဟော့ ဟော့ သူငယ်ချင်းညီအစ်ကိုတစ်တွေ
ကြည်ဝင်းမြို့ တို့မှာ ဝက်ပေါင် နှစ်ပေါင်ပါတယ်
ဘာဘီကျူးမီးဖို ဖိုကြရအောင်
ပြီးရင်
ဝက်ပေါင် ကင်ကြရအောင်
ပြီးရင်
ဒီမှာ ဝိုင်တွေ အများကြီးရှိတယ်
ဝက်ပေါင်နဲ့ ဝိုင်နဲ့ သောက်ကြတာပေါ့
ဟေး .. တဲ့
အသံကြီး တစ်စုတစ်ခဲတည်းထွက်
ဘာဘီကျူးမီးဖို ဖိုလိုက်ကြတယ်
မီးပုံကြီးဘေးမှာ
ကြည်ဝင်းမြို့က
သူက ပဲခူးရိုးမမှာ ကျခဲ့တာတဲ့
ယူကောကြီးက
သူလည်း ပဲခူးရိုးမမှာပဲတဲ့
မြွေကြီး ခေါ် ဇော်ဝင်းတင့်က စစ်တောင်းမြစ်ဝှမ်းမှာ
သင်ကြီး ခေါ် စာသင်ကြီးကတော့
အင်ဖာတိုက်ပွဲမှာ
အဲဒီမှာ လူဖြစ်တာ
ဒါဂျီလင်က လက်ဖက်ခင်းထဲမှာ နေနေပြီးမှ
ခုမှ ဒီကိုရောက်လာရတာတဲ့
ပြီးတော့ သူကပြောသေးတယ်
ကမ္ဘာကြီးဟာ ပြားတယ်တဲ့
ဟော .. ဖော်ဝေးရယ်
ဝတ်ရုံအနီကြီးဝတ်ပြီး ဖော်ဝေးဝင်လာ
အားလုံး ၁၅ မိနစ် ငြိမ်သက်စွာ အလေးပြုကြ။

(၁၁)
ငါတို့ သူငယ်ချင်းတွေ ပြန်ဆုံဖို့ဆိုတာ
ဘဝအသီးသီး တိုင်းပြည်အသီးသီးက လာကြရတာ
ဒါအတွက် ငါတို့တွေ စိတ်မပျက်ခဲ့ကြဘူး
ငါတို့မှာ
နတ်တွေတောင် မမြင်နိုင်တဲ့
ခွန်အားတွေအပြည့်ရှိတယ်
ကဗျာဆရာဟာ
တောင်ဝန်ရိုးစွန်းလည်း ဖြစ်တယ်
ကဗျာဆရာဟာ
ဥတ္တရယာဥ်စွန်းလည်း ဖြစ်တယ်
ကဗျာဆရာဟာ
ဇဝရက်တောင်လည်း ဖြစ်တယ်
ကဗျာဆရာဟာ
မြေဝပ်ငှက်ကလေးလိုလည်း နေတတ်တယ်
ကဗျာဆရာဟာ
သတ္တုတွင်း တူးသူလည်း ဖြစ်တယ်
ကဗျာဆရာဟာ
ကြယ်ကလေးတွေလိုလည်း မှိတ်တုတ်မှိတ်တုတ် နေတတ်တယ်
ကဗျာဆရာဟာ
စစ်မှုန်းသူလည်း ဖြစ်တယ်
ဝေဟင်မှာ စာမရီငှက်ဖြစ်ပြီး
မြေပြင်မှာ ကေသရာဇာလည်း ဖြစ်တယ်
ရေပြင်မှာ နဂါးဖြစ်တယ်
ကဗျာဆရာဟာ
ရေတွက်မရတဲ့ နာမ်တွေဖြစ်တယ်
မမြင်နိုင်တဲ့ စွမ်းအင်ရှိသူတွေဖြစ်တယ်
လက်ခုတ်သံတွေ တစ်ခန်းလုံး
အုန်းအုန်းကျွက်ကျွက်ဆူညံသွား။

(၁၂)
ဝက်ပေါင်နဲ့ ဝိုင်တွေ အားလုံးသောက်
ဆိုချင်တဲ့သီချင်းတွေ အသံနက်ကြီးတွေနဲ့ ဆိုကြ
ကြိုးတန်းဆွဲပြီး ဟိုဘက်သည်ဘက် ခိုစီးကြ
ကင်းမီးကောက်ထောင်ပြီး လမ်းလျှောက်သူ လျှောက်ကြ
ကျွမ်းထိုးသူတွေကလည်း ရှေ့ကျွမ်း နောက်ကျွမ်းတွေ ထိုးကြ
ဆန်ပြောင်းက အာဖရိကဖုံကိုနှက်လိုက်တော့
အားလုံး မြိုင်သွားပြီး ကကြပြန်ပြီ
ဗုံသံကလည်း မရပ်မနားကို တီးလို့
အားလုံးကလည်း မရပ်မနားကို ကကြလို့
ပျော်စရာကြီးပါ
အခန်းကျယ်ကြီးထဲမှာ
ကဗျာဆရာတွေချည်းပဲ
ကဗျာဆရာ မဟုတ်တာ တစ်ယောက်မှ မရှိဘူး
ဟေး ..
ကဗျာဆရာတွေက
ကမ္ဘာကြီးကို မျက်ခြည်မပျက် စောင့်ကြည့်နေတာ
ပြီးရင် ကမ္ဘာကြီးကို အင်္ကျီချုပ်ဝတ်မယ်
တစ်ယောက်တစ်ခွန်းစီ အော်ဟစ်ကြ
အားလုံးလည်း မူးကုန်ကြပေါ့
ဒါပေမယ့်
တစ်ယောက်မှ သတိမလစ်ကြပါဘူး
ဟော .. နောက်ဆုံး ဝင်လာ ရောက်လာတာက
ရော်ဗင်ဟု ခေါ် သိန်းဇက်
သူ့မျက်နှာက လင်းတနဲ့တူတယ်
သူ့ကဗျာကလည်း လင်းတရဲ့ အတ္ထုပ္ပတ္တိတဲ့။

(၁၃)
ဒီကောင်ကြီးဝင်မူး
အာဖရိကဖုံသံနဲ့ကခုန်
အော်ချင်တာတွေ အော်ဟစ်
ခဏနေတော့ ဖုံသံရပ်သွား
အဲဒီမှာ အောင်ချိမ့်အသံကြီးထွက်လာ
‘ဟော့ .. ကဗျာဆရာဆိုတာ ငါတစ်ယောက်တည်းပဲ ရှိရမယ်’
အောင်ချိမ့်ကြီးက ကဗျာဆရာတွေကို သေနတ်နဲ့ပစ်ချလိုက်တော့
အားလုံး
အိုက်တင်အမျိုးမျိုးနဲ့ လဲကျသွားကြ
(သူပစ်တာက ရေသေနတ်နဲ့ ပစ်တာ)
ခဏနေတော့ အားလုံး တဟားဟားရယ်ပြီး ထလာကြ
ကဗျာဆရာဆိုတာ ဘယ်တော့မှ မသေဘူး
သိထား ..
မသေဆေးမြစ်ရှိတယ်
မရပ်နားတဲ့ မြစ်တွေ့ရှိတယ်
အဲဒီလိုနဲ့
အခန်းကျယ်ကြီးထဲက ထွက်ဖို့ပြင်တော့
အခန်းကြီးဟာ ပဒုမ္မာကြာဖက်ကြီးလို
အလိုလိုပွင့်ကျသွား
သူတို့အားလုံးမှာ
ကမ္ဘာသစ်ဝတ်စုံတွေ ဝတ်ပြီးဖြစ်နေတာ
အံ့ဩဖွယ် တွေ့ရှိလိုက်ရတယ်။

မောင်ချောနွယ်
၁၃ ဇွန် ၂၀၀၁

## ပြီးပါပြီ

အရက်နဲ့စီးကရက်ကို ကြိုက်တယ်
ညီမလေးမမြင့်ကို ချစ်တယ်
အလင်းရောင်ကို မြတ်နိုးတယ်
ကဗျာနဲ့ သစ္စာထားတယ်
အဆုံးအရှုံးများအတွက် ဝမ်းမနည်းဘူး
မကြောက်ခဲ့ဘူး
နောင်တမရဘူး
ခရီးကြမ်း ဘဝကြမ်းတွေကို ကြင်နာတယ်
လဲပြိုနေသူတွေကို စာနာတယ်
ဒဏ်ရာနဲ့ရက်များကို လိုက်လှဲစွာ တွေ့ဆုံတယ်
ယုံကြည်ချက်ရှိတဲ့ ခြေလှမ်းတွေကို ရင်ခုန်တယ်
အမှားတွေနဲ့ သောက်စားမူးယစ်တယ်
ငါးမျှားချိတ်တွေက အစာကို ငါမဟတ်ဘူး
ငါ့ဘဝ ငါးစာကိုသာ ငါဟတ်ခဲ့တယ် ။ ။

မောင်ချော‌နွယ်

## ကျေးဇူးမှတ်တမ်း

မောင်ချောနွယ်ကဗျာတွေ အပေါ် ခရေဇီဖြစ်တဲ့ ကျွန်တော်ဟာ အင်တာနက် ပေါ်မှာ တွေ့သမျှ မောင်ချောနွယ်ကဗျာတွေကို လိုက်လံ ရှာဖွေရင်း၊ တော်တော်များများ စုဆောင်းမိလာတော့ တခြား မောင်ချောနွယ်ရဲ့ ကဗျာပရိသတ်တွေကို ထုပ်ထုပ် ထည်ထည် ပြန်ပြီးဝေငှပေးချင်လို့၊ မောင်ချောနွယ်ကဗျာ ပြပွဲလေးတခုကို မြန်မာကျူးပစ်ဖိုရမ် ပေါ်မှာ ခင်းကျင်းဖြစ်ပါတယ်။ အဲဒီ အားထုတ် မှုလေးရဲ့ ရလဒ် ကတော့ ဒီစာအုပ်လေးပါပဲ။

ဒီထဲမှာပါတဲ့ ကဗျာတွေကို မူလဖော်ပြပေးခဲ့ကြသော မဂ္ဂဇင်းများ၊ ပြန်လည်ဖော်ပြပေးခဲ့သော လမ်းအိုလေး မော်ဒန်ကဗျာ ဝက်ဘ်ဆိုက်၊ ဒေါက်တာလွဏ်းဆွေ ဘလော့ခ်၊ နေးတစ် မြန်မာဖိုရမ်၊ ပဒုမ္မာဖိုရမ်၊ ဝိုင်အေအမ်စီဖိုရမ်၊ မြန်မာကျူးပစ်ဖိုရမ်တို့မှ မောင်ချောနွယ် fan အားလုံးကို အထူး ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

မောင်ချောနွယ် ကဗျာများနှင့် လိုက်ဖက်ညီလှလို့ ခွင့်မတောင်းဘဲ ယူသုံးမိတဲ့ ပန်းချီကားများအတွက် 'မှတ်သုန်' ကို ကျေးဇူးပါ။

လေးစားစွာဖြင့်

**မောင်ပို**
မြန်မာကျူးပစ်ဖိုရမ်



## မောင်ချောနွယ် (၁၉၄၉ – ၂၀၀၂)

၁၉၄၉ – ခုနှစ်မှာ
ဟောသည့် ကမ္ဘာလောကကြီးကို
ဖွဲ့ဆို ဖတ်ကြားဖို့
အမေ့သားအိမ်ကနေ
ကမ္ဘာ့သားအိမ်ကြီးထဲ ရောက်ခဲ့တယ်။